# မာတိကာ

စာမျက်နှာ


| | |
|---|---|
| ဥယျောဇဉ် | ၁ |
| နောက်ခံသမိုင်းနှင့်ဖွဲ့စည်းခြင်း | ၅ |
| ၂၀၁၈ – ၂၀၁၉ ခုနှစ် ဗဟိုအလုပ်အမှုဆောင်များ | ၆ |
| ၂၀၁၈ – ၂၀၁၉ အသင်းသားစုံညီအစည်းအဝေးကျင်းပခြင်း | ၁၀ |
| The Mandalay International Trade Fair & Busienss Forum 2019 | ၁၄ |
| အစည်းအဝေးများကျင်းပပြုလုပ်ခြင်း | ၁၈ |
| ညီနောင်အသင်းရေးရာကိစ္စရပ်များ ဆောက်ရွက်ထားမှု ဆောင်ရွက်မှုမှတ်တမ်း | ၁၉ |
| လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းကော်မတီ | ၂၂ |
| သတင်းနှင့်ပြန်ကြားရေးဆိုင်ရာလုပ်ငန်းကော်မတီ | ၂၇ |
| အသင်းသားဆိုင်ရာလုပ်ငန်းကော်မတီ | ၃၁ |
| ဥပဒေဆိုင်ရာလုပ်ငန်းကော်မတီ | ၃၆ |
| နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီ | ၃၉ |
| စီးပွားရေးနှင့်သုတေသနလုပ်ငန်းကော်မတီ | ၄၆ |
| ဆောက်လုပ်ရေးနှင့်မွမ်းမံထိန်းသိမ်းရေးလုပ်ငန်းကော်မတီ | ၅၂ |
| အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာလုပ်ငန်းကော်မတီ | ၅၆ |
| ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာလုပ်ငန်ကော်မတီ | ၆၂ |
| ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းကော်မတီ | ၆၇ |
| ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းကော်မတီ | ၇၂ |
| ငွေစာရင်းရှင်းတမ်း | ၇၇ |
| MRCCI ၏ ဘာသာရေး၊ လူမှုရေးဆောင်ရွက်ချက်မှတ်တမ်း | ၉၆ |
| ရှေ့လုပ်ငန်းစဉ်များ | ၉၈ |
| နိဂုံး | ၁၀၀ |

# ဥယျာဇဉ်



အသင်းသူအသင်းသားများခင်ဗျား

အားလုံးကိုယ်စိတ်နှစ်ဖြာရွှင်လန်းချမ်းမြေ့လျက် မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သရင်း နှုတ်ခွန်းဆက်သ အပ်ပါသည်။

မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့်စက်မှု လက်မှုလုပ်ငန်းရှင်များအသင်းသည် ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းရှင်များကို ကိုယ်စားပြုသော အမြတ်အစွန်း ရယူခြင်းမရှိသည့် စီးပွားရေးအဖွဲ့အစည်းဖြစ်သည်နှင့်အညီ နိုင်ငံတော်ပြည်သူများနှင့် တိုင်းဒေသကြီး အတွင်းရှိ အသင်းဝင်ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များ၏ အကျိုး စီးပွားများကို ဖွံ့ဖြိုးတိုးတက်အောင် ဦးဆောင်ကြိုးပမ်း ဆောင်ရွက် ပေးလျက် ရှိပါသည်။

MRCCIအသင်းကြီးမှ ပေးသော ဝန်ဆောင်မှုများမှာ စီးပွားရေးဆိုင်ရာ အခွင့် အလမ်းများ အသိပညာများနှင့် ဒေသတွင်း အလုပ်အကိုင်ရရှိရေးအတွက် ကျွမ်းကျင်မှု အတတ်ပညာများ ဖွင့်လှစ်ပို့ချခြင်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အထောက်အပံ့ ပေးမှုများ၊ ဘဏ္ဍာရေး ဆိုင်ရာလုပ်ငန်း စသည်တို့တွင် သတင်းအချက်အလက်များ ဖြန့်ဝေပေးခြင်း ပြည်တွင်းပြည်ပစီးပွားရေး လုပ်ငန်းရှင်များ တွေ့ဆုံပွဲများ စီစဉ်ပေးခြင်း၊ စီးပွားရေးနှင့် ပတ်သက်သော အငြင်းပွားမှု ဆိုင်ရာကိစ္စရပ်များကို တိုင်းဒေသကြီးအစိုးရ ကိုယ်စားစိစစ် ဖြေရှင်းပေးခြင်း၊ ပြည်တွင်းပြည်ပ စီးပွားရေးဆိုင်ရာပြပွဲများ၊ လူစွမ်းအားအရင်း အမြစ်ဖွံ့ ဖြိုးတိုးတက်ရေးအတွက် MRCCI Monthly Talkအနေဖြင့် စီးပွားရေး အခမဲ့ ဟောပြောပွဲများကျင်းပခြင်း၊ အထူးသဖြင့် ပုဂ္ဂလိကစီးပွားရေးဖွံ့ဖြိုးရေးအတွက် အဓိကကျသော အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်လာစေရန် ငွေကြေးအရင်းအနှီးများရရှိရေး၊ နည်းပညာရရှိရေး၊ ဈေးကွက် ရရှိရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အတတ်ပညာများရရှိရေးကို အသင်းကြီးမှ အင်တိုက် အားတိုက်ဆောင်ရွက်ပေးလျက်ရှိပါသည်။

MRCCIအသင်းကြီးအနေဖြင့် နိုင်ငံတော်၏ စီးပွားရေးမူဝါဒ (၁၂)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်သည့် လုပ်ငန်းစဉ်များတွင်ပြည်ထောင်စု အစိုးရအဖွဲ့၊ တိုင်းဒေသကြီးအစိုးရ၊ ပြည်နယ်အစိုးရ အဖွဲ့များနှင့် ပြည်နယ်တိုင်း ကုန်သည်စက်မှုအသင်းများ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များအကြား ဆက်သွယ်

ရပ်တည်ဆောင်ရွက်လျက်ရှိပါသည်။ ပုဂ္ဂလိကစီးပွားရေး ဖွံ့ဖြိုး တိုးတက်မှု လျင်မြန်အားကောင်းလာစေရန် ရည်ရွယ်၍ နိုင်ငံတော်ဒုတိယသမ္မတ (၁) ဦးဆောင်သော ပြည်ထောင်စုဝန်ကြီးများပါဝင်သည့် ပုဂ္ဂလိကဖွံ့ဖြိုး တိုးတက်ရေးကော်မတီသို့ ဆက်သွယ်၍ နိုင်ငံတော်ဒုတိယသမ္မတ(၁)မှ အထက် မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ၊ ညီနောင်အသင်းများနှင့် တွေ့ဆုံ၍ အစိုးရပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှု၊ (Public Private Partnership) လုပ်ငန်းများ အရှိန်အဟုန်မြင့် ဆောင်ရွက်နိုင်ရေးအတွက် ပုံမှန် တွေ့ဆုံပွဲ ကျင်းပသွားရန် စီစဉ်ဆောင်ရွက်နိုင်ခဲ့ပါသည်။

ယခုလောလောဆယ် ကျွန်တော်တို့အသင်းကြီးအနေနဲ့ နိုင်ငံတကာ ဈေးကွက်များနှင့် ချိတ်ဆက် ရာတွင်လည်ကောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ရာတွင်လည်းကောင်း အမျိုးသားအကျိုးစီးပွားအလို့ငှာ ရေရှည် တည်တံ့သော ဖွံ့ဖြိုးမှုဖြစ်ပေါ်စေရေးနှင့် ပြည်တွင်းအသေးစား၊ အလတ်စား လုပ်ငန်းများ ပိုမိုကြံ့ခိုင်လာစေရန်နှင့် စီးပွားရေးကဏ္ဍတွင် ဆန်းသစ်တီထွင် ကြံဆခြင်းနှင့် ဖန်တီးခြင်းတို့ကို လူငယ်လုပ်ငန်းရှင်များကို ဦးတည်ဆောင်ရွက်သွားရန် နိုင်ငံတော်အစိုးရအား ပြည်တွင်းအသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအား ပံ့ပိုးကူညီပေးရေး၊ ညီနောင်အသင်းများအား သက်ဆိုင်ရာ ပြည်နယ်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပိုမိုနီးကပ်စွာ ချိတ်ဆက်လုပ်ကိုင်စေပြီး ယုံကြည်မှုတည်ဆောက်သွားရန်တို့ကို ဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။

ကျွန်တော်အနေနဲ့ ဒီနေရာကနေ အသင်းသားတွေကို အမျိုးသားပို့ကုန်မဟာဗျူဟာ (NES)နှင့်ပတ်သက်ပြီး Message ပေးလိုပါတယ်။အမျိုးသားပို့ကုန်မဟာဗျူဟာဆိုတာ ၂၀၂၀-၂၀၂၅ခုနှစ်အတွင်း မြန်မာနိုင်ငံသားများအတွက် အလုပ်အကိုင်များနှင့် အခွင့်အလမ်းသစ်များ ဖန်တီးပေးနိုင်ရေးအတွက် အစိုးရဌာနဆိုင်ရာအဖွဲ့အစည်းများနဲ့ ပုဂ္ဂလိက ကဏ္ဍတို့ အတူတကွ ပူးပေါင်းလုပ်ဆောင်နိုင်တဲ့အခွင့်အရေးတစ်ခုဖြစ်ပါတယ်။ ကမ္ဘာတစ်ဝန်းလုံးမှ အခုအချိန်မှာ အာရှတိုက်အပေါ် အာရုံစိုက်လာခြင်းဟာလည်း မြန်မာနိုင်ငံအတွက် အခွင့်အရေးသစ်တွေနဲ့ စိန်ခေါ်မှုတွေကို ဖြစ်ပေါ်လာ စေပါတယ်။ (NES)ကို အကောင်အထည်ဖော်ခြင်းအားဖြင့်မြန်မာနိုင်ငံမှ ကမ္ဘာ့ကြီး၏ တန်ဖိုးမြှင့်တင်မှု ကွင်းဆက်တွင် ပါဝင်နိုင်ရန် နည်းလမ်းအဖြေများ ဖော်ထုတ်နိုင်မှာဖြစ်ပြီး ၂၀၂၀-၂၀၂၅ခုနှစ် အမျိုးသားပို့ကုန်မဟာဗျူဟာရဲ့ ဦးစားပေး ကဏ္ဍတွေမှာလယ်ယာထွက်ကုန်ပစ္စည်းအခြေခံစားသောက်ကုန်ထုတ်လုပ်ခြင်းကဏ္ဍ၊အထည်အလိပ်နှင့်အဝတ်အထည် ကဏ္ဍ၊ စက်မှုနှင့်လျှပ်စစ်ပစ္စည်းကဏ္ဍ၊ ရေထွက်ကုန်လုပ်ငန်းကဏ္ဍ၊ သစ်တောထွက်ပစ္စည်းကဏ္ဍ၊ ဒီဂျစ်တယ်ထုတ်ကုန် များနှင့် ဝန်ဆောင်မှု ကဏ္ဍ၊ ထောက်ပံ့ပို့ဆောင်ရေးဝန်ဆောင်မှုကဏ္ဍ၊ အရည်အသွေးစီမံခန့်ခွဲမှုကဏ္ဍ၊ တီထွင်ဆန်းသစ်မှု နှင့် စွန့်ဦးတီထွင်ဆောင်ရွက်ခြင်းကဏ္ဍ စသည်တို့ဖြစ်ပြီး အဓိကရည်ရွယ်ချက်မှာ တန်ဖိုးမြှင့်ကုန်ပစ္စည်း ထုတ်လုပ် ရောင်းချခြင်းများ ဈေးကွက်တွင် ပိုမိုနေရာရစေပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဝန်ဆောင်မှုများ ပါဝင်သည့် တင်ပို့ကုန် အမျိုးအစား အမျိုးမျိုးကို ဖြစ်ပေါ်စေရေး ဖြစ်ပါသည်။ ကျွန်တော်တို့ မန္တလေးတိုင်းဒေသကြီးအနေနဲ့ (NES)ရဲ့ ဦးစားပေး ကဏ္ဍတွေအနက် လယ်ယာစိုက်ပျိုးရေးကို အခြေခံတဲ့ စိုက်ပျိုးထုတ်ကုန်လုပ်ငန်းတွေ ဝန်ဆောင်မှုလုပ်ငန်းတွေ ကုန်သွယ်မှု လုပ်ငန်းတွေမှာ အားကောင်းတဲ့အခြေအနေမှာ ရှိနေပြီးဖြစ်တဲ့အတွက် အသင်းသူ/အသင်းသားများအနေနဲ့ မိမိတို့ တိုင်းဒေသကြီးမှ တင်ပို့ကုန်အမျိုးမျိုးဖြစ်ပေါ်လာစေရေးကို ပါဝင်ဆောင်ရွက်ကြစေလိုပါတယ်။

ကျွန်တော်တို့ဟာ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ကမ္ဘာ့ အလယ်မှာ မြန်မာဟေ့ဟု တင့်တင့်တယ်တယ်ရပ်တည်နိုင်ဖို့အတွက် မြန်မာနိုင်ငံရဲ့ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်သော စီမံကိန်း(MyanmarSustainableDevelopmentPlan-MSDP)ပါအတိုင်းအမှုဆောင်များအားလုံးတက်ကြွစွာဆောင်ရွက်လျက် ရှိပါသည်။ ၂၀၁၉-၂၀၂၀ခုနှစ်အတွင်း အသင်းကြီးရဲ့ ဆောင်ရွက်မှုတွေဟာ ရာနှုန်းပြည့် အောင်မြင်တယ်လို့ မဆိုနိုင်သော်လည်းအများအားဖြင့် အောင်မြင်မှုရာနှုန်းမြင့်မားစေခဲ့တာဟာ လက်တွေ့သာဓက တစ်ခုဖြစ်ပါတယ်။ဒါ့အပြင် အသင်းကြီးရဲ့လုပ်ငန်းဆောင်တာတွေကို ကျယ်ပြန့်စွာဆောင်ရွက်နိုင်ရေး၊ညီနောင်အသင်းများ၊အခြားအသင်းအဖွဲ့များနှင့် တနေရာတည်းတွင် စုစည်းစေပြီး ပူးပေါင်းဆောင်ရွက်နိုင်မှုလွယ်ကူစေရေးကို ရည်ရွယ်၍ MRCCI အသင်းပိုင် မြေနေရာရရှိရေးအတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနပိုင် မန္တလေးမြို့ အောင်နန်းရိပ်သာအမှတ် အကွက်အမှတ်(၅၄၉)၊ ဂရမ်မြေအမျိုးအစား (၀.၅၇)ဧကအား တိုင်းဒေသကြီး အစိုးရအဖွဲ့ထံသို့ လျှောက်ထားခဲ့ပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်မှုခံယူဆောင်ရွက်ခဲ့ရာလက်ရှိ

အချိန်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြေနေရာအားစွန့်လွှတ်ကြောင်းနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ထံသို့ ပြန်လည်ပေးအပ်ပြီးကြောင်း ပေးပို့လာသည့်အတွက် မြေနေရာရရှိရေးအတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ဆက်လက်၍ ဆက်သွယ်ဆောင်ရွက်သွားရန် ရှိပါသည်။ အထက်ပါ မြေကွက်ရရှိပါက အဆောက်အဦတစ်ခုတည်းတွင် ညီနောင်အသင်းများအားလုံးကို စုစည်းနိုင်ခြင်း၊ MRCCI၏ Activitiesများကို ယခုထက်ပိုမိုဆောင်ရွက်လာနိုင်ခြင်းကို ဖြစ်ပေါ်စေမှာ ဖြစ်ပါတယ်။ ရှေ့ဆက်ပြီးလည်း ဒီလို အောင်မြင်မှုတွေကို ရရှိဖို့အတွက် ကျွန်တော်တို့အသင်းသားများအားလုံးဟာ 21st Century Skillsများဖြစ်တဲ့ ပူးပေါင်းဆောင်ရွက်ခြင်း၊ ဆက်သွယ် ပြောဆိုခြင်း၊ လေးနက်စွာ ဆန်းစစ်ဝေဖန်ခြင်းနှင့် ပြဿနာဖြေရှင်းခြင်း၊ တီထွင်ဖန်တီးခြင်း၊ နိုင်ငံချစ်စိတ်မျိုးချစ်စိတ်ရှိတဲ့နိုင်ငံသားကောင်းဖြစ်ခြင်းတို့ လိုအပ်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် အသင်းသားများအနေနဲ့ မိမိတို့ရဲ့အကျိုးစီးပွား၊ အသင်းကြီးရဲ့အကျိုးစီးပွားအတွက်မနားမနေကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုပါတယ်။ စီးပွားရေးအသိုက်အဝန်းမှာ မိမိတို့ချည်းပဲ အခက်အခဲတွေနဲ့ ရင်ဆိုင်နေရတာ မဟုတ်ဘဲ လူတိုင်းနီးပါးဟာ အခက်အခဲတွေကို အနည်းနဲ့အများ ရင်ဆိုင်ဖြေရှင်း နေကြရတာကို သိရှိပြီး ဖြစ်ပါလိမ့်မယ်။ ဒါကြောင့်မို့ ကျွန်တော်တို့အသင်းသားတွေအနေနဲ့ အလုပ်တစ်ခု လုပ်ချိန်မှာ စိတ်ဓာတ်ခိုင်မာဖို့နဲ့ အဆင်မပြေမှုတွေကို ကျော်ဖြတ်သွားနိုင်ဖို့ လိပ်ပြာတစ်ကောင်လို ကျင့်ကြံဖို့လိုအပ်ပါတယ်။ သူဟာလိပ်ပြာဘဝကို ခက်ခက်ခဲခဲ မရမနေ ပိုးအိမ်ထဲကနေ တိုးထွက်မှသာ လှပတဲ့ လိပ်ပြာဘဝကို ရောက်ရှိရှင်သန်နိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံးဟာလည်း အခက်အခဲတွေကို ရဲရဲဝံ့ဝံ့ ဖွဲ့ရှိရှိ ရင်ဆိုင်ရင်း လောကကြီးအလယ်မှာ တင့်တင့်တယ်တယ်ရပ်တည်သွားနိုင်ဖို့ ကြိုးစားဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ နာမကျန်းဖြစ်နေတဲ့မြန်မာ့စီးပွားရေး နယ်ပယ်မှာရှိတဲ့ မြန်မာ့စီးပွားရေး လုပ်ငန်းငယ်များသည် ယှဉ်ပြိုင်မှု ကမ္ဘာထဲတွင် ပြိုင်ဆိုင်ရင်း လဲကျသွားပါစေ မြန်မြန်ပြန်ထပြီး အောင်မြင်ဖို့အတွက် ဆက်လက် ဆောင်ရွက်ကြရမှာပဲဖြစ်ပါတယ်။ ဒီလို စိတ်ဓာတ်အခြေအနေများနဲ့ဆိုရင် နိုင်ငံတော်က ချမှတ်ထားတဲ့ ရေရှည်တည်တံ့ ခိုင်မြဲပြီး ဟန်ချက်ညီသော စီမံကိန်းမှာ အောင်မြင်အောင် ဆောင်ရွက်သွားနိုင်ဖို့ မလွဲဧကန်ဖြစ်ပါတယ်။

နိုင်ငံတော်နှင့် ပုဂ္ဂလိကစီးပွားရေးများ စဉ်ဆက်မပြတ်တိုးတက်အောင်မြင် စေရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ UMFCCI၊ ပြည်နယ်တိုင်း CCI အသင်းများ၊ ညီနောင်အသင်းများ၊အသင်းသူ အသင်းများမှ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးမှုများကို လှိုက်လှဲစွာ လက်ကမ်းကြိုဆိုပါတယ်မိမိဦးဆောင်သော အမှုဆောင်အဖွဲ့များအနေနဲ့လည်း ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ယခုထက်ပိုမိုတိုးတက် အောင်မြင်သောအသင်းကြီး ဖြစ်လာစေရေးကို ဦးတည်ကြိုးပမ်း ဆောင်ရွက်သွားကြမှာ ဖြစ်ပါတယ်။

အနာဂတ်မှာ ငြိမ်းချမ်းသာယာပြီး ချမ်းသာကြွယ်ဝသော နိုင်ငံသားများအဖြစ် ရပ်တည် ရှင်သန်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နိဂုံးချုပ်အပ်ပါသည်။

ကျော်မင်း

ဥက္ကဋ္ဌ

# နောက်ခံသမိုင်းနှင့်ဖွဲ့စည်းခြင်း

မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း MRCCIကို ၁၉၉၁ခုနှစ်၊ ဇွန်လ (၂၆)ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပါသည်။ ၁၉၉၈ခုနှစ်၊ ဒီဇင်ဘာလ (၄)ရက်နေ့တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးရုံး၏ စာအမှတ်၊ ၃၇ ယ ၉၈ (၆) ၏ အမိန့်ကြော်ငြာစာအမှတ် (၆/၉၈)ဖြင့် ဗဟိုအလုပ် အမှုဆောင်(၉)ဦး၊ အလုပ်အမှုဆောင်(၁၀)ဦးတို့ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ရာ ယခုကာလ အချိန်တွင် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် အမှုဆောင်အဖွဲ့ကို ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ (၁၉)ရက်နေ့တွင် အသင်းသားစုံညီအစည်းအဝေးမှ ဗဟိုအလုပ်အမှုဆောင်(၄၁)ဦး၊ အလုပ်အမှုဆောင်(၅၈)ဦး ရွေးချယ်တာဝန် ပေးအပ်ခဲ့ပါသည်။ ဂုဏ်ထူးဆောင်နာယက(၂)ဦး၊ နာယက(၄)ဦးတို့ကို ဗဟိုအလုပ်အမှုဆောင် အစည်းအဝေးများဖြင့် ရွေးချယ်တင်မြှောက်ခဲ့ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းကြီး၏ ဆောင်ရွက်ရန်ရည်မှန်းချက်များကို အောင်မြင်စွာ အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရေးအတွက် စီမံခန့်ခွဲရေးကော်မတီ နှင့်လုပ်ငန်းကော်မတီ (၁၁) ခုဖွဲ့စည်း ခဲ့ပါသည်။ လုပ်ငန်းဆောင်ရွက်မှုများထိရောက်မြန်ဆန်စေရေးအတွက် ပညာရေး ကော်မတီ(၁)ခုကို တိုးချဲ့ဖွဲ့စည်းထားခဲ့ပါသည်။

၂၀၁၇ခုနှစ်၊ ဒီဇင်ဘာလ (၃၁)ရက်နေ့တွင် ညီနောင်အသင်း (၃၆) သင်းရှိခဲ့ရာမှ ၂၀၁၉ခုနှစ်၊ ဒီဇင်ဘာလ (၃၁)ရက်နေ့တွင် (၃၉)သင်းရှိသဖြင့် ညီနောင်အသင်း (၃) သင်းကို တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့ပါသည်။

MRCCIကို ဖွဲ့စည်းတည်ထောင်ထားခြင်းသည် အမြတ်ခွဲဝေမှု မပြုသော အသင်း(Non Profit Organization)ဖြစ်ပါသည်။ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များကို ဦးဆောင်ဦးရွက်ပြုနေသည့် အသင်းအဖွဲ့ဖြစ်ပါသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီးတွင် အာဆီယံနိုင်ငံများနှင့် အိန္ဒိယ၊ တရုတ် နိုင်ငံတို့အကြား မဟာဗျူဟာမြောက် တည်ရှိနေမှုအပေါ် အခွင့်အလမ်းကောင်းများ ဖြစ်ပေါ်လာမှုအား ရယူနိုင်ဖို့ နိုင်ငံတော်အစိုးရက ကြိုးပမ်းနေသလို ကျွန်တော်တို့ မန္တလေးတိုင်းဒေသကြီးဟာလည်း အာဆီယံ၊ အိန္ဒိယ၊ တရုတ်တို့၏ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ကိစ္စများကို ပေါင်းကူးတံတားသဖွယ် ဆောင်ရွက် နေခြင်း ဖြစ်ပါသည်။

# မန္တလေးတိုင်းဒေသကြီး၊ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်အများအသင်း ၂၀၁၈ – ၂၀၁၉ ခုနှစ် ဗဟိုအလုပ်အမှုဆောင်များ

| စဉ် | အမည် | တာဝန် | ကုမ္ပဏီ |
|---|---|---|---|
| ၁။ | ဦးကျော်မင်း | ဥက္ကဋ္ဌ | စိန်နှင့်မြေမွေ့ရာ ကုမ္ပဏီလီမိတက် |
| ၂။ | ဦးအောင်ဆန်းဝင်း | ဒု-ဥက္ကဋ္ဌ (၁) | အောင်သမာဓိ စိန်ရွှေသန့်စင်လုပ်ငန်း |
| ၃။ | ဦးမျိုးကျော်ဝင်း | ဒု-ဥက္ကဋ္ဌ (၂) | Newcherry Trading Co.,ltd |
| ၄။ | ဒေါ်ခင်လေးမြင့် | ဒု-ဥက္ကဋ္ဌ (၃) | သဇင်ပန်းဟိုတယ် |
| ၅။ | ဦးမြတ်ထွန်း | ဒု-ဥက္ကဋ္ဌ (၄) | စံပြမွေးမြူရေးနှင့် အစားအစာထုတ်လုပ်ရေး |
| ၆။ | ဦးမိုးကျော်ကျော် | ဒု-ဥက္ကဋ္ဌ (၅) | ထွန်းကားဆောက်လုပ်ရေး |
| ၇။ | ဦးဥက္ကာကျော် | အထွေထွေအတွင်းရေးမှူး | **GAT Co.,Ltd** |
| ၈။ | ဦးသက်ထွန်းလင်း | တွဲဖက်အတွင်းရေးမှူး (၁) | ရွှေအရသာ ပဲဆီသန့်လုပ်ငန်း |
| ၉။ | ဦးညွန့်ဝေ(ခ)ဦးချွန် | တွဲဖက်အတွင်းရေးမှူး (၂) | ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း |
| ၁၀။ | ဦးသိန်းမြင့် | တွဲဖက်အတွင်းရေးမှူး (၃) | အရှီးတောင်း လက်ဖက်နှင့် ပဲခွဲစက် |
| ၁၁။ | ဒေါ်ချိုချို | တွဲဖက်အတွင်းရေးမှူး (၄) | Favourite Focus Co.,ltd |
| ၁၂။ | ဦးစိုးသိန်း | ဘဏ္ဍာရေးမှူး | စားသုံးဆီ လက်ကားရောင်းဝယ်ရေး |
| ၁၃။ | ဦးမောင်မောင်ကြီး | တွဲဖက်ဘဏ္ဍာရေးမှူး | Trading & Supplying Rice |
| ၁၄။ | ဒေါ်လွင်လွင်မာ | စာရင်းစစ် | ရွှေမြင့်မိုရ် စိန်ရတနာဆိုင် |
| ၁၅။ | ဒေါ်နီနီထွန်း | တွဲဖက်စာရင်းစစ် (၁) | Favourite Focus Co.,ltd |
| ၁၆။ | ဦးညီညီချစ် | တွဲဖက်စာရင်းစစ် (၂) | ဥပဒေအရာရှိ |

## အသင်း၏ ဗဟိုအအလုပ်အမှုဆောင်များ

| စဉ် | အမည် | တာဝန် | ကုမ္ပဏီ/အဖွဲ့အစည်းတာဝန်၊ အမည် |
|---|---|---|---|
| ၁၇။ | ဦးအောင်လွင်အေး | ဗဟိုအလုပ်အမှုဆောင် | CEO, စိန်စံပယ်ဖူးစိန်ရတနာဆိုင် |
| ၁၈။ | ဒေါ်ရင်ရွှင် | ဗဟိုအလုပ်အမှုဆောင် | New Star ကျောက်မြတ်ရတနာဆိုင် |
| ၁၉။ | ဦးနေလင်း | ဗဟိုအလုပ်အမှုဆောင် | Logistic, Trading, Cosmetic |
| ၂၀။ | ဒေါ်သီတာရွှေ | ဗဟိုအလုပ်အမှုဆောင် | စိမ်းမိုး ကျောက်မြတ်ရတနာဆိုင် |
| ၂၁။ | ဒေါ်နီနီအောင် | ဗဟိုအလုပ်အမှုဆောင် | Logistic, Trading |
| ၂၂။ | ဦးဖြိုးဝေအောင် | ဗဟိုအလုပ်အမှုဆောင် | CEO, Smart စိန်ရတနာဆိုင် |
| ၂၃။ | ဒေါ်အေးအေးအောင် | ဗဟိုအလုပ်အမှုဆောင် | MD, အောင်တော်မူ (Goldsmith) |
| ၂၄။ | ဦးကျော်သွင် | ဗဟိုအလုပ်အမှုဆောင် | ရွှေဆင်သိန်းကုန်သွယ်ရေး |
| ၂၅။ | ဦးခင်မောင်လှ | ဗဟိုအလုပ်အမှုဆောင် | ဇလက်ဝါဘီစကစ် |
| ၂၆။ | ဦးထွန်းထွန်းစိုး | ဗဟိုအလုပ်အမှုဆောင် | MD, ရတနာမိုးမန္တလေးကုမ္ပဏီ |
| ၂၇။ | ဒေါ်မြင့်မြင့်သန်း | ဗဟိုအလုပ်အမှုဆောင် | MD, ချည်မျှင်နှင့်ပိုးထည်လုပ်ငန်း |
| ၂၈။ | ဒေါက်တာညီညီဆွေ | ဗဟိုအလုပ်အမှုဆောင် | Director, Real Net Co.,ltd |
| ၂၉။ | ဦးတင်အောင်မိုး | ဗဟိုအလုပ်အမှုဆောင် | မြင့်မာဆန်းကုမ္ပဏီ |
| ၃၀။ | ဦးလင်းဝင်းကောင်း | ဗဟိုအလုပ်အမှုဆောင် | လင်းလျှပ်စစ် |
| ၃၁။ | ဒေါ်မေမိုးဦး | ဗဟိုအလုပ်အမှုဆောင် | မိုးမိုး ရတနာကုန်သွယ်ရေး |
| ၃၂။ | ဦးအေးချမ်းမြတ်သူ | ဗဟိုအလုပ်အမှုဆောင် | အောင်မြတ်သူ နာရီနှင့် လျှပ်စစ်ပစ္စည်းဆိုင် |
| ၃၃။ | ဦးဝင်းဌေး | ဗဟိုအလုပ်အမှုဆောင် | သကြားကုန်သွယ်ရေး |
| ၃၄။ | ဦးကျော်စိုးမိုး | ဗဟိုအလုပ်အမှုဆောင် | MD, KTS Automobile Co.,ltd |
| ၃၅။ | ဦးထွန်းထွန်းအောင် | ဗဟိုအလုပ်အမှုဆောင် | Mandalay Myo Tha Industry Development Public Co.,ltd |
| ၃၆။ | ဦးသန့်ဇင်ဦး | ဗဟိုအလုပ်အမှုဆောင် | Finance, မောက်ခဆောက်လုပ်ရေး |
| ၃၇။ | ဦးထက်မြတ်သူ | ဗဟိုအလုပ်အမှုဆောင် | Global Mycom Computer Technology Co.,ltd |
| ၃၈။ | ဒေါ်သန်းသန်းဆွေ | ဗဟိုအလုပ်အမှုဆောင် | Chairman, Mandalay Region Mango Group |
| ၃၉။ | ဦးရဲမင်းသူ | ဗဟိုအလုပ်အမှုဆောင် | Mandalay Shining Star Co.,ltd |
| ၄၀။ | ဦးစန်းဝင်း | ဗဟိုအလုပ်အမှုဆောင် | မြို့တော် ဘီစကစ် |

## အသင်း၏ အလုပ်အမှုဆောင်များ

| စဉ် | အမည် | တာဝန် | ကုမ္ပဏီ/အဖွဲ့အစည်းတာဝန်၊ အမည် |
|---|---|---|---|
| ၁။ | ဦးကျော်ဝင်း | အလုပ်အမှုဆောင် | MD, မန်းမြေရာဇာ ကုမ္ပဏီ |
| ၂။ | ဦးဌေးလွင် | အလုပ်အမှုဆောင် | ဆန်ကုန်သွယ်ရေး |
| ၃။ | ဦးဝင်းမြင့်အောင် | အလုပ်အမှုဆောင် | ပန်းသဇင်ကုန်သွယ်ရေး |
| ၄။ | ဒေါ်ငုဝါမောင် | အလုပ်အမှုဆောင် | "မြ" ပဲကုန်သွယ်ရေး |
| ၅။ | ဦးတင်မောင် | အလုပ်အမှုဆောင် | MD, တော်ဝင်ထွန်းသစ္စာကုမ္ပဏီ |
| ၆။ | ဒေါက်တာထွန်းဝင်း | အလုပ်အမှုဆောင် | MGPC ဆောက်လုပ်ရေး |
| ၇။ | ဦးစိန်ထွန်း | အလုပ်အမှုဆောင် | Distillery Sugar Mill Trading |
| ၈။ | ဦးအေးကို | အလုပ်အမှုဆောင် | စကုန်သွယ်ရေး |
| ၉။ | ဦးမောင်အေး | အလုပ်အမှုဆောင် | ဇမ္ဗူထွန်း သကာရည်ကုန်သွယ်ရေး |
| ၁၀။ | ဦးထက်မြတ်စိုး | အလုပ်အမှုဆောင် | အောင်သမ္မာဓိရွှေထည်နှင့် |
| ၁၁။ | ဦးထင်ကျော်(ခ)နေလ | အလုပ်အမှုဆောင် | ကုန်သည် |
| ၁၂။ | ဒေါ်သန်းသန်းအေး | အလုပ်အမှုဆောင် | ပြည်မော်သန်း ကုမ္ပဏီ |
| ၁၃။ | ဦးညွန့်ဇော် | အလုပ်အမှုဆောင် | စာရေးကိရိယာပစ္စည်းကုန်သွယ်ရေး |
| ၁၄။ | ဒေါ်မြင့်မြင့်ခင် | အလုပ်အမှုဆောင် | မြင့်မြင့်ခင် မြန်မာ့ ရိုးရာမုန့်လုပ်ငန်း |
| ၁၅။ | ဦးကျော်ထွန်းအောင် | အလုပ်အမှုဆောင် | ရာဇာထွန်းကုမ္ပဏီ |
| ၁၆။ | ဦးကျော်စိုးနိုင် | အလုပ်အမှုဆောင် | စိုက်ပျိုးရေးမန်နေဂျာ |
| ၁၇။ | ဦးသန်းထွန်းဝင်း | အလုပ်အမှုဆောင် | အင်းအိုင်နှင့် မွေးမြူရေးလုပ်ငန်း |
| ၁၈။ | ဦးဇော်ဇော် | အလုပ်အမှုဆောင် | သားသား ( Porridge) |
| ၁၉။ | ဦးမော်မော် | အလုပ်အမှုဆောင် | အောင်သမာဓိစိန်ရွှေရတနာဆိုင် |
| ၂၀။ | ဦးဌေးလွင် | အလုပ်အမှုဆောင် | Mandalay Crown Co-operactive Co.,ltd |
| ၂၁။ | ဒေါ်ကြည်ကြည်လှိုင် | အလုပ်အမှုဆောင် | ဘုန်းမြင့်ရတနာ စိန်ရတနာဆိုင် |
| ၂၂။ | ဦးမြတ်နိုင် | အလုပ်အမှုဆောင် | Bit Com IT Solution & Software Development |
| ၂၃။ | ဒေါ်မိုးသီတာဦး | အလုပ်အမှုဆောင် | ရွှေရည်ချမ်းသာ စိန်ရတနာဆိုင် |
| ၂၄။ | ဒေါ်သူဇာမျိုးမျိုးဝင်း | အလုပ်အမှုဆောင် | ဝင်း ကျောက်စိမ်းနှင့် ကျောက်မြတ်ရတနာဆိုင် |
| ၂၅။ | ဦးမင်းနိုင် | အလုပ်အမှုဆောင် | ဟိုတယ်နှင့် ဆောက်လုပ်ရေး |
| ၂၆။ | ဒေါ်မြင့်မြင့်အေး | အလုပ်အမှုဆောင် | ဘယ်လ်ဂျီယံစတားကျောက်မြတ်ရတနာလုပ်ငန်း |
| ၂၇။ | ဒေါက်တာလင်းဖြိုးအောင် | အလုပ်အမှုဆောင် | Venus Theing Foundry |
| ၂၈။ | ဒေါ်လှပို | အလုပ်အမှုဆောင် | အန်တီပိုး ကျောက်မြတ်ရတနာလုပ်ငန်း |
| ၂၉။ | ဒေါ်မြတ်မြတ်နိုင် | အလုပ်အမှုဆောင် | မင်းဆန်း ကျောက်မြတ်ရတနာလုပ်ငန်း |
| ၃၀။ | ဦးလင်းကိုကိုအောင် | အလုပ်အမှုဆောင် | ပတ္တမြား ကျောက်မြတ်ရတနာလုပ်ငန်း |
| ၃၁။ | ဒေါ်သီတာစမ်း | အလုပ်အမှုဆောင် | တော်ဝင်လက်ကီးဟုမ်း ကုမ္ပဏီ |

## အသင်း၏ အလုပ်အမှုဆောင်များ

| စဉ် | အမည် | တာဝန် | ကုမ္ပဏီ/အဖွဲ့အစည်းတာဝန်၊ အမည် |
|---|---|---|---|
| ၃၂။ | ဦးသိန်းငွေအောင် | အလုပ်အမှုဆောင် | ရွှေဇီးကွက်ကြက်စာကုန်သွယ်ရေး |
| ၃၃။ | ဦးနေဝင်း | အလုပ်အမှုဆောင် | ရောရွှေဝ စက်သုံးဆီ ကုမ္ပဏီ |
| ၃၄။ | ဒေါ်အေးအေးဝင်း | အလုပ်အမှုဆောင် | အောင်မြန်မာ ကျောက်မြတ်ရတနာလုပ်ငန်း |
| ၃၅။ | ဦးကျော်မျိုးဝင်းမြင့် | အလုပ်အမှုဆောင် | Holiday Agriculture Trading |
| ၃၆။ | ဒေါ်ဖြူသင်းမွန် | အလုပ်အမှုဆောင် | သန့်စင် ကျောက်မြတ်ရတနာလုပ်ငန်း |
| ၃၇။ | ဦးကျော်မင်း | အလုပ်အမှုဆောင် | သက်ထားမင်း ဆန်စက်ပိုင် |
| ၃၈။ | ဦးမင်းနိုင်ဆွေ | အလုပ်အမှုဆောင် | မြန်မာရတနာပုံ ကုမ္ပဏီ |
| ၃၉။ | ဒေါက်တာနနစံ | အလုပ်အမှုဆောင် | Director, မြန်မာဒဂုံကုန်သွယ်ရေး |
| ၄၀။ | ဒေါ်ခင်ကြူကြူမြင့် | အလုပ်အမှုဆောင် | G & G ကျောက်မြတ်ရတနာလုပ်ငန်း |
| ၄၁။ | ဦးကျော်စွာထွန်း | အလုပ်အမှုဆောင် | G & G ကျောက်မြတ်ရတနာလုပ်ငန်း |
| ၄၂။ | ဦးခင်မောင်အေး | အလုပ်အမှုဆောင် | I Print Vinyl Printing Mandalay |
| ၄၃။ | ဦးစက်မောင်ဆွေ | အလုပ်အမှုဆောင် | ငှက်ဘုရင် ပဲကြိတ်စက် |
| ၄၄။ | Dr.စန်းထွန်း | အလုပ်အမှုဆောင် | ငါးမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် |
| ၄၅။ | ဦးအောင်(ခ)ထွန်းစန်းအောင် | အလုပ်အမှုဆောင် | Daily Essential Co.,ltd |
| ၄၆။ | ဦးစိုးနိုင် | အလုပ်အမှုဆောင် | ရွှေမန္တဦး သကြားလုပ်ငန်း |
| ၄၇။ | ဦးတင်ထူးလွင် | အလုပ်အမှုဆောင် | Garlic & Onion |
| ၄၈။ | ဒေါ်ချမ်းမြညိမ်း | အလုပ်အမှုဆောင် | စိုက်ပျိုးရေးလုပ်ငန်း |
| ၄၉။ | ဦးကျော်နိုင်စိုး | အလုပ်အမှုဆောင် | ပြည်မဟာကုန်သွယ်ရေး |
| ၅၀။ | ဦးငွေမောင် | အလုပ်အမှုဆောင် | ဘောဂ ပွဲရုံလုပ်ငန်း |
| ၅၁။ | ဦးမျိုးဇော်ဦး | အလုပ်အမှုဆောင် | အောင်သာ ကုန်သွယ်ရေး |
| ၅၂။ | ဦးသန်းလွင် | အလုပ်အမှုဆောင် | အာရှသား ဆီစက်လုပ်ငန်း |
| ၅၃။ | ဦးအောင်ဆွေဟိန်း(ခ)အောင်ဆွေ | အလုပ်အမှုဆောင် | နေသူရိန် ပဲဆီကြိတ်စက်လုပ်ငန်း |
| ၅၄။ | ဦးသိန်းထွန်း(ခ)ထွန်းထွန်း | အလုပ်အမှုဆောင် | မင်္ဂလာ သန်း ဆီစက်လုပ်ငန်း |
| ၅၅။ | ဦးမြအောင် | အလုပ်အမှုဆောင် | ရွှေအိုး အော့ဖ်စက် |
| ၅၆။ | ဦးတင်လှိုင်ဝင်း(ခ)မိုက်ခ် | အလုပ်အမှုဆောင် | MD, အောင်ကောင်းမြတ် မန္တလေးဆန်ကုန်သွယ်ရေး |
| ၅၇။ | Mr.Bran@Sarwan Kumar | အလုပ်အမှုဆောင် | စိန်ရတနာ ကုန်သွယ်ရေး |
| ၅၈။ | ဒေါ်သင်းသင်းနွယ် | အလုပ်အမှုဆောင် | မြန်မာ့ရိုးရာဆေးဝါးထုတ်လုပ်ရေး |

# ၂၀၁၈ – ၂၀၁၉အသင်းသားစုံညီအစည်းအဝေးကျင်းပခြင်း



၂၀၁၈ – ၂၀၁၉ခုနှစ်မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၏ ၂၀၁၈ – ၁၉ သက်တမ်းကာလအတွက် ပထမအကြိမ် အသင်းသားစုံညီအစည်းအဝေးကို "The First Mandalay International Trade Fair & Business Forum 2019"ပွဲ၏ တတိယနေ့တွင် Mandalay Convention Centerတွင် ကျင်းပခဲ့ပြီး အသင်းသူ၊ အသင်းသားများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ (၅၀၀)ခန့် တက်ရောက်ခဲ့ပါသည်။

အသင်းသားစုံညီအစည်းအဝေးတွင် MRCCIအသင်း ဥက္ကဋ္ဌဦးကျော်မင်းမှ အမှာစကားပြောကြားခဲ့ရာ MRCCI အသင်းကြီးအား (၁၉၉၁)ခုနှစ်၊ ဇွန်လ (၂၆)ရက်နေ့မှ စတင်ဖွဲ့စည်းခဲ့ရာ သက်တမ်း (၂၈)နှစ်ပြည့်မြောက်ခဲ့ပြီးဖြစ်ကြောင်း၊ ၂၀၁၇ – ၂၀၂၀ သက်တမ်းကာလအတွက် ဗဟိုအလုပ်အမှုဆောင်(၄၁)ဦး၊ အလုပ်အမှုဆောင်(၅၈)ဦးနှင့်အသင်းသားများအပါအဝင်ကော်မတီ(၁၁)ရပ်ဖွဲ့စည်းခဲ့ပြီးအသင်း၏ရှေ့လုပ်ငန်းစဉ်များကိုတိုးတက်အောင်မြင်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတစ်ခု၏ ဖွံ့ဖြိုးတိုးတက်ဖို့တည်ဆောက်ရာမှာ နိုင်ငံရေးသည် ရှေ့ဆောင်လမ်းပြဖြစ်ပြီး စီးပွားရေးသည်လက်တွေ့လုပ်ငန်းစဉ်ဖြစ်ကြောင်း မိမိတို့ရဲ့ ဦးတည်ချက်၊ ရည်မှန်းချက်အတိုင်း ပြည့်မှီအောင်ဆောင်ရွက်ကြရာမှာ မတူကွဲပြားတဲ့သူများနှင့် လက်တွဲဆောင်ရွက်ရန် အရေးကြီးကြောင်း၊ လက်တွဲဆောင်ရွက်မှုမျိုး



မရှိရင် ရေရှည်တိုးတက်မှု ဖြစ်လာမည်မဟုတ်ကြောင်း၊ လုပ်ဆောင်မှုမြင့်မားသော အသင်းအဖွဲ့များ အနေဖြင့် တစ်ဦးချင်းစီလုပ်ဆောင်နေခြင်းထက် အတူတကွ ပူးပေါင်းလုပ်ဆောင်ခြင်းသည် ပိုမို အောင်မြင်မှုရရှိမည်ဖြစ်ကြောင်း၊ အသင်း၏အကျိုးစီးပွားဖြစ်ထွန်းမှုအတွက် ဆောင်ရွက်ရာတွင် အတိတ်ကာလ လုပ်ဆောင်ခဲ့သော အမှားများကို သင်ခန်းစာယူပြီး အနာဂတ်ကာလတွင် ပိုမိုကောင်းမွန်သောအသင်းကြီးဖြစ်ပေါ်လာစေရေး ဆောင်ရွက်ရန် ပုံသေကားချပ်အယူအဆ အတွေးအခေါ်အလေ့အထများကို ပြုပြင်ပြောင်းလဲနိုင်စွမ်းရှိဖို့လိုအပ်ကြောင်း၊ ၂၀၁၇ –၂၀၂၀သက်တမ်း၏ ဦးတည်ချက်နှင့်ရည်မှန်းချက် ပန်းတိုင်သို့ရောက်ရှိရန် အမှုဆောင်များအားလုံးနှင့်အသင်းသူ အသင်းသားများအားလုံး စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားခဲ့ပါသည်။



MRCCIအသင်းကြီး၏ ဂုဏ်ထူးဆောင်နာယက ဦးအောင်ဝင်းခိုင်မှ အဖွင့်အမှာစကား ပြောကြားရာတွင် MRCCIအသင်းကြီးကို စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့စဉ်က မန္တလေးမြို့ (၂၇)လမ်းရှိ ကိုယ်ပိုင်ဆိုင်ခန်းလေးမှ စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း၊ယခင်အချိန်ကစီးပွားရေးနှင့်ပတ်သက်ပြီးကျယ်ကျယ်ပြန့်ပြန့်ဖွင့်လှစ်ဆောင်ရွက်တာ မရှိသေးတာဖြစ်တဲ့အတွက် များစွာအခက်အခဲနဲ့ ကြုံတွေ့ခဲ့ရကြောင်း၊ ယခုအချိန်မှာတော့ MRCCIအသင်းအနေနဲ့ အောင်မြင်မှုတွေကိုလက်တွေ့ကျကျအကောင်အထည်ဖော်ဆောင်ရွက်နိုင်တာကိုတွေ့ရပြီးအဖွဲ့အစည်းတစ်ခုမှရှိသင့်တဲ့ Organization ကို သရုပ်ဖော်သည့်အနေဖြင့် ပိုင်းဝန်းဆောင်ရွက်နေကြတာကို တွေ့မြင်ရကြောင်း၊ အဖွဲ့အစည်းတစ်ခုမှာ ယခုလို Organize ဖြစ်ဖို့ရာ ခက်ခဲကြောင်း၊ မှန်ကန်တဲ့ခေါင်းဆောင်မှုနဲ့ ပိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြတာကို မြင်ရတဲ့အတွက် များစွာဝမ်းမြောက်မှုဖြစ်မိပါကြောင်း…။

စီးပွားရေးမှာ ဦးဆောင်အနေဖြင့် မြို့တော်မဟာရန်ကုန်ကို First Engine အဖြစ် သတ်မှတ်ခဲ့ပြီး မန္တလေးမြို့တော်ကို Second Engine အဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့တာ ဖြစ်ပေမယ့် စီးပွားရေး ပညာရှင်များက First Engine အဖြစ် အသိအမှတ်ပြုလာတဲ့အတွက် ပြည်သူ့အသင်းကြီးအနေ ဖြင့် နိုင်ငံတော်၏ စီးပွားရေးကို တိုးတက်ဖွံ့ဖြိုးလာစေရေး ဆောင်ရွက်ရန်မည်မျှအထိတာဝန်ရှိလာပြီဆိုတာအသင်းသူအသင်းသားများအားလုံးသိရှိသဘောပေါက်စေလိုပါတယ်။ ယခုအချိန်တွင် စီးပွားရေးမူဝါဒပြောင်းလဲမှုအပေါ် တကမ္ဘာလုံးက မြန်မာကို စိတ်ဝင်စားလာကြပြီ ဖြစ်ကြောင်း၊ ယခင်အချိန်က ဘာမှလုပ်စရာမရှိတဲ့အတွက် လူငယ်လူရွယ်တော်တော်များများ နိုင်ငံခြားကို ထွက်ခဲ့ ကြပြီး အခုအခါမှာ စီးပွားရေးအရလုပ်ပိုင်ခွင့်တွေ အခွင့်အလမ်းတွေ ပေါ်ပေါက်လာတဲ့အချိန်မှာ အားလုံးအလုပ်လုပ်ကြစေလိုပါတယ်။

မြန်မာနိုင်ငံမှာ Human Resources နဲ့ Natural Resources တွေ ရှိပြီးသားဖြစ်တဲ့အတွက် ဒါကို အားသားချက်အနေနဲ့ အသုံးချစေလိုကြောင်း၊ ကမ္ဘာကြီးရဲ့ လည်ပတ်နေတဲ့သဘောအရ ရပ်နေတဲ့မြန်မာဟာ အခုဆိုရင် ပထမနေရာကို ရောက်နေပြီ ဖြစ်ကြောင်း ပါးစပ်ကပြောမနေဘဲ လက်တွေ့အလုပ်လုပ်ကြရန်သာ လိုအပ်ကြောင်း…။

MRCCIအသင်းကြီးမှာ နောက်တက်လာတဲ့ လူငယ်တွေပေါ်ထွန်းလာပြီး လူကြီးတွေကိုလည်း ဂရုစိုက်ကြဖို့နဲ့ အပြန်အလှန်လေးစား တန်ဖိုးထားကြရန်လိုအပ်ကြောင်း၊ MRCCI အသင်းကြီးကို အပြင်ကနေကြည့်ရင် ကျစ်ကျစ်လစ်လစ်နဲ့ ခိုင်ခိုင်မာမာဖွဲ့စည်းထားတဲ့အဖွဲ့အစည်းဆိုတာကို သိစေချင်ကြောင်း၊ အလုပ်လုပ်တဲ့နေရာမှာ အမိန့်ပေးလို့မရတဲ့ အသင်းအဖွဲ့တွေမှာ တစ်ယောက်နဲ့ တစ်ယောက်အပြန်အလှန်နားလည်မှု၊ သည်းညည်းခံမှုနဲ့ လုပ်ရမှာ ဖြစ်ကြောင်း၊ စီးပွားရေးလုပ်တဲ့ နေရာမှာ Long Vision ကို ကြည့်ရန်လိုအပ်ကြောင်း ပြောကြားခဲ့ပါသည်။

MRCCIအသင်းနာယကဦးအောင်သန်းမှ အမှာစကားပြောကြားရာတွင် ၎င်းအနေဖြင့် ပွဲစားကုန်သည်စက်ပိုင်မဟာကထိန်တော်အသင်းတွင် ပါဝင်ဆောင်ရွက်ခဲ့ရာမှ (၁၉၈၈) နောက်ပိုင်း MRCCIအသင်းကို ဝင်ကြဖို့ ပြောလာတဲ့အတွက် ကုန်စည်ဒိုင်အထွေထွေအတွင်းရေးမှူးအနေဖြင့် စတင်ဝင်ရောက်ခဲ့ကြောင်း၊ MRCCIအသင်းမှာ ထဲထဲဝင်ဝင်လှုပ်ရှားကြည့်မှ MRCCIအသင်းကြီးဟာ တိုင်းဒေသကြီးအတွက်ရော၊ နိုင်ငံတော်အတွက်ပါ မရှိမဖြစ်လိုအပ်တဲ့အသင်းဖြစ်တယ်ဆိုတာ သဘောပေါက်လာ၍ ကုန်စည်ဒိုင်မှာ ရှိတဲ့အသင်းသူအသင်းသားများကို သမိုင်းကြောင်းအရ ခေတ်ပြောင်းလာတဲ့အချိန်မှာ MRCCIကို အသင်းဝင်ဖို့ နောက်မကျစေဖို့ လှုပ်ဆော်စည်းရုံးပြီး လူငယ်တွေကို ပူးပေါင်းဆောင်ရွက်ကြဖို့ တိုက်တွန်းနှိုးဆော်ခဲ့ပါသည်။ MRCCIအသင်းကြီးကို အားဖြည့်စေခဲ့ပါသည်။ MRCCIအသင်းကြီးဟာ ဘယ်လောက်အရေးကြီးတယ်ဆိုတာနဲ့ ပတ်သက်ပြီး အသင်းကြီးဟာ နိုင်ငံတကာနဲ့ ချိတ်ဆက်ဆောင်ရွက်တဲ့ အသင်းကြီးဖြစ်ကြောင်း၊ နိုင်ငံတကာနဲ့ ဆက်သွယ်ဖို့ရာ MRCCIအသင်းကြီးမှ ကူညီထောက်ပံ့မှုကို ရရှိနိုင်ကြောင်း ပြောပြ တိုက်တွန်းခဲ့ပါတယ်။ ဥပမာအားဖြင့် ပြောရရင် ထိုင်းနိုင်ငံကုန်သည်များအသင်းနဲ့ချိတ်ဆက်ပြီး UTCC (MBA)သင်တန်းကို ဖွင့်လှစ်ပေးနိုင်ခဲ့ပါသည်။ စတင်ဖွင့်လှစ်စဉ်တုန်းက ရေဒီမ်သာ ရရှိရေးအတွက်နှင့် အခြားသောအခက်အခဲများကို ပြေလည်မှုရရှိအောင် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ ပါသည်။ ယခုအချိန်မှာတော့ MRCCIအသင်းကြီးမှာ American Business Cornerရဲ့ရုံးခန်း အထိဖွင့်လှစ်နိုင်တာကို သိရတဲ့အတွက် အများကြီး ဂုဏ်ယူဝမ်းမြောက်မိကြောင်း…။

ဒုတိယအနေနဲ့ ညီနောင်အသင်းများနှင့် MRCCIအကြောင်း ပြောရမယ်ဆိုရင် MRCCIဟာ ဦးဆောင်အသင်းကြီးဖြစ်သော်လည်း ရှေ့ကိုအသင်းတစ်သင်းတည်း သွားလို့မရတဲ့အတွက် ညီနောင်အသင်းတွေကို ဖိတ်ခေါ်ပူးပေါင်းဆောင်ရွက်စေခဲ့ပါတယ်။ ညီနောင်အသင်းတွေအနေနဲ့လည်း MRCCIအသင်းနှင့် ထဲထဲဝင်ဝင် ပူးပေါင်းဆောင်ရွက်သွားကြဖို့ လိုအပ်ကြောင်း၊ ဒီလိုဆောင်ရွက် သွားကြဖို့လည်း တိုက်တွန်းပြောကြား လိုကြောင်း…။

တတိယအနေနဲ့ MRCCIနဲ့ အမှုဆောင်အသင်းသူအသင်းသားများအကြောင်း ပြောရမယ် ဆိုရင် အသင်းအဖွဲ့အစည်းတစ်ခုမှာ အချင်းချင်းချိတ်ဆက်ပြီးပူးပေါင်းဆောင်ရွက်သွားကြဖို့ ဆိုတဲ့ နေရာမှာ ယုံကြည်မှု ရှိဖို့လိုအပ်ကြောင်း၊ ယုံကြည်မှုဆိုတဲ့နေရာမှာ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက် အပေါ်မှာ ယုံကြည်မှုနဲ့ အသင်းအဖွဲ့ပေါ်မှာ ယုံကြည်မှုဆိုပြီး (၂)မျိုးရှိကြောင်း၊ ဒါကြောင့်မို့ အလုပ်လုပ် တဲ့နေရာမှာ ဦးဆောင်သူများအနေဖြင့် ဥက္ကဋ္ဌကအစ မှူမှူတတနဲ့ ဖြောင့်ဖြောင့်မတ်မတ်လုပ်နိုင်ရန် လိုအပ်ကြောင်း၊ ဒါမှသာလျှင် ညီနောင်အသင်းများရဲ့ ယုံကြည်မှု၊ စီးပွားရေးလုပ်ငန်းရှင်များရဲ့ ယုံကြည်မှုကို ရရှိလာပြီး ဒီလိုအပြန်အလှန်ယုံကြည်မှု ရရှိမှသာလျှင် တိုးတက်ဖွံ့ဖြိုးရာအကြောင်းကို ရည်မှန်းချက်ဦးတည်ချက်များနှင့်အညီ ဆောင်ရွက်သွားနိုင်မှာ ဖြစ်ကြောင်း၊ နောင်လာမယ့် အနာဂတ်မှာ အမှုဆောင်နဲ့အသင်းသူအသင်းသားများအနေဖြင့် အားလုံးရဲ့ ယုံကြည်လေးစားမှု ရရှိပြီး အသင်းကြီးဟာ ဒီထက်မက တိုးတက်ဖွံ့ဖြိုးလာစေနိုင်မှာ ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍MRCCIအသင်းကြီး၏အကြောင်းနှင့်လက်ရှိဆောင်ရွက်ချက်များ၊ဖွဲ့စည်းပုံများ၊ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်ရည်မှန်းချက်များအား အသင်း၏ အထွေထွေအတွင်းရေးမှူး ဦးဥက္ကာကျော်မှ Presentationဖြင့် ရှင်းလင်းတင်ပြဆွေးနွေးခဲ့ပါသည်။




အထွေထွေအတွင်းရေးမှူးဦးဥက္ကာကျော်မှ ရှေ့လုပ်ငန်းစဉ်များတွင် MRCCIအနေဖြင့် အများပိုင်ကုမ္ပဏီ ပေါ်ပေါက်လာစေရေး ဦးတည်ကြိုးပမ်းလျက်ရှိကြောင်း၊ လက်ရှိအမှုဆောင်များ အားလုံးရဲ့ပိုင်းဝန်းကြိုးပမ်းမှုဖြင့် အသင်းပိုင်အဆောက်အဦ ပေါ်ပေါက်လာစေရေးနှင့် အသင်းပိုင် မြေနေရာရရှိရေးကို ကြိုးပမ်းဆောင်ရွက်လျက် ရှိကြောင်း၊ ရှေ့လုပ်ငန်းစဉ်များတွင် ထည့်သွင်းပြော ကြားခဲ့ပြီး ညီနောင်အသင်းများ၊ အမှုဆောင်များ၊ အသင်းသူ အသင်းသားများအားလုံး အသင်းကြီး၏ ရှေ့လုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် အတူတကွ လက်တွဲပူးပေါင်း၍ စည်းလုံးညီညွတ်စွာ ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်ခဲ့ပါသည်။




တွဲဖက်အတွင်းရေးမှူး(၁) ဦးသက်ထွန်းလင်းမှ (၂၀၁၇-၂၀၁၈)ဘဏ္ဍာရေးလက်ကျန် ရှင်းတမ်းတွင် စာရင်းဖွင့်လက်ကျန် (၄၅၃,၁၁၆,၉၇၅)ကျပ်၊ အရပ်ရပ်ဝင်ငွေ (၂၈၈,၇၂၉,၁၈၆)ကျပ်၊ ဘဏ်စာရင်းပိတ် လက်ကျန် (၅၁၀,၉၈၈,၀၄၉)ကျပ်ရှိကြောင်း၊ ယခင်သက်တမ်းထက် ယခု သက်တမ်းတွင် ပိုင်ဆိုင်မှုနှင့် ငွေလက်ကျန် ပမာဏ တိုးမြင့်လာသည်မှာ သိသာကြောင်း ပြောကြား၍ (၂၀၁၇-၂၀၁၈)ခုနှစ်အတွက် ဘဏ္ဍာငွေလက်ကျန်ရှင်းတမ်းအား တက်ရောက်လာသော အသင်းသူအသင်းသားများသို့ ဖတ်ကြားရှင်းလင်း၍ အသင်းသူအသင်းသားများ၏ သဘောတူကြောင်း ကြေငြာချက်နှင့်အညီ အတည်ပြုနိုင်ခဲ့ပါသည်။

# The Mandalay International Trade Fair & Business Forum 2019



The First Mandalay International Trade Fair & Business Forum 2019 ပွဲအား Mandalay Convention Center တွင် မတ်လ (၂၃)ရက်နေ့မှ (၂၅)ရက်နေ့အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါသည်။ အထက်ပါပွဲအား (၂၀၁၉)ခုနှစ် ဇန်နဝါရီလ အတွင်း စတင်စီစဉ်ဆောင်ရွက်ခဲ့ရာအချိန် ကာလအားဖြင့် (၂)လခန့်အတွင်း ပြီးစီး အောင်မြင်အောင် ဆောင်ရွက်နိုင်ခြင်းသည် MRCCIအသင်း၏ Teamwork ကောင်းမွန်မှု စီမံခန့်ခွဲမှု သင့်တော်မှုတခြင်း၊အသင်းသူ အသင်းသားများ အားလုံး၏ စုစည်းညီညာမှု တို့၏ပြယုဂ်ဖြစ်ပါသည်။

(၂၃ - ၃ - ၂၀၁၉) ရက် နေ့ ပွဲ ၏ ပထမပိုင်း အစီအစဉ်ဖွင့်ပွဲဖဲကြိုးဖြတ် အခမ်းအနားတွင်ပြည်ထောင်စုဝန်ကြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒေါက်တာသန်းမြင့်၊ ပြန်ထောင်စုဝန်ကြီးစက်မှုဝန်ကြီးဌာန ဦးခင်မောင်ချို၊ ဒေါက်တာဇော်မြင့်မောင် ဝန်ကြီးချုပ်မန္တလေး တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဦးမြတ်သူ ဝန်ကြီးစီမံကိန်းနှင့်ဘဏ္ဍာ ရေးဝန်ကြီး၊ ဒေါက်တာရဲလွင်မြို့တော်ဝန်၊ ဦးဇော်မင်းဝင်း ဥက္ကဋ္ဌပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်၊ ဦးအောင်ဝင်းခိုင်ဂုဏ်ထူးဆောင် နာယက မန္တလေတိုင်းဒေသကြီးကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း၊ ဦးကျော်မင်းဥက္ကဋ္ဌမန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ ဒေါ်သင်းသင်းကျော် ဥက္ကဋ္ဌလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းတို့မှဖဲကြိုးဖြတ်ဖွင့်လှစ် ခဲ့ပါသည်။ ဖွင့်ပွဲအခမ်းအနားသို့ အသင်းသူ အသင်းသားများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ စီးပွားရေးလုပ်ငန်းရှင်များ (၅၀၀)ခန့်တက်ရောက်ခဲ့ကြပါသည်။

ဆက်လက်၍ စီးပွားကူးသန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်မှအဖွင့်အမှာစကားပြောကြားခဲ့ပြီးစက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးခင်မောင်ချို၊ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ

ဦးဇော်မင်းဝင်းတို့မှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးကျော်မင်းမှ ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြား ခဲ့ပါသည်။






မန္တလေးတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများနှင့်ပတ်သက်၍ ဝန်ကြီးချုပ်ဒေါက်တာ ဦးဇော်မြင့်မောင်မှ တက်ရောက်လာကြသည့် လုပ်ငန်းရှင်ကြီးများ၊ သံတမာန်များ၊ နိုင်ငံတကာ စီးပွားရေးအဖွဲ့အစည်းများ ပြည်တွင်း CCIများအား "Mandalay Vision 2030"ခေါင်းစဉ်ဖြင့် ဟောပြောရှင်းလင်းခဲ့ပါသည်။ MRCCIအသင်းသည် Our Chamber of Commerce, Our Friend ဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီးသည် နိုင်ငံတော်၏ စီးပွားရေး ပထမအင်ဂျင်ဖြစ်သည့် ရန်ကုန်မြို့ ပြီးလျှင် နိုင်ငံတော်၏ ဒုတိယစီးပွားရေးအင်ဂျင်ဖြစ်ကြောင်း၊ မန္တလေးတိုင်း ဒေသကြီးအတွင်း အဓိကကျသည့် လုပ်ငန်းကြီး(၅)ခုရှိကြောင်း၊ ရင်းနှီးမြှုပ်နှံမှုအနေဖြင့် ၂၀၁၈ – ၂၀၁၉တွင် (၇.၉) Trillion (၃)လအတွင်း ပြီးစီးမှု (၂၅% )ရှိပြီး ယခင်နှစ်ထက်စာလျှင် (၄.၇% )တိုးတက်လာကြောင်း ရှင်းလင်းဆွေးနွေးခဲ့ ပါသည်။











Trade Fiar၏ဒုတိယနေ့ပထမပိုင်းအစီအစဉ်တွင်ဒေါက်တာရဲလွင် မြို့တော်ဝန်၊ မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီမှ Mandalay Towards the Smart City ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးခဲ့ပါသည်။ မန္တလေး မြို့တော်ကို Smart Cityဖြစ်လာစေရေးအတွက်Management Reform၊ Civil Service Reform၊ Award and Punishment၊ ရုံးတွင်းနှင့် ပြည်သူကြား Communicationများ နီးကပ်စွာရရှိရေးအတွက်Facebook ကဲ့သို့ Social Public Relationဖြင့် ချိတ်ဆက်ခြင်းနှင့် မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီ၏ ပြောင်းလဲလာလျက်ရှိသော လက်ရှိ အခြေအနေများကို ဆွေးနွေးဟောပြောခဲ့ပါသည်။

ဆက်လက်၍ A New Vision of Mandalayခေါင်းစဉ်ဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအောင်ထူး၊ Group Managing Director of Capital Diamond Star Group Ltd မှ ဒေါက်တာ ကိုကိုကြီး၊ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌဦးကျော်မင်းတို့မှ Pannelist များအဖြစ်လည်းကောင်း၊ Moderatorအဖြစ် Chairman and CEO of Blue Ocean Operating Management ဦးထွန်းထွန်းနိုင်တို့ Pannel Discussionဆွေးနွေးပွဲကျင်းပခဲ့ပါသည်။




Trade Fair၏ ဒုတိယနေ့ နေ့လည်ပိုင်းအစီအစဉ်တွင် Digital Economy in Mandalayခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာထွန်းသူရသက်၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ကော်မတီဝင် ဦးရဲမြတ်သူ၊ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူးဦးဥက္ကာကျော်တို့မှ Pannelistအများအဖြစ်လည်းကောင်း၊ Moderator အဖြစ် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးသောင်းစုငြိမ်းမှ Pannel Discussion

ဆွေးနွေးဟောပြောပွဲကို ကျင်းပခဲ့ပါသည်။

The First Mandalay International Trade Fair & Business Forum 2019ပွဲတွင်ပြခန်းပေါင်း (၂၉၆) ခန်း ပါဝင်ပြသခဲ့ပါသည်။ ပြခန်းများတွင် International Pavillionနှင့် ပြည်တွင်း လုပ်ငန်းရှင် များ၏ ပြခန်းများအား ခမ်းနားကြီးကျယ်စွာဖြင့် ပြသ နိုင်ခဲ့ပြီး အဓိကအားဖြင့် Business Sectorများ အဖြစ် လယ်ယာသုံးစက်ပစ္စည်းများ၊ လယ်ယာစိုက် ပျိုးရေးထွက်ကုန်ပစ္စည်းများ၊ ရိုးရာလက်မှု ပစ္စည်းများ၊ စားသောက်ကုန်နှင့် အဖျော်ယမကာ၊ ကျောက်စိမ်းအချောထည်နှင့်လက်ဝတ်ရတနာပစ္စည်းများ၊ မော်တော်ယာဉ် ရောင်းဝယ်ထုတ်လုပ်သူ လုပ်ငန်းရှင်များ၊ ကောက်ပဲသီးနှံရောင်းဝယ်ရေး၊ ဆေးရုံသုံးပစ္စည်းများ၊ အဆောက်အဦနှင့် ဆောက်လုပ်ရေး လုပ်ငန်းများ၊ ငွေကြေးဆိုင်ရာဘဏ်လုပ်ငန်းများ၊ ဒီဂျစ်တယ် အီလက် ထရောနစ်နှင့် ဆက်သွယ်ရေးသုံးပစ္စည်းများ စုံလင်စွာ ပြသခဲ့ပါသည်။

Business Matchingအစီအစဉ်တွင်လယ်ယာသုံး ပစ္စည်း (၂)၊ လယ်ယာစိုက်ပျိုးရေးထွက်ကုန်ပစ္စည်း(၈)၊ ရိုးရာလက်မှုပစ္စည်း(၃)၊စားသောက်ကုန်နှင့်အဖျော် ယမကာ (၉)၊ ကျောက်စိမ်းအချောထည်နှင့်လက်ဝတ် ရတနာ (၁)၊ ကောက်ပဲသီးနှံရောင်းဝယ်ရေး (၅)၊ ဆေးရုံသုံးပစ္စည်း (၁) စုစုပေါင်း Session (၂၉)ခု လက်ခံတွေ့ဆုံဆွေးနွေးနိုင်ခဲ့ ပါသည်။ ဖျော်ဖြေမှုကဏ္ဍ အနေဖြင့် ပြပွဲခန်းမတွင် အကအလှပဒေသာများဖြင့် ဖြေဖျော်နိုင်ခဲ့ပါသည်။











# အစည်းအဝေးများကျင်းပပြုလုပ်ခြင်း

မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI) ၏ လုပ်ငန်းတာဝန်များကို ပီပြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် စီမံခန့်ခွဲရေး ကော်မတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့၊ အလုပ်အမှုဆောင်အဖွဲ့တို့မှ ကော်မတီ (၁၁)ရပ်ကို ဖွဲ့စည်းခဲ့ပြီး (၁-၁-၂၀၁၉)ရက်နေ့မှ (၃၁-၁၂-၂၀၁၉)ရက်နေ့အထိ စီမံခန့်ခွဲရေးကော်မတီ CEC/EC အစည်းအဝေးကို အောက်ပါအတိုင်းကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။

| စဉ် | အစည်းအဝေး | ကျင်းပပြုလုပ်သည့်အကြိမ် |
|---|---|---|
| ၁။ | စီမံခန့်ခွဲရေးကော်မတီ (ပုံမှန်အစည်းအဝေး) | ၈ ကြိမ် |
| ၂။ | ဗဟိုအလုပ်အမှုဆောင်ကော်မတီ (ပုံမှန်အစည်းအဝေး) | ၁၀ ကြိမ် |
| ၃။ | အလုပ်အမှုဆောင်ကော်မတီ (ပုံမှန်အစည်းအဝေး) | ၁၀ ကြိမ် |

## လုပ်ငန်းကော်မတီများ

| စဉ် | ကော်မတီအမည် | ဥက္ကဋ္ဌ | ကော်မတီဦးရေ |
|---|---|---|---|
| ၁။ | လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းကော်မတီ | ဦးအောင်ဆန်းဝင်း | ၂၆ |
| ၂။ | သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီ | ဦးမျိုးကျော်ဝင်း | ၁၁ |
| ၃။ | အသင်းသားဆိုင်ရာ လုပ်ငန်းကော်မတီ | ဒေါ်ခင်လေးမြင့် | ၁၇ |
| ၄။ | ဥပဒေရေးရာလုပ်ငန်းကော်မတီ | ဦးမြတ်ထွန်း | ၃၁ |
| ၅။ | နိုင်ငံတကာဆက်ဆံရေး လုပ်ငန်းကော်မတီ | ဦးမိုးကျော်ကျော် | ၂၁ |
| ၆။ | စီးပွားရေးနှင့် သုတေသနလုပ်ငန်းကော်မတီ | ဦးဥတ္တမာကျော် | ၅၈ |
| ၇။ | ဆောက်လုပ်ရေးနှင့် ထိန်းသိမ်းရေးကော်မတီ | ဦးသက်ထွန်းလင်း | ၁၅ |
| ၈။ | အသေးစားနှင့် အလတ်စားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာ လုပ်ငန်းကော်မတီ | ဦးညွန့်ဝေ (ခ) ဦးချွန် | ၃၇ |
| ၉ | ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ | ဦးသိန်းမြင့် | ၁၃ |
| ၁၀။ | ကုန်သွယ်မှုမြှင့်တင်ရေးကော်မတီ | ဒေါ်မြူးမြူး | ၂၆ |
| ၁၂။ | ဘဏ္ဍာရေးနှင့် အခွန်အကောက်ဆိုင်ရာ လုပ်ငန်းကော်မတီ | ဦးစိုးသိန်း | ၁၁ |

# ညီနောင်အသင်းရေးရာကိစ္စရပ်များ ဆောင်ရွက်ထားမှု

မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတွင် သင်းဖွဲ့စည်းမျဉ်းများနှင့်အညီ ညီနောင်အသင်းများကို တိုးချဲ့ဖွဲ့စည်းခဲ့ရာ (၂၀၁၅-၂၀၁၇)သက်တမ်းတွင် ညီနောင်အသင်းပေါင်း (၁၆)သင်းရှိရာမှ (၂၀၁၈-၂၀၁၉)ကာလအထိ ယခုလက်ရှိသက်တမ်းတွင် အသင်းပေါင်း (၁၉)သင်းအထိ တိုးချဲ့ဖွဲ့စည်းခဲ့ပြီး မိတ်ဖက်အသင်းအနေဖြင့် စစ်ကိုင်းခရိုင်ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းအား မိတ်ဖက်အသင်းအဖြစ် တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့ပါသည်။ ကျန်အသင်းများ၏ လျှောက်ထားမှုကို ဆက်လက်စီစစ်ဆဲဖြစ်ပါသည်။

## MRCCI အသင်း၏ညီနောင်သင်းများ

| စဉ် | အသင်းအဖွဲ့အမည် | တာဝန် |
|---|---|---|
| ၁။ | မန္တလေးစက်မှုဇုန် စီမံခန့်ခွဲရေး ကော်မတီ | ဥက္ကဋ္ဌ - ဦးခင်မောင်လှ<br>အတွင်းရေးမှူး - ဦးမောင်မောင်ဦး |
| ၂။ | မန္တလေးတိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်များအသင်း | ဥက္ကဋ္ဌ - ဦးနေသူဝင်း<br>အတွင်းရေးမှူး - ဦးဘိုဘိုဇော် |
| ၃။ | ဆေးဝါးနှင့်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းရှင်များအသင်း | ဥက္ကဋ္ဌ - ဦးနေလင်း<br>အတွင်းရေးမှူး - ဦးအောင်ကျော်စိုး |
| ၄။ | မန္တလေးတိုင်းဒေသကြီးကွန်ပျူတာပညာရှင်များအသင်း | ဥက္ကဋ္ဌ - ဦးမြတ်နိုင်<br>အတွင်းရေးမှူး - ဦးနေဝင်းအောင် |
| ၅။ | အဝေးပြေးကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း | ဥက္ကဋ္ဌ - ဦးမျိုးဆွေ<br>အတွင်းရေးမှူး - ဦးကျော်သူရ |
| ၆။ | ကြက်သွန်ဖြူ၊ ကြက်သွန်နီ စားဖိုဆောင် သီးနှံစိုက်ပျိုးထုတ်လုပ်သူများအသင်း | ဥက္ကဋ္ဌ - ဦးဇော်မျိုးဦး<br>အတွင်းရေးမှူး - ဦးတင့်ထူးလွင် |
| ၇။ | မန္တလေးတိုင်းဒေသကြီး စားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း | ဥက္ကဋ္ဌ -ဦးစန်းဝင်း<br>အတွင်းရေးမှူး - ဦးဝင်းထွန်း |
| ၈။ | မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း | ဥက္ကဋ္ဌ -ဦးဌေးလွင်<br>အတွင်းရေးမှူး - ဦးစန်းကျော် |
| ၉။ | ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေး) ကုန်စည်ဒိုင် | ဥက္ကဋ္ဌ - ဦးသက်တင်<br>အတွင်းရေးမှူး - ဦးကျော်သွင် |
| ၁၀။ | မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမာန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးသူများအသင်း | ဥက္ကဋ္ဌ -ဦးနေလင်းမောင်မောင်<br>အတွင်းရေးမှူး - ဒေါ်ချမ်းမြငြိမ်း |

# MRCCI အသင်း၏ညီနောင်သင်းများ

| စဉ် | အသင်းအဖွဲ့အမည် | တာဝန် |
|---|---|---|
| ၁၁။ | မြန်မာနိုင်ငံသကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းအသင်း | ဥက္ကဋ္ဌ - ဦးစိုးလင်း<br>အတွင်းရေးမှူး - ဦးစိန်ထွန်း |
| ၁၂။ | မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန်း၊ တိုင်း၊ မန်း/မြို့ | ဥက္ကဋ္ဌ - ဦးငွေအောင်<br>အတွင်းရေးမှူး - ဦးကြည်အုန်း |
| ၁၃။ | မြန်မာနိုင်ငံသကြားနှင့် သကာရည်လုပ်ငန်းရှင်များကထိန်တော်အသင်း၊ မန်း/မြို့ | ဥက္ကဋ္ဌ - ဦးမောင်အေး<br>အတွင်းရေးမှူး - ဦးထွန်းထွန်းဦး |
| ၁၄။ | လျှပ်စစ်နှင့်အီလက်ထရောနစ်ထုတ်လုပ်ရောင်းဝယ်သူလုပ်ငန်းရှင်များအသင်း | ဥက္ကဋ္ဌ - ဦးအောင်ဇော်ဝင်း<br>အတွင်းရေးမှူး - ဦးမောင်မောင်အောင် |
| ၁၅။ | ကျောက်မျက်နှင့် လက်ဝတ်ရတနာ လုပ်ငန်းရှင်များအသင်း | ဥက္ကဋ္ဌ - ဒေါ်သင်းသင်းလင်း<br>အတွင်းရေးမှူး - ဒေါ်သီတာရွှေ |
| ၁၆။ | မန္တလေးတိုင်းဒေသကြီး ပဲမျိုးစုံနှင့် ကုန်သည်များအသင်း | ဥက္ကဋ္ဌ - ဦးချွန်<br>အတွင်းရေးမှူး - ဦးသိန်းဇံ |
| ၁၇။ | မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများ အသင်း | ဥက္ကဋ္ဌ - ဦးမိုက် (ခ) ဦးတင်လှိုင်ဝင်း<br>အတွင်းရေးမှူး - ဦးစိုးမြတ်သူ |
| ၁၈။ | အထက်မြန်မာပြည် အိန္ဒိယနွယ်ဖွား လုပ်ငန်းရှင်များအသင်း | ဥက္ကဋ္ဌ - ဦးဘရမ်း<br>အတွင်းရေးမှူး - ဒေါ်သန်းဆင့် |
| ၁၉။ | မန္တလေးတိုင်းဒေသကြီးဆီကုန်သည်များနှင့်ဆီလုပ်ငန်းရှင်များအသင်း | ဥက္ကဋ္ဌ -ဦးကိုကြီး<br>အတွင်းရေးမှူး -ဦးသိန်းထွန်း |
| ၂၀။ | မန္တလေးတိုင်းဒေသကြီး ပုံနှိပ်ထုတ်ဝေသူများအသင်း | ဥက္ကဋ္ဌ - ဦးထွန်းထွန်းစိုး<br>အတွင်းရေးမှူး - ဦးအောင်နိုင်စိုး |
| ၂၁။ | မန္တလေးကုန်တင်ရေယာဉ် ပိုင်ရှင်များအသင်း | ဥက္ကဋ္ဌ - ဦးဝင်းမောင်<br>အတွင်းရေးမှူး - ဦးသက်ညိုဝင်းအောင် |
| ၂၂။ | မန္တလေးတိုင်းဒေသကြီး အိမ်၊ ခြံ၊ မြေ ကိုယ်စားလှယ်များ ဖွံ့ဖြိုးတိုးတက်ရေးအသင်း | ဥက္ကဋ္ဌ - ဒေါ်တင်တင်အေး<br>အတွင်းရေးမှူး - ဦးဝဏ္ဏစိုး |
| ၂၃။ | မြန်မာနိုင်ငံလက်လီရောင်းချသူများအသင်း | ဥက္ကဋ္ဌ - ဦးညွန့်ဇော်<br>အတွင်းရေးမှူး - ဦးနေမျိုးသန့်တင့် |
| ၂၄။ | မြန်မာနိုင်ငံ အိမ်၊ ခြံ၊ မြေ ဝန်ဆောင်မှုအသင်း၊ မန်း/ တိုင်း၊ မန်း/ မြို့ | ဥက္ကဋ္ဌ - ဦးကျော်ဝင်း<br>အတွင်းရေးမှူး - ဦးသန့်ဇင် |
| ၂၅။ | မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ လုပ်ငန်းရှင်များအသင်း မန်း/ မြို့ | ဥက္ကဋ္ဌ - ဦးသန်းဝင်း<br>အတွင်းရေးမှူး - Dr. ထွန်းဝင်း |

| စဉ် | အသင်းအဖွဲ့အမည် | တာဝန် |
|---|---|---|
| ၂၆။ | မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ် | ဥက္ကဋ္ဌ - ဦးမြတ်ထွန်း<br>အတွင်းရေးမှူး - ဦးအောင်ရွှေ |
| ၂၇။ | မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ မန်း / တိုင်း၊ မန်း / မြို့ | ဥက္ကဋ္ဌ - Dr. ကျော်ထင်<br>အတွင်းရေးမှူး - Dr.နေသူရိန် |
| ၂၈။ | မန္တလေးတိုင်းဒေသကြီးမြန်မာအမျိုးသမီးစီးပွားရေးလုပ်ငန်းရှင်များအသင်း | ဥက္ကဋ္ဌ - ဒေါ်ခင်လေးမြင့်<br>အတွင်းရေးမှူး - ဒေါ်အေးအေးခိုင် |
| ၂၉။ | ဟိုတယ်လုပ်ငန်းရှင်များအသင်း | ဥက္ကဋ္ဌ - ဦးမင်းနိုင်<br>အတွင်းရေးမှူး - ဦးကျော်ကျော်စိုး |
| ၃၀။ | မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်း | ဥက္ကဋ္ဌ - ဦးခင်မောင်ဝင်း<br>အတွင်းရေးမှူး -ဦးကျော်ထွန်းအောင် |
| ၃၁။ | အထည်လိပ်ရက်ကန်းလုပ်ငန်းရှင်များအသင်း | ဥက္ကဋ္ဌ - ဦးစိုးလွင်ထွန်း<br>အတွင်းရေးမှူး - ဦးမင်းဆွေ |
| ၃၂။ | မြင်းခြံခရိုင် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း | ဥက္ကဋ္ဌ - ဦးခင်မောင်မြင့်<br>အတွင်းရေးမှူး - ဦးကျော်ထင်အောင် |
| ၃၃။ | မြန်မာ - ဂျပန်စင်တာစီးပွားရေးလုပ်ငန်းရှင်များအသင်း | ဥက္ကဋ္ဌ - ဦးနေလင်း<br>အတွင်းရေးမှူး - ဦးမျိုးသန့် |
| ၃၄။ | လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း | ဥက္ကဋ္ဌ - ဒေါ်သင်းသင်းကျော်<br>အတွင်းရေးမှူး - ဦးလင်းဝင်းကောင်း |
| ၃၅။ | သတ္တုလုပ်ငန်းရှင်များအသင်း | ဥက္ကဋ္ဌ - ဦးမင်းနိုင်ဆွေ<br>အတွင်းရေးမှူး - ဦးအေးလွင် |
| ၃၆။ | မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း | ဥက္ကဋ္ဌ - ဒေါ်ရင်ရှင်<br>အတွင်းရေးမှူး - ဒေါ်မြင့်မြင့်ဦး |
| ၃၇။ | သစ်တောထွက်ပစ္စည်းများလုပ်ငန်းရှင်များအသင်း | ဥက္ကဋ္ဌ - ဦးရဲမင်းသူ<br>အတွင်းရေးမှူး - ဒေါ်သန်းသန်းနွယ် |
| ၃၈။ | မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း (မန္တလေးဇုန်) | ဥက္ကဋ္ဌ - ဦးမျိုးရီ<br>အတွင်းရေးမှူး - ဦးတံခွန် |
| ၃၉။ | ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း | ဥက္ကဋ္ဌ - ဦးစန်းဝင်း<br>အတွင်းရေးမှူး - ဦးကျော်နေလင်း |

# လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းကော်မတီ၏ ဆောင်ရွက်မှုမှတ်တမ်း

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းကော်မတီ၏ တာဝန်များမှာ

၁ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗဟုသုတအသိပညာများ ဖြန့်ဝေပေးရန်။

၂ သင်တန်းများ၊ ဟောပြောပွဲအသိပညာများ ဆွေးနွေးပွဲ၊ လေ့လာရေးခရီးစဉ်များ စီစဉ်ဆောင်ရွက်ရန်။

၃ ပြည်တွင်း၊ ပြည်ပမှ ဖိတ်ကြားသည့် သင်တန်းများ ဆွေးနွေးပွဲများနှင့်ပတ်သက်၍ သက်ဆိုင်ရာ ဘာသာရပ်အလိုက် လုပ်ငန်းအမျိုးအစားအလိုက် ရွေးချယ်စေလွှတ်ရန်။

၄ လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာသင်တန်းများဖွင့်လှစ်ခြင်းနှင့် လူပုဂ္ဂိုလ်များ စေလွှတ်ရန် စီမံခန့်ခွဲရေးကော်မတီနှင့် တင်ပြဆောင်ရွက်သွားရေး။






လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းကော်မတီအနေဖြင့် (၂၀၁၈ - ၂၀၁၉)ခုနှစ် သက်တမ်းကာလအတွင်း ကော်မတီဝင်များနှင့် တွေ့ဆုံ၍ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ ဖြိုးရေးဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ပတ်သက်ပြီး ( ၁၀ )ကြိမ်တွေ့ဆုံ ဆွေးနွေးခဲ့ပါသည်။

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းကော်မတီအနေဖြင့် (၁၅ - ၉ - ၂၀၁၉) ရက်နေ့မှစတင်၍ Monthly Talk စီးပွားရေးဆိုင်ရာအခမဲ့ ဟောပြောဆွေးနွေးပွဲကို လစဉ်ပုံမှန်လတစ်လအလယ် တနင်္ဂနွေနေ့များတွင် ကျင်းပခဲ့သည်မှာ (၁၀ - ၁၂ - ၂၀၁၉) ရက်နေ့အထိ (၄)ကြိမ်မြောက် ကျင်းပနိုင်ခဲ့ပါသည်။ ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စီးပွားရေး လုပ်ငန်းရှင်များ တက်သစ်စလူငယ်များ၊အတွေးအခေါ် ဗဟုသုတ တိုးပွားပြီး စိတ်ဓါတ်ခွန်အား ပြည့်ဝစေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပြီး Monthly Talkဟောပြောပွဲများတွင် ပြင်ပမှ စီးပွားရေးဆိုင်ရာ အောင်မြင်နေသော လုပ်ငန်းရှင်များ၊ ပညာရှင်များကို ဖိတ်ခေါ်၍ ဟောပြောခြင်းဖြစ်ပါသည်။

Pannel Discussionဆွေးနွေးပွဲကိုလည်း တပါတည်း ပူးတွဲကျင်းပပေးခဲ့ပါသည်။ ဟောပြောပွဲတိုင်း တွင် မန္တလေးတိုင်းဒေသကြီးအတွင်းမှ လူငယ်လုပ်ငန်းရှင်များ၊ လေ့လာသူများ ပျမ်းမျှခြင်းအားဖြင့် (၂၅၀)ခန့်တက်ရောက် ခဲ့ကြပါသည်။

ဟောပြောဆွေးနွေးပွဲများတွင် လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းကော်မတီမှ အလုပ်ရှင်နှင့် အလုပ်သမားများ ချိတ်ဆက်၍ အလုပ်ရှာဖွေပေးခြင်း Job Linkageကို ကဏ္ဍတစ်ခု အနေဖြင့် သီးခြား ဆောင်ရွက်ပေးနိုင်ခဲ့ ပါသည်။ အလုပ်သမား လိုအပ်လျက်ရှိသည့် ကုမ္ပဏီများ လုပ်ငန်းရှင်များမှ အလုပ်အကိုင်နေရာ ( ၂ )ခုအတွက်

လူတွေ့စစ်ဆေးခဲ့ပါသည်။ လက်ရှိMRCCIအသင်းရုံးတွင် အလုပ်နေရာအတွက် လျှောက်ထားသူ (၄၅)ဦး ရှိပြီး ၄င်းတို့အား အရည်အချင်းနှင့်ကိုက်ညီသည့် ခေါ်ယူလိုသော လုပ်ငန်းရှင်များနှင့် ချိတ်ဆက်ပေးလျက်ရှိပါသည်။

(၂၀၁၉)ခုနှစ်အတွင်း YTUCCမှ IST (Information Science & Technology)မှ ကျောင်းသား (၇၅)ဦးကို စက်မှုဇုံတွင် Internshipဆင်းနိုင်ရေးအတွက် ဆက်သွယ်ဆောင်ရွက် ပေးခဲ့ပြီး Chindwin Collegeမှ (၂၀၁၉)ခုနှစ်၊ စက်တင်ဘာလတွင် ကျောင်းသား(၃၃)ဦး၊ (၂၀၁၉)ခုနှစ် အောက်တိုဘာလတွင် ကျောင်းသား (၃၃)ဦး၊ Higher National Diploma in Business Managemenအသင်တန်းမှ ပထမနှစ်သင်တန်းများသည် Marketing Operation နှင့် Human Resource Managementအပိုင်း လုပ်ငန်း လည်ပတ်မှုများကို လေ့လာနိုင်ရန် စားသောက်ကုန် ထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း၊ စက်ရုံများသို့ Internship ဆင်းရန် ဆက်သွယ်ဆောင်ရွက်မှုပေးခဲ့ ပါသည်။

> လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုး
> တိုးတက်ရေးအတွက်
> ဗဟုသုတအသိပညာများ
> ဖြန့်ဝေပေးရန်။

မိတ္ထီလာစီးပွားရေးတက္ကသိုလ်မှ ကျောင်းသူ၊ ကျောင်းသား (၂၃)ဦး MRCCIအသင်းသို့ လာရောက်၍ MRCCIအသင်းအကြောင်း၊ စီးပွားရေးကဏ္ဍအတွက် ပါဝင်ဆောင်ရွက်ပေးမှု အခြေအနေများကို လာရောက်လေ့လာရာ MRCCI အသင်းကြီး၏ လုပ်ရှား ဆောင်ရွက်မှု Activitiesများနှင့် လက်ရှိစီးပွားရေး အခြေအနေများကို လက်ခံတွေ့ဆုံ ဆွေးနွေးပေးနိုင်ခဲ့ပါသည်။စစ်ကိုင်း သမဝါယမ တက္ကသိုလ်မှကျောင်းသူ၊ ကျောင်းသားပေါင်း၅၀၀ခန့်တို့သည် မန္တလေးတိုင်းဒေသကြီး အတွင်း စီးပွားရေး ဆိုင်ရာလုပ်ငန်းများနှင့် ပတ်သက်၍ Internshipကို (၂၀.၅.၂၀၁၉)ရက်နေ့မှ (၃၀.၅.၂၀၁၉)ရက်နေ့ အထိMRCCIအသင်းမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ခဲ့ပါသည်။



တိုင်းဒေသကြီးအတွင်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ ဖြိုးစေရေးအတွက် စီးပွားရေးနှင့်ပတ်သက်သော အသိပညာ အတတ်ပညာများ ဖြန့်ဖြူးပေးရေးတွင် MRCCIအနေဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် အောက်ဖော်ပြပါ ပညာရေးကျောင်းများဖြင့် MOUလက်မှတ်ရေးထိုးမှု (၅)ခု ရေးထိုးနိုင်ခဲ့ပါသည်။

| | |
|---|---|
| ၁ | University of Thai Chamber of Commerce (UTCC) |
| ၂ | London Business Academy |
| ၃ | Chindwin College |
| ၄ | Mandalay Technological University |
| ၅ | Business Leaders and Global Compat Local |








အခြားVocational Trainingများအနေဖြင့်မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း MRCCIနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတက်ဟုန်း ပြည်နယ်ခွဲ ကုန်သည်ကြီးများအသင်း (မြန်မာနိုင်ငံ ကိုယ်စားလှယ်ရုံး)တို့မှ အလုပ်အကိုင်အခွင့်အလမ်း တိုးတက်စေရန် ရည်ရွယ်၍ ပူးပေါင်းဖွင့်လှစ်သော တရုတ်အစားအစာစားဖိုမှူးမွမ်းမံသင်တန်းအား (၂၅-၂-၂၀၁၉)ရက်နေ့မှ (၁၁-၃-၂၀၁၉) ရက်နေ့အထိ Golden Hotelတွင် ဖွင့်လှစ်သင်ကြား ခဲ့ပါသည်။ သင်တန်းဦးရေ (၃၀) ဦးတက်ရောက်သင်ကြားခဲ့ပါသည်။

မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် တက်ဟုန်းပြည်နယ်ခွဲကုန်သည်ကြီးများအသင်း မြန်မာနိုင်ငံကိုယ်စားလှယ်ရုံးတက်ဟုန်း ပြည်နယ်ခွဲ သိပ္ပံနှင့် နည်းပညာသတင်းအချက်အလက် အင်စတီကျူတို့မှ ပူးပေါင်း ဖွင့်လှစ်သော အခြေခံမိုဘိုင်းဖုန်း ပြုပြင် ထိန်းသိမ်းနည်းသင်တန်း အမှတ်စဉ်(၁)အား (၁၁-၇-၂၀၁၉)ရက်နေ့မှ (၂၆-၇-၂၀၁၉)ရက်နေ့ အထိ MRCCIဟောခန်းမတွင် ကျင်းပခဲ့ရာ သင်တန်းသားဦးရေ(၂၈)ဦး တက်ရောက်ခဲ့ပါသည်။ သင်တန်းဆင်းပွဲတွင် UMFCCI ဒုတိယဥက္ကဋ္ဌဒေါက်တာမျိုးသက်မှ "Industry နှင့် Academic ပေါင်းစပ်နိုင်ရေးသည် CCIများ၏ အဓိကတာဝန်ဖြစ်ကြောင်း အဖွင့်အမှာစကားများကို MRCCI ဒုတိယဥက္ကဋ္ဌဦးမျိုးကျော်ဝင်း၊ တက်ဟုန်း CCIအမြဲတမ်းတာဝန်ခံ မစ္စတာလီရှီကွေ့တို့မှ ပြောကြားခဲ့ပါသည်။ အမှတ်စဉ်(၂) သင်တန်းကိုလည်း ဆက်လက်ဖွင့်လှစ်သွားရန် စီစဉ်ထားရှိကြောင်း အသိပေးပြောကြား ခဲ့ပါသည်။








IHK CCI ဂျာမနီနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် MRCCI သင်းတို့ ပူးပေါင်းဆောင်ရွက်နေသည့် MRCCIအသင်းကြီး ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် (၂၀၁၆)ခုနှစ်မှ စတင်၍ MRCCIအသင်းရုံးတွင် ရုံးခန်းဖွင့်လှစ်၍ အကြံပြုခြင်းများ ပူးပေါင်းဆောင် ရွက်ခြင်းများ ပြုလုပ်ခဲ့ရာယခုအချိန်တွင် ပထမ (၃)နှစ်သက်တမ်းကုန်ဆုံး၍ ဒုတိယသက်တမ်း၏ ပထမနှစ်ကုန်လွန်ခဲ့ပြီး ဖြစ်ပါသည်။ IHK CCIအနေဖြင့် မိမိတို့အသင်းသားများလုပ်ငန်းများ ပိုမိုတိုးတက်ပြောင်းလဲနိုင်ရေးအတွက် ရည်မှန်းချက်ထား ဆောင်ရွက်ရာတွင် ဝါရင့်ကျွမ်းကျင်ပညာရှင်များ၏ အကြံပေးဝန်ဆောင်မှု (SES Program)ကို ဆောင်ရွက်ခဲ့ရာ MRCCIအသင်းသားများ အနေဖြင့် ပညာရှင်ပေါင်း (၂၀)ဦးခေါ်ယူဆောင်ရွက်ပေးခဲ့ပါသည်။ ယင်းအစီအစဉ်မှာ မိမိလုပ်ငန်း အတွက် အကြံပြုချက်များ၊ လက်တွေ့ ဝန်ဆောင်မှုများ လိုအပ်ပါက ကဏ္ဍအလိုက် ကျွမ်းကျင်သူ ပညာရှင်ကို IHKမှ တဆင့် ခေါ်ယူနိုင်မည်ဖြစ်ပြီး လာရောက်သူ ပညာရှင်အတွက် တည်းခိုနေထိုင်ရန် နှင့် စားစရိတ်သာ ကုန်ကျခံရသော စနစ်ဖြစ်ပါသည်။

IHK CCI၏ ကူညီပံ့ပိုးမှုဖြင့် MRCCIရုံး၏ ရုံးခန်း ဖွဲ့စည်းမှု အနေအထား၊ ရုံးတွင်းသုံးပစ္စည်းကရိယာများ တိုးချဲ့တပ်ဆင်ခြင်း၊ ဝန်ထမ်းများ၏ အရည်အသွေး တိုးမြှင့်ရေးအတွက် သင်တန်းများ ပို့ချခြင်း၊ MRCCIအသင်း၏ လုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးရေးအတွက် CEC/ECများနှင့် အသင်းသူ အသင်းသားများအား ဖိတ်ခေါ်၍ MRCCI Retreat Tripကို (၂၇-၁၀-၂၀၁၉)ရက်နေ့တွင် ကလောမြို့သို့ သွားရောက်ချပြဆွေးနွေးမွမ်းမံခဲ့ပါသည်။

Retreat၏ ပထမနေ့တွင် MRCCIအသင်းသားဖြစ်ရခြင်း၊ တစိတ်တပိုင်းဖြစ်ရခြင်းနှင့် ပတ်သက်ပြီး ဂုဏ်ယူစရာ (Pride)၊ ရင်ဆိုင်ရသည့်အခက်အခဲများ (Challenges)၊ မျှော်လင့်ချက် Expectationsများကို သင်တန်းဆရာများနှင့် အသင်းသူ အသင်းသားများ အပြန်အလှန် မေးမြန်း ပြောဆိုခြင်းဖြင့် စတင်ခဲ့ပြီး နေ့လည်ပိုင်းတွင် သင်တန်းများအတွက် စည်းမျဉ်းများ ချမှတ်ပြီး Organizational Culture နှင့် ပတ်သက်ပြီး တက်ရောက်သူများ တစ်ဦးချင်းဆီ၏ အမြင်များကို အပြန်အလှန် မျှဝေခဲ့ကြ ပါသည်။ အသင်းသားများ၏ တင်ပြချက်တွင် MRCCIသည် အထက်မြန်မာပြည် အသင်းကြီး ဖြစ်သည့်အတွက် အစိုးရနိုင်ငံတကာနှင့် ချိတ်ဆက်ဆောင်ရွက်နေရကြောင်း၊ နိုင်ငံတော်အတွက် အသုံးကျမည့် နည်းပညာတွေကို ဖန်တီးပေးနိုင်မည့် Cultureကို ပိုမိုကျယ်ပြန့်စေချင်ကြောင်း ဆွေးနွေးခဲ့ကြပါသည်။



ဆက်လက်၍အသင်းကြီးနှင့်ပတ်သက်၍Continue(ဆက်လက်ဆောင်ရွက်သွားစေချင်သည့် အချက်)၊ Start (စတင်ဆောင်ရွက်သွားစေချင်သည့် အချက်)၊ Stop (ရပ်တန့်ပြီး ပြုပြင် ပြောင်းလဲစေချင်သည့်အချက်)များနှင့်ပတ်သက်၍ အဖွဲ့(၄)ဖွဲ့ ခွဲပြီး အတွေးအမြင်များ ဆွေးနွေး မျှဝေခဲ့ကြပါသည်။ Retreat နှင့် ပတ်သက်၍ Working Together နှင့်ပတ်သက်သော အခြေခံ စည်းမျဉ်းစည်းကမ်းသိမှတ်ဖွယ်ရာများ၊ "Eleven Golden Rules for Designing and Demonstrating Roles of Engagement"နှင့်ပတ်သက်သော ဗဟုသုတများကို ရှင်းလင်းမျှဝေ ပေးခြင်းနှင့် Major Components of the Strategic Plan ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြော ခဲ့ကြပြီး MRCCIအတွက် Yearly Action Planကို ရေးဆွဲခဲ့ကြပါသည်။










MRCCIအသင်းတွင် HACCP ISO9001 ISO22000 အသိအမှတ်ပြုလက်မှတ် ထုတ်ပေးနိုင်ရေးအတွက် Certification Body တည်ထောင်ဆောင်ရွက်ရန် ဝန်ထမ်းများ အသစ် ခန့်ထား၍ ဂျပန်နိုင်ငံမှ Business Consulting Promote (BCP)မှ ပညာရှင်များအား ခေါ်ယူ၍ (၁-၈-၂၀၁၉)ရက်နေ့မှ စ၍ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။





Certification Bodyကို အောင်မြင်စွာ ဖွဲ့စည်းတည်ထောင်ဆောင်ရွက်သွားနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနလက်အောက်ခံ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ တိကျစွာတိုင်းတာခြင်းနည်းပညာသိပ္ပံသို့ သွားရောက်၍ MRCCIနှင့် BCPမှ တာဝန်ရှိသူဆရာများ၊ ဌာနမှတာဝန်ရှိသူများနှင့် လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက်သွားရောက် ဆွေးနွေးခဲ့ပြီး လမ်းညွှန်အကြံပြုချက်များကို ရယူ၍ အကြံပြုချက်များအတိုင်း ရှေ့သို့ဆက်လက် ဆောင်ရွက်လျက်ရှိပါသည်။

Certification Body မှ ဝန်ထမ်းများအား စာသင်ခန်းအတွင်း Theoryပိုင်းဆိုင်ရာများအား သင်ကြားပြသခြင်း၊ Discussionများ ပြုလုပ်တင်ပြ ဆွေးနွေးခြင်း (Powerpoint Presentation)၊ စက်ရုံအလုပ်ရုံများသို့ ကွင်းဆင်းလေ့လာခြင်းများကို လက်တွေ့ ပြုလုပ်အကောင်အထည်ဖော်လျက်ရှိပါသည်။ စီမံချက်ပြီးဆုံးပါက အထက်မြန်မာပြည်ရှိလုပ်ငန်းရှင်များအား အသိအမှတ်ပြု Certificate လက်မှတ်များကို လွယ်ကူစွာ ထုတ်ပေးနိုင်မည် ဖြစ်ပါသည်။





# သတင်းနှင့်ပြန်ကြားရေးဆိုင်ရာလုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်မှတ်တမ်းများ

သတင်းနှင့်ပြန်ကြားရေးကော်မတီ၏ လုပ်ငန်းနှင့်တာဝန်များမှာ

- အသင်း၏လှုပ်ရှားဆောင် ရွက်ချက်များကို အချိန်နှင့်တပြေးညီသက်ဆိုင်ရာ Channelများမှ Publicသို့ ထုတ်လွှင့်သွားရန်။
- အသင်း၏ သတင်းအချက်အလက်များကို အသင်းသားများထံသို့ မှန်ကန်မြန်ဆန်စွာ မျှဝေပေးသွားရန်။
- အခြားကော်မတီများ၏ လုပ်ငန်းများနှင့်ပတ်သက်ပြီး ကူညီပံ့ပိုးဆောင်ရွက်ပေးရန်။
- ရုံးလုပ်ငန်းတွင် သတင်းအချက်အလက်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် အချက်အလက် မှန်ကန်စေရေး ဦးစားပေးဆောင်ရွက်ရန် ဖြစ်ပါသည်။

Public Relation၏ လုပ်ငန်းစဉ်များအား အောက်ပါအတိုင်း တင်ပြအပ်ပါသည်။




သတင်းအချက်အလက်များဦးတည်ဖြန့်ဝေသည့် Audience(ပရိတ်သတ်)များအနေဖြင့် Internal(အတွင်း) နှင့် External(ပြင်ပ)ဟူ၍ ခွဲခြားထားရှိပါသည်။ Internal Audienceတွင် MRCCI Members များ၊ MRCCI CEC/EC အဖွဲ့ဝင်များ၊ MRCCI ဝန်ထမ်းများ ပါဝင်ပြီး External Audience တွင် အစိုးရနှင့် ဝန်ကြီးဌာနများ၊ ညီနောင်အသင်းများ၊ မိတ်ဖက်အဖွဲ့အစည်း များ၊ ပြည်တွင်းပြည်ပ အသင်းများ၊ အဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ မီဒီယာ/သတင်းအဖွဲ့များ၊ ပြည်သူ လူထုများ ပါဝင်ပါသည်။ ဖော်ပြပါ Audienceများသို့ ဆက်သွယ်သည့် နည်းလမ်းများမှာ အထက်ပါ ရည်ညွှန်းပုံ အတိုင်း ဖြစ်ပါသည်။

ဆက်သွယ်မှုပေးသည့် သတင်းအချက်အလက် များမှာ ဟောပြောပွဲ အလုပ်ရုံ ဆွေးနွေးပွဲများ၊ သင်တန်းများ၊ အသင်းသားများအတွက်နိုင်ငံတကာမှ သင်တန်းများ၊ဆွေးနွေးပွဲများ၊ပြပွဲများ၊Business Matching/ Partner Search ၊ ကွန်ယက်ချိတ်ဆက် မိတ်ဆက်ပွဲများ၊ Networking Events၊ ကုန်ပစ္စည်း မိတ်ဆက်ခြင်းနှင့် မြှင့်တင်ရေးဆိုင်ရာပွဲများ၊ ပြည်တွင်းပြည်ပ အသင်း အဖွဲ့အစည်း ကုမ္ပဏီလုပ်ငန်းများနှင့် တွေ့ဆုံပွဲများ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အမိန့်ကြော်ငြာစာများ၊ နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးပွဲများ၊ UTCC/ IHKမှ သတင်းနှင့် ကြော်ငြာချက်များကို ထပ်ဆင့် ဖြန့်ဝေပေးလျက်ရှိပါသည်။



## Channels (နည်းလမ်းများ)








သတင်းနှင့်ပြန်ကြားရေးကော်မတီအနေဖြင့်ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်များနှင့် ညီနောင်အသင်းများ၊ အသင်းသားများ အားလုံးသို့ Viber group (၁၃)ခုဖွဲ့၍ သတင်းအချက် အလက်များကို အများပြည်သူထံဖြန့်ဝေပေးလျှက်ရှိရာ (၁)လလျှင် ပျမ်းမျှ စာ/ပုံ စောင်ရေ (၁၆၀) ခန့် ဖြန့်ဝေပေးပို့လျှက်ရှိပါသည်။ ထို့အပြင် Website ကဏ္ဍတွင် ဖွံ့ဖြိုးတိုးတက်မှု ပိုမိုရရှိစေရေးအတွက် German IHK CCIနှင့်ပူးပေါင်း၍ MRCCI Website အား အဆင့်မြှင့်တင်လျှက်ရှိပါသည်။ ထိုအပြင် flyer များပေးဝေမှုကို ဝန်ဆောင်ဆိုင်ရာ flyerများ အသိပညာ ပေးဆိုင်ရာ flyerများ ခွဲခြားဆောင်ရွက်လျှက်ရှိသည်။ ဝန်ဆောင်မှုဆိုင်ရာကဏ္ဍ တွင် MRCCIအကြောင်းနှင့် ကျွမ်းကျင်ပညာရှင် ဝန်ဆောင်မှုအကြောင်း AUMA နိုင်ငံတကာTrade Fair ဆိုင်ရာ အကြံပေး ဝန်ဆောင်မှုအကြောင်း၊ Rieckermann စက်နှင့်ကုန်ထုတ်လုပ်မှုဆိုင်ရာ ဝန်ဆောင်မှုတို့ ဖြစ်ပြီး အသိပညာမျှ ဝေမှုဆိုင်ရာ ကဏ္ဍတွင် လုပ်ငန်းခွင်လုံခြုံရေး၊ ပလပ်စတစ် အသုံးပြုမှု လျော့ချရေး အသိပညာပေးခြင်းတို့ပါဝင်ပါသည်။












သတင်းနှင့်ပြန်ကြားရေးဆိုင်ရာလုပ်ငန်းကော်မတီမှ (၂၀၁၉)ခုနှစ်အတွင်း MRCCIအသင်း ၏ လှုပ်ရှားဆောင်ရွက်မှုများကို (၂၀၁၈)ခုနှစ်ထက် Facebookတွင် ပိုမိုထည့်သွင်းတင်ပြနိုင်ခဲ့ပြီး တင်ပြဖြန့်ဝေသော သတင်းအချက်အလက်များအပေါ် သတင်းဖတ်ရှုသူများ၏ Recommendများ ပြန်လည်ရရှိခဲ့ပါသည်။ (၂၀၁၉)ခုနှစ် အတွင်း MRCCI Pageတွင် တင်ပြသော သတင်းအချက်အလက်များ အရေအတွက် မှာ အောက်ပါအတိုင်းဖြစ်ပါသည်။




၂၀၁၉ ခုနှစ်အတွင်း လအလိုက် facebook လှုပ်ရှားမှုစာရင်း

| No. | Month/2019 | Posts | Events |
|---|---|---|---|
| 1 | January | 41 | 2 |
| 2 | February | 45 | 3 |
| 3 | March | 80 | 3 |
| 4 | April | 30 | 2 |
| 5 | May | 49 | 5 |
| 6 | June | 36 | 1 |
| 7 | July | 54 | 3 |
| 8 | August | 46 | 1 |
| 9 | September | 63 | 6 |
| 10 | October | 44 | 4 |
| 11 | November | 51 | 3 |
| 12 | December | 43 | 8 |
| | စုစုပေါင်း | 582 | 41 |




အခြားသောသတင်းအချက်အလက်များနှင့် ပတ်သက်၍ CEC/ECများ၊ အသင်းသားများသို့ပြပွဲဖိတ်ခေါ်စာများ၊ ဆွေးနွေးပွဲဖိတ်ခေါ်စာများ၊ သတင်းအချက်အလက်နှင့် ပတ်သက်၍ ဖြန့်ဝေခြင်းများ အားလုံးကို Viber Group (၁၆)ခု၊ Committee ၁၁ ခု ဖွဲ့စည်း၍ သတင်းအချက်အလက်များကို အချိန်မှီ ဖြန့်ဝေပေးလျက်ရှိပါသည်။

MRCCIမှ ကြီးမှူးကျင်းပသော ပွဲများအတွက် သတင်းဖြန့်ချိခဲ့ရာ ဝင်ရောက်လေ့လာကြည့်ရှုသူပေါင်း (၁၉၀,၀၀၀)ကျော်ရှိခဲ့ပြီး Like ဝင်ရောက်လုပ်သူပေါင်း (၃၃,၀၃၃)ယောက် အထိ ရှိကြောင်း သိရပါသည်။ အထူးသဖြင့် Monthly Talk ပွဲများ အတွက် Recommendပေးမှုများ မြင့်တက်လာခဲ့ပြီး MRCCIမှ သိရှိလိုသည်များပြန်လည်ဆက်သွယ်ဖြေကြားခဲ့ပါသည်။ အခြားဝန်ဆောင်မှုများအနေဖြင့် MRCCIအသင်းတွင် လာရောက်ကျင်းပသော ပြည်တွင်းပြည်ပမှ အဖွဲ့အစည်းအသင်းများ၊ ကုမ္ပဏီများ၏ ပွဲများနှင့် ပတ်သက်၍ စိတ်ဝင်စားသူ အသင်းသူအသင်းသားများနှင့် Public များ တက်ရောက်နိုင်ရေးအတွက် ဝန်ဆောင်မှုတစ်ရပ် အနေဖြင့် သက်ဆိုင်ရာ ကဏ္ဍအလိုက် ဖြန့်ဝေပေးနိုင်ခဲ့ပါသည်။

သတင်းနှင့်ပြန်ကြားရေးကော်မတီအနေဖြင့် MRCCI၏ သတင်းဖြန့်ချိရေး ကွန်ယက် ကျယ်ပြန့်ဖွံ့ဖြိုးလာစေရေးအတွက် ဂျာမနီနိုင်ငံမှ IHKCCI၏ အကူအညီဖြင့် Marter Solution၏ ဝန်ဆောင်မှုဖြင့် MRCCI၏ Webpageကို အဆင့်မြှင့်တင်ခြင်း၊ ရုံးတွင်းဆိုင်ရာရုံးစာနှင့် ပတ်သက်သော ကိစ္စရပ်များကို မှန်ကန်လွယ်ကူစွာ ဆောင်ရွက်နိုင်ရေးအတွက် Software ပြုလုပ်ခြင်း၊ အသင်းသားရေးရာမှ အသင်းသားများ၏ လုပ်ငန်းအမျိုးအစားများ၊ အသင်းသားအသစ်ဝင်ရောက်မှု အသင်းနှစ်စဉ်ကြေးများ ပေးသွင်းမှု မှတ်တမ်းများ၊ Cartologyများအမျိုးအစားခွဲခြားခြင်း၊ဘဏ္ဍာရေးဆိုင်ရာ ကဏ္ဍများအတွက် ဝင်ငွေထွက်ငွေစာရင်း၊ အရှုံးအမြတ်စာရင်း၊ Balance Sheet၊ Stockစာရင်းများ လွယ်ကူစွာ ရေးသွင်းနိုင်ရေးအတွက် ခေါင်းစဉ်ခွဲခြား ဆောင်ရွက်ပေးခဲ့ပါသည်။

သတင်းနှင့်ပြန်ကြားရေးကော်မတီအနေဖြင့် တိုးတက်လာသော ITနည်းပညာများကို အသုံးပြု၍ သတင်းအချက်အလက်များကို အချိန်မှီဖြန့်ဝေနိုင်ရေး အစဉ်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါသည်။





# အသင်းသားဆိုင်ရာလုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်မှတ်တမ်းများ

အသင်းသားဆိုင်ရာလုပ်ငန်းကော်မတီ၏ဦးတည်ချက်များမှာ

- မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များအား စုစည်းပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် တခုတည်းသော ဦးတည်ချက်ထားရှိပြီး ဆောင်ရွက်ရန်။
- အသင်းသားအချင်းချင်းအပြန်အလှန် ချိတ်ဆက်တတ်စေပြီးအသင်းအဖွဲ့သဘောမျိုးစုစည်းညီညာစွာ ဆောင်ရွက်တတ်စေရန်။
- ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် စီးပွားရေးကိစ္စရပ်များကို ပေါင်းကူးတံတားသဖွယ် ချိတ်ဆက်ဆောင်ရွက်ပေးရန်။

(၂၀၁၉)ခုနှစ်အတွင်း အသင်းဝင်အသစ်များ /ညီနောင်အသင်းများအတွက် အသင်းဝင်လျှောက်လွှာပုံစံများ စိစစ်သတ်မှတ်ပေးခြင်း၊ အသင်းဝင်အသစ် /ညီနောင်အသင်းများအဖြစ် MRCCIလက်ခံခြင်းနှင့် ထူးခြားသည့် အသင်းသားဆိုင်ရာ ကိစ္စရပ်များကို စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြခြင်း အသင်းရေးရာဌာနတွင် အသင်းဝင် လျှောက်လွှာများ၊ ငွေရပြေစာများအသင်းဝင်ကဒ်ပြုလုပ်ခြင်းများ၊ ထုတ်ပေးမှုနှင့် လက်ကျန်မှတ်တမ်းများ ပြုစုခြင်း အသင်းဝင် ကဒ်ပြားများကို အချိန်နှင့် တပြေးညီထုတ်ပေးနိုင်ရေး ကြီးကြပ်ခြင်း၊ မဲပေးပိုင်ခွင့်ရှိသည့် အသင်းသားများအရေအတွက်ကို ဖွဲ့စည်းပုံစည်းမျဉ်းနှင့်အညီ လျင်မြန်တိကျမှန်ကန်စေရေး ကြီးကြပ်ဆောင်ရွက်ခြင်း၊ အမှုဆောင်နှင့်ပတ်သက်သော စာရွက်စာတမ်း အထောက် အထားများ ထိန်းသိမ်းခြင်း၊ မှတ်တမ်းပြုစုခြင်း၊ Profileပြုလုပ်ခြင်း၊ အသင်းသားများ၏ လုပ်ငန်း လိုင်စင်များ၊ လိုင်စင်ပါရန် မလိုအပ်သော ပညာရှင်များကို စိစစ်လက်ခံခြင်း၊ အသင်းသားများ၏ အကျိုးစီးပွား ပိုမိုဖြစ်ထွန်းရန် ဆောင်ရွက်နိုင်ရေးအတွက် ပြည်တွင်းပြည်ပ ဧည့်သည်များကို လက်ခံ ဆွေးနွေးခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။

အသင်းသားများသို့ ဆက်သွယ်ရာတွင်လည်း Viber Group (၁၃)ခုဖြင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိပါသည်။ Viberမှ တဆင့် အသင်းသားများသိရှိလိုသည့် အချက်များ၊ သတင်းများ၊ အမိန့်ကြော်ငြာစာများကို ပုံမှန်ဖြန့်ဝေပေးလျက်ရှိပါသည်။

(၂၀၁၉)ခုနှစ်အတွင်း အသင်းသားရေးရာလုပ်ငန်းကော်မတီအနေဖြင့် ကော်မတီအဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးမှု အစည်းအဝေး (၁၃)ကြိမ်ကျင်းပနိုင်ခဲ့ပါသည်။ အစည်းအဝေးများတွင် အသင်းသားများနှင့် ပတ်သက်၍ ပြန်လည်ဖြေရှင်းသွားရန် လိုအပ်သည့် ပြန်ကြားချက်များ၊ အသင်းဝင်များနှင့် ပတ်သက်သည့် သတင်းဖြန့်ဝေထားရှိမှုများ၊ အသင်းသားအသစ်များကို စိစစ်လက်ခံထားရှိမှုများ၊ စီမံခန့်ခွဲရေး ကော်မတီသို့ ဆက်လက်တင်ပြရန်လိုအပ်သည့်အချက်အလက်များကို စိစစ်ရွေးချယ်၍ ဆက်လက်တင်ပြဆုံးဖြတ်ချက်ရယူဆောင်ရွက်ခဲ့ပါသည်။









MRCCIအသင်းသို့ ဝင်ရောက်ရန် လိုအပ်သည့် အချက်များမှာ လုပ်ငန်း လိုင်စင်မိတ္တူတစ်စောင်၊ အိမ်ထောင်စုဇယား မိတ္တူ၊ မှတ်ပုံတင် မိတ္တူ၊ ပတ်စ်ပို့ဓာတ်ပုံ (၃)ပုံ၊ အသင်းဝင်ကြေး(၅၀,၀၀၀) ကျပ်၊ နှစ်စဉ်ကြေး (၃၀,၀၀၀)ကျပ် အသင်းဝင်ကဒ်သစ်ကြေး(၂,၀၀၀)ကျပ်ဖြင့် အသင်းဝင်ရောက်လာသူများကို စီစစ်လက်ခံဆောင်ရွက်ပေးလျက်ရှိပါသည်။

MRCCIအသင်းသားများအတွက် သတင်းအချက်အလက်များကို Viber Group၊ Email၊ Facebook၊ လက်ကမ်းဖိတ်စာများဖြင့် ဖြန့်ဝေဆက်သွယ်လျက် ရှိပါသည်။ အသင်းသားများ၏ တင်ပြချက်များ၊ ပြန်လည်မေးမြန်းချက်များကို Viber/Phoneတို့ဖြင့် ပြန်လည်ဖြေကြားပေးလျက် ရှိပါသည်။







အသင်းစတင်ဖွဲ့စည်းတည်ထောင်သည့် ခုနှစ်မှ ယနေ့အထိ MRCCIအသင်းသို့ ဝင်ရောက် သည့် အသင်းသားဝင်ရောက်မှု အခြေပြဇယား




MRCCIအသင်းသို့ (၂၀၁၈)ခုနှစ်နှင့် (၂၀၁၉)ခုနှစ်အတွင်း အသင်းသားသစ်ဝင်ရောက်မှု အခြေအနေအား အထက်ပါအတိုင်း တင်ပြအပ်ပါသည်။ ဖော်ပြပါအခြေပြဇယားအရ (၂၀၁၈)ခုနှစ်၏ အသင်းသားဝင်ရောက်မှုမှာ (၁၈၉)ဦးရှိပြီး (၂၀၁၉)ခုနှစ်တွင် အသင်းသားဝင်ရောက်မှာ (၂၀၈)ဦးအထိ ရှိခဲ့ပါသည်။ ထို့အပြင် (၂၀၁၈)မှ (၂၀၁၉)ခုနှစ်အထိ လအလိုက်အသင်းသားဝင်ရောက်မှုတွင် အမြင့်ဆုံးအား နှိုင်းယှဉ်ကြည့်ပါက(၂၀၁၉)ခုနှစ် မေလမှာ အသင်းသားဝင်ရောက်မှု နှုန်းအမြင့်ဆုံးအထိရောက်ခဲ့ပြီး (၂၀၁၈)ခုနှစ် ဇူလိုင်လ၏ အသင်းသားဝင်ရောက်မှုမှာ အမြင့်ဆုံးဖြစ်သည်ကို လေ့လာတွေ့ရှိရပါသည်။

လက်ရှိအသင်းသားပေါင်း (၃၁၅၉)ဦးအထိ ရှိပြီး MRCCIအသင်းဝင်များ၏ လုပ်ငန်းအမျိုးအစားများအား IHK အကူအညီဖြင့် MRCCI E-office Membership Management Systemအရ လုပ်ငန်းအမျိုးအစားများမှာ ကျောက်မျက်၊ ဟိုတယ်၊ ပဲနှမ်း၊ IT/နည်းပညာ၊ ဆန်စပါး၊ ဆောက်လုပ်ရေး၊ သယ်ယူပို့ဆောင်ရေး၊ ခရီးသွားလုပ်ငန်း၊ ပို့ကုန်သွင်းကုန်လုပ်ငန်း စသည်ဖြင့် လုပ်ငန်းအမျိုးအစားပေါင်း (၇၅)မျိုးရှိပါသည်။

အသင်းသားများ၏ အကျိုးစီးပွားများအတွက် ပိုမိုချိတ်ဆက်ဆောင်ရွက်နိုင်စေရန် ပြည်တွင်း ပြည်ပ




ဧည့်သည်များကို လက်ခံတွေ့ဆုံ ဆွေးနွေးခြင်းနှင့် အပြန်အလှန်ဆက်သွယ် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ (၁၈-၁၂-၂၀၁၉)ရက်နေ့၊ MRCCI အသင်းရုံးတွင် မြန်မာအမျိုးသမီးစီးပွားရေးလုပ်ငန်းရှင်များအသင်း (MWA-Mandalay)၊ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း မန္တလေး (MWEA-Mandalay)၊ ဗီယက်နမ်နိုင်ငံမှ အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း (VAWE) တို့နှင့်တွေ့ဆုံ၍ လက်ရှိလုပ်ရှားဆောင်ရွက်လျက်ရှိသည့်အချက်များအား အပြန်အလှန်မိတ်ဆက်တင်ပြခဲ့ပြီး လက်တွေ့ကျသော စီးပွားရေး ပူးပေါင်းဆောင်ရွက်နိုင်သည့်အချက်များကို ဆွေးနွေးခဲ့ကြပါသည်။ (၂၉-၄-၂၀၁၉)ရက်နေ့တွင် MRCCI ဧည့်ခန်းတွင် Huayang Internationalအဖွဲ့မှ Ms. Celine Ye (President of Huayang International)၊ Mr. Kitch Yeung (Vice-President of Huayang Internatioal) တို့နှင့်တွေ့ဆုံ၍ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။



MRCCIအသင်းသည် (၁၉၉၁)ခုတွင် စတင်တည်ထောင်ခဲ့အချိန်မှစ၍ အသင်းဝင်ပေါင်း (၃၀၀၀)ကျော်နှင့်လက်တွဲပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် ညီနောင်အသင်းပေါင်း(၃၉)သင်းဖြင့် အထက်မြန်မာပြည်တိုင်းဒေသကြီးများနှင့် ပြည်နယ် စက်မှုကုန်သည်အသင်းများနှင့်လည်း ချိတ်ဆက်ဆောင်ရွက်လျက်ရှိရာ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အကြီး အကဲများနှင့် မြန်မာ့စီးပွားရေးလုပ်ငန်းတွေ့ဆုံပွဲကို MRCCIတွင်ကျင်းပ ပြုလုပ်နိုင်ရေးအတွက် နိုင်ငံတော် ဒုတိယသမ္မတ(၁)ထံ ခွင့်ပြုချက်တောင်းခံခဲ့ပြီး မိမိတို့ညီနောင်အသင်းများ အနေဖြင့် ကြုံတွေ့ရင်ဆိုင်ဖြေရှင်းနေရသော စီးပွားရေးနှင့်ပတ်သက်သည့် အခွင့်အရေးများကို သတ်မှတ်ပုံစံနှင့်အညီတင်ပြသွားရန် ရုံးတင်ပြစာနှင့်အတူ တောင်းခံထားခဲ့ပြီး သကြားနှင့်သကာရည်လုပ်ငန်းရှင်များအသင်း မန္တလေး တိုင်းဒေသကြီး အိမ်ခြံမြေကိုယ်စားလှယ်များ ဖွံ့ဖြိုးတိုးတက်ရေးအသင်း၊ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း (မန္တလေး)တို့မှ တင်ပြထားချက်များအား ဒုတိယသမ္မတ(၁)ထံသို့ တင်ပြသွားရန် စီစဉ်ဆောင်ရွက်ပြီး ဖြစ်ပါသည်။

MRCCIအသင်းတွင် ညီနောင်အသင်း (၃၉)သင်း၊ မိတ်ဖက်အသင်း (၁) သင်း (စစ်ကိုင်းခရိုင် ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း)တို့ဖြင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။ MRCCIအသင်း၏ ညီနောင်အသင်းဝင်ရန် လိုအပ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA)မှ မှတ်ပုံတင်ရှိရန်နှင့် မိခင်အသင်း၏ထောက်ခံချက်။

၂။ အသင်းဖွဲ့စည်းပုံ။

၃။ သင်းဖွဲ့မှတ်တမ်းနှင့်သင်းဖွဲ့စည်းမျဉ်း။

၄။ ညီနောင်အသင်းအဖြစ်လျှောက်ထားသောအသင်းမှ CEC/EC အစည်းအဝေး ဆုံးဖြတ်ချက်။

၅။ အသင်းသားရေးရာအတွက် အနည်းဆုံး (၅၀)ဦးစာရင်း။

၆။အကျိုးအမြတ်မယူသောစီးပွားရေးလုပ်ငန်းရှင်အသင်းဖြစ်သည့်အတွက် လူမှုရေး အသင်းများ လက်မခံရန်။

၇။ ရုံးခန်းတည်နေရာရှိရန်။

၈။ညီနောင်အသင်းများသည် အသင်းသားများနည်းတူ အသင်းဝင်ကြေးနှင့်နှစ်စဉ် ကြေးကို တာဝန်ကျေပွန်ရန်။

MRCCIအသင်း၏ အသင်းသားဟောင်းများနှင့် အသင်းဝင်အသစ်များအကြား ရင်းနှီးချစ်ခင်မှု ရရှိစေရန် စီးပွားရေးအရ အပြန်အလှန်ချိတ်ဆက်ဆောင်ရွက်နိုင်ရန် အသင်းသားများအတွင်း Networkကျယ်ပြန့်စေရန် MRCCIအသင်းသားများ၏ တက်ကြွပျော်ရွှင်စွာ ပူးပေါင်းဆောင်ရွက် ကြသည့် ပုံရိပ်များကို အများပြည်သူသို့ သိရှိဖြန့်ဝေပေးရန်နှင့် MRCCIအသင်း၏ အကြောင်းကို Publicအတွင်း ကျယ်ပြန့်စွာသိရှိ၍ MRCCIနှင့် ပူးပေါင်းဆောင်ရွက်လာစေရန် ရည်ရွယ်၍ (၂၀၁၉)ခုနှစ် Members Dayကို (၃၁-၁၂-၂၀၁၉)ရက်နေ့တွင် ကျင်းပခဲ့ပါသည်။

Members day နေ့တွင် အသင်းသူ/အသင်းသားများ၏ လုပ်ငန်းပေါင်း (၁၃) မျိုးမှထုတ်ကုန် ပစ္စည်းများကို ခင်းကျင်းပြသခဲ့ရာ တက်ရောက်လာသူများမှ စိတ်ပါဝင်စားစွာ ဆွေးနွေးမေးမြန်းခြင်းတို့နှင့်အတူ ထုတ်ကုန်ပစ္စည်းများနှင့် ပတ်သက်၍ ဝယ်ယူခြင်းနှင့် ရောင်းချမှုကိစ္စများကို တွေ့ဆုံ မေးမြန်းခဲ့ကြပါသည်။





# ဥပဒေဆိုင်ရာလုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်မှတ်တမ်းများ

ဥပဒေဆိုင်ရာလုပ်ငန်းကော်မတီအား MRCCIအသင်းသူ/အသင်းသား များ လုပ်ငန်း ကော်မတီအသီးသီး၏ ဆောင်ရွက်ချက်များ၊ နိုင်ငံတကာစီးပွားရေးလုပ်ငန်း အစုအဖွဲ့များကို လုပ်ထုံး လုပ်နည်းဥပဒေနှင့်အခွင့်အာဏာများကို တိကျမှန်ကန်စွာ ဆောင်ရွက်ပေးနိုင်ရန်၊ မြန်မာနိုင်ငံတော် အစိုးရအဖွဲ့မှ သတ်မှတ်ပြဋ္ဌာန်းချက်ဥပဒေ၊ နည်းဥပဒေလုပ်ထုံးလုပ်နည်းများ အဓိကအလေးအနက်ထား ဆောင်ရွက်နိုင်စေရန်၊ အသင်းသူ/အသင်းသားများ၏လုပ်ကိုင်ဆောင်ရွက်မှုဖွံ့ဖြိုးတိုးတက်စေရန်နှင့်မျှတသော စီးပွားရေးအသိုက်အဝန်း စုပေါင်းတည်ထောင်သွားရန် ရည်ရွယ်ချက်ဖြင့် ဥပဒေဆိုင်ရာ လုပ်ငန်းကော်မတီအား အဖွဲ့ဝင် (၂၇)ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

ဥပဒေဆိုင်ရာလုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်များမှာ အသင်းသူ/ အသင်းသားများ၏ လုပ်ငန်းဆောင်ရွက်ချက်များကို အခွင့်အာဏာနှင့်လုပ်ထုံး လုပ်နည်းများနှင့်အညီ ထိန်းကျောင်းတည့်မတ်ခြင်းဖြင့် အပြည့်အဝ ဆောင်ရွက် ပေးနိုင်ခဲ့ပါသည်။ နိုင်ငံတကာစီးပွားရေးလုပ်ငန်းစုများနှင့် နားလည်မှု စာချွန်လွှာ လက်မှတ် (MOU)စီစစ်ပြီး သဘောတူလက်မှတ်ရေးထိုးခြင်းကို (၂၀၁၉)ခုနှစ်အတွင်း (၈)ခု လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။ ပြင်ပစီးပွားရေးလုပ်ငန်းစု Popy International Co.,Ltd ၏ ဖြစ်စဉ်များတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ စီစစ်ပေးရန် တာဝန်များကို လည်း ဥပဒေနှင့်အညီ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ မဟာညီအစ်ကိုကုမ္ပဏီလီမိတက်၏ CMPနှင့် Normal စနစ်(၂)မျိုးဖြင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို စီစစ်တင်ပြရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အကြောင်းကြားစာအရ ကွင်းဆင်းစစ်ဆေးပြီး စုံစမ်းတွေ့ရှိချက်များကို ပြန်လည်တင်ပြနိုင်ခဲ့ပါသည်။ ရှေ့လုပ်ငန်းစဉ်များ အကောင် အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဥပဒေဆိုင်ရာလုပ်ငန်းကော်မတီမှ နိုင်ငံတော် သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။ (၂၀၁၉) ခုနှစ်အတွင်း လက်မှတ်ရေးထိုးပြီးသည့် အသင်းအဖွဲ့များမှာ အောက်ပါတိုင်းဖြစ်ပါသည်။

၁။ Baoshan Business Liaison Office (Mandalay), Yunnan State The People's Republic of China

၂။ The Chamber of Commerce & Industry Reultingen (CCI)

၃။ ချင်းတွင်းကောလိပ် (မန္တလေး)

၄။ British Chamber of Commerce Myanmar (BCCM)

၅။ China Council for the Promotion of International Trade (CCPIT) Sichuan Council

၆။ World Wide Fund for Nature (WWF)-Myanmar

၇။ ရှမ်း(ရှေ့) တာချီလိတ်ခရိုင် နယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း

၈။ The Chaing Rai Chamber of Commerce

30

Memorandum of Understanding
Between
Mandalay Region Chamber of Commerce & Industry
AND
The Chiang Rai Chamber of Commerce, Thailand

**Introduction**
In Pursue to strengthen business relations and develop reciprocal cooperation, The Mandalay Region Chamber of Commer and Industry, Myanmar and The Chiang Rai Chamber of Commerce, Thailand (hereinafter defined to as the parties), concluded the following Memorandum of Understanding(MOU) for Trade and Investment Cooperation.

The Puropose of this MOU is to establish a pratical framework for the development of strong business relation between the two parties, and to set forth the procedures of cooperation which can enhance the implementation of reciprocal economic objectives.

**Article One**
The parties shall encourage, promote and facilitate economic cooperation among their business communities to the mutual interests of both sides, and in accordance with the laws and regulations of two countries.

**Article Two**
The parties shall encourage the exchange of trade delegations, experts and economics discussion and shall the following-up such visits.

**Article Three**
The parties shall coordinate to establish and expand a business network, which facilitates the circulations of business opportunities available in both countries among the member of two parties.

**Article Four**
The Parties shall encourage the flow of reciprocal economic information, statistics and trade data and ensure making them accessible for members of both parties to facilitates trade contracts and activate joint projects.

**Article Five**
Each Party shall assist the other in organizing or participating in trade fairs, exhibitions, conferences, seminars and other similar activites held in both countries.

**Article Six**
The Parties shall support and encourage the exchange of technical expertise know-how and training opportunities between their respective members.

**[Term of MOU]**
This MOU for Trade and Investment Cooperation is valid for two years from the date of signatures by both parties. Unless otherwise there is objection from either party, the discussion will be extended another two year. Afterward the same procedure will be taken.

As the evidence of the confirmation of the aforementioned clauses by the parties, the representatives of two parties signs the Discussion and reserve the one each by the responsibility of each party.

This MOU is made in duplicate and signed in ember ( ), 2019
Each party receiving a copy thereof.

For
Mr.Anurat Intorn
President of The Chiang Rai Chamber of Commerce, Thailand

For
Mr. Kyaw Min
President of The Mandalay Region Chamber of Commerce and Industry, Myanmar

Miss Pakaimas Vierra
Vice-President
Witness

Mr. Aung San Win
Vice-President
Witness

(၂၀၂၀)ခုနှစ် အတွင်း MRCCIအသင်း၏ ရေ့လာမည့် အနာဂတ် အစီအစဉ်များဖြစ်သည့် Ceritification Body ဖွဲ့စည်းတည်ထောင်နိုင်ရေးအတွက် ဂျပန်နိုင်ငံမှ Business Consulting Promote(BCP) အဖွဲ့မှ MOUလက်မှတ် ရေးထိုးရန်Draftစာကြမ်း ပေးပို့လာသည့်အပေါ် ဥပဒေ အချက်အလက်များ နှင့်ပတ်သက်၍ လေ့လာသုံးသပ်စီစဉ် စိစစ်ဆဲဖြစ်ပြီး စိစစ်ပြီးစီးပါက MOUနှင့်ပတ်သက်သည့် ပြင်ဆင်ရန် အချက်အလက်များ ရှိပါကပြင်ဆင်ဆောင်ရွက် နိုင်ရေး စီ/ခန့်ကော်မတီသို့ဆက်လက်တင်ပြဆောင်ရွက်သွားရန် စီစဉ်ထားရှိပါသည်။

MOUလက်မှတ်ရေးထိုးထားအဖွဲ့အစည်းများနှင့် MOUပါ ဆောင်ရွက်ရန် အချက်အလက်များနှင့်အညီ လက်တွေ့ကျသည့် လက်တွဲပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် ချင်းတွင်းကောလိပ်မှ ဘာသာရပ်အလိုက် ကျောင်းသူကျောင်းသားများကို Internshipဆင်းနိုင်ရေးအတွက် အသင်းသူအသင်းသား များ၏ စီးပွားရေးလုပ်ငန်းများ၊ စက်ရုံအလုပ်ရုံများသို့ ဆက်သွယ်ညှိနှိုင်းကူညီ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ Reutlingen CCI World Wide Fundတို့နှင့် ပူးပေါင်း၍ Seminar ပွဲ ကျင်းပခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။










Popy ထုတ်ကုန်နှင့်
ဈေးကွက်မှပြန်လည်သိမ်းဆည်းရသည့်
ထုတ်ကုန်များ



အသင်းသားအချင်းချင်းသော်လည်းကောင်း၊ အမှုဆောင်များအချင်းချင်းသော်လည်းကောင်း၊ အသင်းနှင့်အမှုဆောင်ကြားတွင်သော်လည်းကောင်း၊ အသင်းနှင့်လူပုဂ္ဂိုလ်များအကြား ထိပ်တိုက်ဖြစ်ပေါ်လာသည့် ဖြေရှင်းစရာကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်သည့်အနေဖြင့် မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်၊ စက်မှုဇုန်(၁) စက်မှုပန်းခြံလမ်းရှိ Poppy International Trading Co.,Ltdမှ ထုတ်လုပ်သော Love Juice Sample Text Wine တတမ်းပါ ဝိုင်ပုလင်းပုံသဏ္ဍာန်ပါ အချိုရည်ဗူးများအားဆိုင်များမှ တဆင့်လက်လီရောင်းချမှုအပေါ် မူးယစ်လာနိုင်စေတတ်သောပစ္စည်းများပါလာနိုင်ကြောင်း ဒေသခံပြည်သူမှ တင်ပြလာသည့်အပေါ် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးမှ စုံစမ်းစစ်ဆေး တင်ပြရန် ညွှန်ကြားချက်အပေါ် Poppy love Juice အချိုရည်ထုတ်လုပ်မှုလုပ်ငန်းသို့ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍ သွားရောက်စစ်ဆေးခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အစီရင်ခံစာကို တိုင်းဒေသကြီးအစိုးရ အဖွဲ့ထံသို့ ပြန်လည်တင်ပြခဲ့ပြီးဖြစ်ပါသည်။

ဥပဒေဆိုင်ရာလုပ်ငန်းကော်မတီအနေဖြင့် အခြားကော်မတီအသီးသီး၏ လုပ်ငန်းဆောင်ရွက်မှုများအားလုံးကို သင်းဖွဲ့စည်းမျဉ်းနှင့်ညီညွတ်စေရန် ထိန်းကျောင်းအကြံပြုခြင်း၊ စီ/ခန့်ကော်မတီသို့ တင်ပြခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

MRCCIအသင်းကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် လာရောက်ပူးပေါင်းဆောင်ရွက်လျက်ရှိသော IHKCCI နှင့် ဒုတိယ (၃)နှစ်သက်တမ်း စာချုပ် (Phase II) ပါအချက်အလက်များနှင့်ပတ်သက်၍ အသင်းသားများ၏အကျိုးစီးပွား၊ အသင်း၏ အကျိုးစီးပွားကို စောင့်ရှောက်၍ သင်းဖွဲ့စည်းမျဉ်းပါ အချက်အလက်များအား မဆန့်ကျင်စေဘဲ ပူးပေါင်းဆောင်ရွက်မှုပြုလုပ်နိုင်ရေး အကြံပြုတင်ပြနိုင်ခဲ့ပါသည်။

ဥပဒေဆိုင်ရာလုပ်ငန်းကော်မတီ၏ ရှေ့ဆက်လုပ်ငန်းစဉ်များမှာ အသင်း၏ ကော်မတီအသီးသီး ဆောင်ရွက်ချက်များတွင် နိုင်ငံတော်မှ သတ်မှတ်ပြဋ္ဌာန်းထားသည့် လုပ်ထုံးလုပ်နည်း၊ နည်းဥပဒေများနှင့် ညီညွတ်စေရေး၊ MRCCI အသင်းသူ/အသင်းသားများနှင့် နိုင်ငံတကာစီးပွားရေးအသိုက်အဝန်းတို့ အချိန်နှင့်တပြေးညီဆောင်ရွက်နိုင်ရေးနှင့်အတူ မြန်မာနိုင်ငံတော်အစိုးရမှ သတ်မှတ်ပြဋ္ဌာန်းထားသည့်လုပ်ထုံးလုပ်နည်း၊ နည်းဥပဒေနှင့်အညီအလေးထားဆောင်ရွက်သွားရန်တို့ဖြစ်ပါသည်။





# နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်မှတ်တမ်းများ

နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

- နိုင်ငံတကာအဖွဲ့အစည်းများ၊ Company များနှင့် အသင်းမှ သက်ဆိုင်သည့် စီးပွားရေးလုပ်ငန်းရှင်များ၊ ညီနောင်အသင်းများအား တွေ့ဆုံဆွေးနွေးရေး ပေါင်းစပ်ချိတ်ဆက်ပေးရေး။
- နိုင်ငံတကာစီးပွားရေးအခွင့်အလမ်းများ ရရှိလာရေး အထက်မြန်မာပြည်စီးပွားရေးလုပ်ငန်းရှင်များ ဖွံ့ဖြိုးတိုးတက်စေရန်ပေါင်းကူးဆောင်ရွက်ပေးရေး။
- နိုင်ငံတကာပြပွဲ၊ ပြိုင်ပွဲ၊ လေ့လာရေးခရီးစဉ်များအတွက် အသင်းသူ/အသင်းသားများ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် စီမံစေလွှတ်စေရေး။
- သက်ဆိုင်ရာဌာန၊ အစိုးရဌာန၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် ပိုမိုအကျိုးဖြစ်ထွန်းစေရန် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်နိုင်ရေး။
- မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် (MUFL)၊ နိုင်ငံတကာဆက်ဆံရေးဘာသာရပ် (IR) ဌာနများ၊ MPA၊ ပြည်သူ့ရေးရာအုပ်ချုပ်မှု အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး။
- ပြည်သူ၊ အစိုးရ၊ ပုဂ္ဂလိကအတူပူးပေါင်းဆောင်ရွက်နိုင်ရေး (Public, Private, Partnership, and Dialogue)။




| | India | Thailand | China | Germany | Japan | UK | Local |
|---|---|---|---|---|---|---|---|
| Series1 | 4 | 6 | 6 | 3 | 1 | 1 | 9 |

နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီအနေဖြင့် အသင်းသူအသင်းသားများ၏ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာနှင့် ဆက်သွယ်မှုရရှိရေး ပူးပေါင်းဆောင်ရွက် နိုင်ရေးတို့အတွက် နိုင်ငံတကာနှင့် ဒေသတွင်း စီးပွားရေးအသင်းအဖွဲ့များနှင့် MOUလက်မှတ် ရေးထိုးသည့် အကြိမ်ပေါင်း (၃၀)ရှိခဲ့ပြီး ဖြစ်ပါသည်။





(၁၆.၁.၂၀၁၉)ရက်နေ့တွင် အီတလီနိုင်ငံ သံအမတ်ကြီး MR. Alessandro Durante နှင့်ကိုယ်စား လှယ်အဖွဲ့အား MRCCI Ruby ခန်းမတွင် လက်ခံတွေ့ဆုံခဲ့သည့်ပွဲတွင် ဒုဥက္ကဋ္ဌ (၁) ဦးအောင်ဆန်းဝင်း၊ ဒုဥက္ကဋ္ဌ ဦးမြတ်ထွန်း၊ အထွေထွေအတွင်းရေးမှူး ဦးဥက္ကာကျော်နှင့် ဗဟို အလုပ်အမှုဆောင်များနှင့် အလုပ်အမှုဆောင်များ တက်ရောက်ခဲ့ကြပါသည်။ ဆွေးနွေးပွဲတွင်စိုက်ပျိုးရေး လုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းသုံးကိရိယာများ တပ်ဆင်ထုတ်လုပ်ရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ၊ သင်တန်းများနှင့်ပတ်သက်၍လည်း နည်းပညာဆိုင်ရာ လက်ဆင့်ကမ်းခြင်း ကိစ္စရပ်များကို ပူးပေါင်းလုပ်ကိုင်နိုင်ရေး အလေးထားဆွေးနွေးခဲ့ကြပြီး သံအမတ်ကြီးအနေဖြင့် မန္တလေးသို့ အသင်းကြီးနှင့် တွေ့ဆုံလို၍ ပထမအကြိမ်လာရောက်ခဲ့ခြင်းဖြစ်ကြောင်း စိုက်ပျိုးရေးကဏ္ဍကို အခြေခံသောလုပ်ငန်းများတွင် နည်းပညာအကူညီများ ခေတ်မီစက်ကိရိယာများကို အသုံးပြုတတ်လာစေရေးကိစ္စရပ်များ ကူညီပူးပေါင်း ဆောင်ရွက်လိုကြောင်း နောက်ထပ် လာရောက်ပြီး အသေးစိတ်ပူးပေါင်းဆောင်ရွက်လာနိုင်ရေးအတွက် ကူညီလိုကြောင်း ရေရှည်ပူးပေါင်းဆောင်ရွက်မှုများ တည်ဆောက်လိုကြောင်း အပြန်အလှန် ဆွေးနွေးခဲ့ကြပါသည်။



(၁-၄-၂၀၁၉)ရက်နေ့ Mandalay Hill Resortဟိုတယ်တွင် မလေးရှားနိုင်ငံဆိုင်ရာသံအမတ်ကြီး Mr.Zahairi Bin Baharimအဖွဲ့ နှင့် ဖိတ်ကြားချက်အရ ဥက္ကဋ္ဌဦးကျော်မင်း၊ ဒုဥက္ကဋ္ဌဦးမျိုးကျော်ဝင်း၊ ဒုဥက္ကဋ္ဌ ဦးမိုးကျော်ကျော်တို့ သွားရောက်တွေ့ဆုံခဲ့ပြီးနှစ်နိုင်ငံ အကြားစီးပွားရေးပူးပေါင်း ဆောင်ရွက်ရန် အနာဂတ် အစီအစဉ်များ၊ Business Matchingများကျင်းပ၍နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံမိတ်ဆက်၍ ချိတ်ဆက်



British Chamber of Commerce (Myanmar) မှ Mr. Peter Crowhurst(CEO)နှင့် ဒေါ်ဖင်ဖင်ခိုင်တို့မှ MRCCIနှင့် BCCMတို့အကြား အနာဂါတ်တွင် ပိုမိုပူးပေါင်း ဆောင်ရွက်သွားနိုင်ရန် အတွက် BCCM အဖွဲ့အနေဖြင့် MRCCIနှင့်စဉ်ဆက်မပြတ်လာရောက်တွေ့ဆုံပြီး MOU လက်မှတ်ရေးထိုးရေးကိစ္စ ဆောင်ရွက်သွားရန်၊ Business Event များကိုလည်း ပူးပေါင်းကျင်းပသွားရန်၊ နိုင်ငံတကာမှ Potential Buyers များထံသို့ မန္တလေးမြို့ရှိ စိုက်ပျိုးရေးထွက်ကုန်များဖြစ်သည့် ပဲ၊ နှမ်း စသည့် တို့ကို Export လုပ်ကိုင်နိုင်သည်အထိ ကူညီဆောင်ရွက်သွားရန်ကိစ္စရပ်များ၊ အခြားကဏ္ဍ များမှလုပ်ငန်းလိုအပ်ချက် ပရောဂျက်များအတွက်လည်း လိုအပ်သည့်နည်းပညာအကူအညီများ ပေးသွားရန်နှင့်






UK Educationပိုင်း ဆိုင်ရာ အကူအညီများအား ယခင်ထက်ပိုမိုဆောင်ရွက်သွားနိုင်ရေး စသည့်ကိစ္စကဏ္ဍရပ်များအတွက် ချစ်ချစ်ခင်ခင်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ပြီး MRCCIအနေဖြင့်Business Consulting Promote ကဲ့သို့ Certificate Agencyအတွက်လိုအပ်သည်များ ပံ့ပိုးကူညီပေးသွားရန်အတွက် (၂၆-၄-၂၀၁၉) ရက်နေ့တွင် MRCCIအစည်းအဝေးခန်းမတွင် ဒုတိယဥက္ကဋ္ဌဦးမိုးကျော်ကျော်၊ အထွေထွေအတွင်းရေးမှူး ဦးဥက္ကာကျော်၊ တွဲဖက်အတွင်းရေးမှူး ဦးသက်ထွန်းလင်း တို့မှ တက်ရောက် ဆွေးနွေးခဲ့ကြပါသည်။

(၂၁-၅-၂၀၁၉)ရက်နေ့ MRCCIဟောခန်းမတွင် Eurocham MyanmarrS Business Climate In Upper Myanmar ESifh ywfoufi Regulatory & Policy Constraints in upper Myanmar- Government and MRCCI Relations - EU companies share of experiences in doing business in Mandalay ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပွဲ ကျင်းပခဲ့ရာ ယင်းဟောပြောဆွေးနွေးပွဲ တွင် မန္တလေးတိုင်းဒေသကြီးသည် Greater Mekong Sub-region (GMS)\ Economic Corridors တစ်ခုဖြစ်ကြောင်း၊ ကုန်သွယ်စီးပွားရေးလုပ်ငန်းအတွက် မြန်မာနိုင်ငံ၏ဗဟိုအချက်အချာ နေရာတစ်ခုဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများအနေဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ စိုက်ပျိုးရေးကို အခြေခံသော စီးပွားရေးလုပ်ငန်းများ၊ စားသောက်ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ ခရီးသွားနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ လုပ်ငန်းများရှိကြောင်း၊ မန္တလေးတိုင်းဒေသကြီးသည် Asia Highwayလမ်းမကြီး၏ ဗဟိုအချက် အချာကျသော (AH1,2,14)တွင် တည်ရှိကြောင်း၊အာရှ၏ဗဟိုအချက်အချာကျသောမီးရထားလမ်းပိုင်းနှင့် ရေကြောင်းလမ်း၊ နိုင်ငံတကာလေဆိပ်ရှိသော နေရာဖြစ်ကြောင်းနှင့် မန္တလေးတိုင်းဒေသကြီး၏ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် စိန်ခေါ်နေသော အချက်များမှာ လုပ်သားအရင်းအမြစ်များ လွယ်ကူစွာ ရရှိနိုင်ရေး၊ လျှပ်စစ်ဓာတ်အားစွမ်းအင်လုံလောက်စွာရရှိနိုင်ရန်၊ ကျွမ်းကျင်သော အလုပ်သမားများရရှိရေးကိစ္စများအကြောင်းကျယ်ပြန့်စွာ တွေ့ဆုံဆွေးနွေး ခဲ့ပြီး Pannel Discussionတွင်ဒုတိယဥက္ကဋ္ဌဦးမိုးကျော်ကျော်နှင့် Eurocham Myanmarမှ တာဝန်ရှိသူများ ဆွေးနွေးပြောကြားခဲ့ကြပါသည်။

(၃-၆-၂၀၁၉)ရက်နေ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ လင်ချန်းမြို့ ဒုတိယမြို့တော်ဝန် Mr.Yang Wenzhangဦးဆောင်သည့် ကိုယ်စားလှယ်(၁၂)ဦး အဖွဲ့နှင့် တွေ့ဆုံရာ ဥက္ကဋ္ဌ ဦးကျော်မင်း၊ ဒုတိယဥက္ကဋ္ဌ ဦးမိုးကျော်ကျော်၊ အထွေထွေအတွင်းရေးမှူး ဦးဥက္ကာကျော်၊ တွဲဖက်အတွင်းရေးမှူး ဦးသက်ထွန်းလင်းနှင့် CEC/ECများမှ လက်ခံတွေ့ဆုံဆွေးနွေးခဲ့ပါသည်။ အထက်ပါဆွေးနွေးပွဲတွင် တရုတ်မြန်မာစီးပွားရေး စင်္ကြံအောက်မှ လမ်းတံတားဆောက်လုပ်ရေးလုပ်ငန်းများ၊ နှစ်နိုင်ငံ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကိုဆွေးနွေးခဲ့ကြပါသည်။






လင်ချန်းဒုတိယမြို့တော်ဝန်မှတရုတ်နှင့်မြန်မာသည်ချစ်ကြည်ရင်းနှီးသည့်အိမ်နီးချင်းပေါက်ဖော်များဖြစ်ကြောင်း၊ တောတောင်ရေမြေထိစပ် ဆက်လျက်ရှိနေပြီး လင်ချန်းမြို့၏ ချင်းရွှေဟော်နယ်စပ်ဂိတ်နှင့် နမ့်စန် နယ်စပ်ဂိတ်တို့သည်မြန်မာ ဘက်မှ နယ်စပ်ဂိတ်များနှင့် ရှေးယခင်ကတည်းကကုန်သွယ်မှု ဆက်သွယ်မှုများရှိခဲ့ပြီး ကဏ္ဍစုံ နည်းလမ်းပေါင်းစုံ အပြန်အလှန် ဖလှယ်မှု ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ရန် မြန်မာ အစိုးရအဖွဲ့၏ လူမှုအဖွဲ့အစည်းများနှင့် ချစ်ကြည်ရင်းနှီးမှုတိုးမြှင့် စေရန် ရည်ရွယ်၍ တွေ့ဆုံဆွေးနွေးခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

တရုတ်နိုင်ငံကောင်စစ်ဝန်ချုပ်မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရှန်ရှီးပြည်နယ်၊ ရှီအမ်မြို့သို့ လေ့လာရေး ဖိတ်ခေါ်ချက်အရ MRCCIအသင်းမှ ဥက္ကဋ္ဌဦးကျော်မင်း ဦးဆောင်သော ကိုယ်စားလှယ် (၁၁)ဦးအဖွဲ့မှ သွားရောက်ခဲ့ပြီး The Fourth Silk Road Exposition and Investment and Trade Forum for Cooperation between East and West Chinaသို့ တက်ရောက်ခဲ့ပါသည်။ ဥက္ကဋ္ဌ ဦးကျော်မင်းမှ (၁၂-၅-၂၀၁၉)ရက်နေ့ Xi'an Shaanxiတွင် ကျင်းပသည့် Belt and Road Forum for International Cooperation in Poverty Reduction Forumသို့ တက်ရောက်၍ Poverty reduction and alleviationခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးခဲ့ပါသည်။ အဆိုပါတရုတ် ခရီးစဉ်အတွင်း (၇-၅-၂၀၁၉)ရက်နေ့တွင် စီချွမ်းပြည်နယ်နာမည်ကြီး စီးပွားရေးလုပ်ငန်းရှင် များအသင်း ကုန်သွယ်မှုမြှင့်တင်ရေး အသင်းနှင့် စီးပွားရေးလုပ်ငန်းရှင်များအား တွေ့ဆုံဆွေးနွေးခြင်း များပြုလုပ်နိုင်ခဲ့ပါသည်။ တဆက်တည်းတွင် ချန်ဒူးစီးပွားရေး နည်းပညာဇုန်သို့ ဆက်လက် သွားရောက်လေ့လာခဲ့ကြပါသည်။ (၈-၅-၂၀၁၉)ရက်နေ့တွင် လဲ့ရှန် (Le Shan)သို့သွားရောက် လေ့လာပြီးနောက် ချန်ဒူကျင်ရှားကျုန်း ရှေးဟောင်း ပြတိုက်သို့ သွားရောက် လေ့လာခဲ့ပါသည်။(၁၀-၅-၂၀၁၉) ရက်နေ့တွင် ရှီအန်းမြို့မှ ဖမိန် (Fa Men)ဗုဒ္ဓဘာသာ ဘုရားကျောင်းသို့ သွားရောက်ကြည်ညိုဖူးမျှော်ခဲ့ပြီး ရန်လျင်စိုက်ပျိုးရေးစံပြဇုန်သို့ သွားရောက်လေ့လာခြင်း၊ ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ပြီး စစ်သူကြီးနှင့် မြင်းရုပ်ထုပြတိုက်သို့ သွားရောက်လေ့လာခြင်း၊ တာ့ရန်ထာဘုံ (Da Yan Ta Bon) ဗုဒ္ဓဘာသာ ဘုရားကျောင်း သို့ သွားရောက်ခဲ့ကြပြီး (၁၂-၅-၂၀၁၉) ရက်နေ့တွင် တစ်ဇုန်တစ်လမ်းဆင်းရဲမှု လျှော့ချရေး အပြည်ပြည်ဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြပါသည်။








(၂၂-၇-၂၀၁၉)ရက်နေ့ MRCCIအသင်းရုံးတွင် MRCCIဥက္ကဋ္ဌဦးကျော်မင်း၊ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်၊ တွဲဖက်အတွင်းရေးမှူး ဦးသက်ထွန်းလင်းနှင့် CEC/ ECများမှ Mr.Geogre Sibley (The Deputy Chief of the Mission, the U.S. Embassy Yangon)နှင့်အဖွဲ့အား လက်ခံတွေ့ဆုံခဲ့ပြီး U.S Embassyနှင့် MRCCIအကြား အနာဂါတ်တွင် ပိုမိုပူးပေါင်းဆောင်ရွက်သွားနိုင်ရေး၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပိုမိုမြင့်မားလာစေရေးအတွက် MRCCI Hallခန်းမတွင် ဆွေးနွေးညှိနှိုင်းခဲ့ပြီး ဆက်လက်၍ U.S Embassy ၏ Commercial Assistantဒေါ်ခင်ဝေယံစိုးမှMRCCI အဖွဲ့ဝင်များအား မြန်မာနိုင်ငံနှင့် U.Sအကြားကုန်သွယ်မှု လုပ်ငန်းစဉ်များ၊ အမေရိကန်နိုင်ငံမှ ထုတ်လုပ်သော ပစ္စည်းများအား တင်သွင်းရောင်းချခြင်း၊ ရင်းနှီးမြှုပ်နှံခြင်း၊ ပြပွဲများသို့ တက်ရောက်နိုင်ရန် ချိတ်ဆက်ခြင်း၊ ကုန်သွယ်မှုနှင့်ဆက်စပ်သော လုပ်ငန်းစဉ်များအား တစ်ဦးချင်း တွေ့ဆုံဆွေးနွေးခဲ့ပါသည်။




(၅-၈-၂၀၁၉)ရက်နေ့တွင် Waste Mangement and Energy Efficiency အကြောင်းအရာ များကို ဆွေးနွေးခဲ့ပါသည်။ သဘာဝစီမံကိန်းဆိုသည်မှာ World Wide Fund for Nature (WWF) မှ ဦးဆောင်၍ Myanmar Food Procesors and Exporters Association (MFPEA)? Saving Bank Foundation for International Cooperation (SBFIC), Germany တို့နှင့်အတူ ဥရောပသမဂ္ဂ၏ ကူညီထောက်ပံ့မှုဖြင့် ဆောင်ရွက်နေသော (၄) နှစ်တာ စီမံကိန်းဖြစ်ပါသည်။ သဘာဝစီမံကိန်းသည်



စားသောက်ကုန်ထုတ်လုပ်မှု လုပ်ငန်းများမှ စွန့်ပစ်ပစ္စည်းများကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုလျော့နည်းစေသော ထုတ်လုပ်မှုဆိုင်ရာ မူဝါဒ၊ စည်းမျဉ်းများကို ဖော်ထုတ်ခြင်းနှင့် အစိမ်းရောင်ဘဏ္ဍာ ရေးလုပ်ငန်းစဉ်များ အား (၁) Policy (၂) Capacity and Market (၃) Green Finance (၄) Replication စသည့် အဓိက Component (၄) ခုပေါ်အခြေပြု၍ ပေါင်းစပ် အခြေပြု ၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းဖြစ်ပါသည်။

MRCCI အနေဖြင့်လည်း အထက်မြန်မာပြည်ရှိ စီးပွားရေးလုပ်ငန်းများအား သဘာဝသဟဇာတ စီးပွားရေးလုပ်ငန်းများ ဖြစ်လာစေရန်ရည်ရွယ်၍ IHK အဖွဲ့ သဘာဝစီမံကိန်းအဖွဲ့များနှင့်

Waste Management ကဏ္ဍ Energy Effciency ကဏ္ဍ စသည်တို့နှင့် ဆက်စပ်သောသင်တန်းများအသိပညာ မျှဝေဖလှယ်ပွဲများ၊ Senimar workshop များပါဝင်သည့် Service ပေးခြင်း လုပ်ငန်းတစ်ခု ပြုလုပ်သွားနိုင်ရန်ကြိုတင်ညှိနှိုင်းဆွေးနွေးခဲ့ခြင်းဖြစ်ပါသည်။

သဘာဝစီမံကိန်းတွင် လက်ရှိတွင် မန္တလေး နည်းပညာတက္ကသိုလ်မှ ကထိကဆရာ/ဆရာမများနှင့် Intenship ကျောင်းသား/ကျောင်းသူများအားရေဆိုးသန့်စင်သည့် ဆက်စပ်သောသင်တန်းများပို့ချပေးပြီး ကွင်းဆင်း လေ့လာမှုများအတွက် စားသောက်ကုန်ထုတ်စက်ရုံ (၂၁) သို့ သွားရောက်လေ့လာထားပြီး ဖြစ်ပါသည်။ အစည်းအဝေးပွဲသို့ MRCCI ဒုတိယဥက္ကဋ္ဌ ဦးမိုးကျော်ကျော်၊ တက်ရောက်ပြီး


မန္တလေးတိုင်းဒေသကြီး
ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း
MANDALAY REGION CHAMBER OF COMMERCE & INDUSTRY
Yadanarbon Super Centre, 4th Floor, Corner of 78th & 34th Street, Chan Aye Thar Zan Township, Mandalay.
Tel: 09-2051063, 02-4069311, 02-4069326,
Viber: 09-797009069, Fax: 02-4069311, E-mail: mrcci.mdy@gmail.com
M.R.C.C.I

စာအမှတ် ၄၅၇/ ၉ / တစသ (မန်း) ၂၀၁၉
ရက်စွဲ ၂၀၁၉ ခုနှစ် ဇူလိုင်လ ၂၅ ရက်

သို့
အသင်းသားအားလုံး
မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း

အကြောင်းအရာ ။ "China (Sichuan)-South & Southeast Asia Business Leaders Summit" သို့ပါဝင်တက်ရောက်နိုင်ပါရန် ဖိတ်ကြားခြင်း
ရည် ညွှန်း ချက် ။ zjo@ccpit.org, Email (759)

၁။ "China (Sichuan)-South & Southeast Asia Business Leaders Summit" ပွဲအား ...

၂။ ...

၃။ ... Summit ... MRCCI ... (mrcci.mdy@gmail.com) ...

ဥက္ကဋ္ဌ (ကိုယ်စား)

WWF အဖွဲ့မှ MR. Ujjwal Pokhrel (project manager), Dr. Mu Mu Htay (Cleaner Production Officer) တို့တက်ရောက်ခဲ့ကြပါသည်။

နိုင်ငံတကာဆက်ဆံရေးကော်မတီအနေဖြင့် နိုင်ငံတကာမှ ဖိတ်ခေါ်လာသော Conclave Summit များ၊ Expo Fairများအား အသင်းသားများသို့ အချိန်နှင့်တပြေးညီ ဖြန့်ဝေအသိပေးလျက်ရှိပါသည်။ ပြပွဲများ၊ ဆွေးနွေးပွဲများနှင့်ပတ်သက်၍ တိုက်ရိုက်ဖိတ်ခေါ်စာများ၊ UMFCCIမှ တဆင့် လာသော ဖိတ်ခေါ်စာများနှင့် အခြားဌာနဆိုင်ရာမှ လာသော ဖိတ်ခေါ်စာများကို ထပ်ဆင့်ဖြန့်ဝေခဲ့ရာ (၂၀၁၉)ခုနှစ်အတွင်း (၁၃၂) ကြိမ်ရှိခဲ့ပါသည်။

(၂၀၁၉)ခုနှစ်၊ စက်တင်ဘာလ (၁၇) မှ (၂၀)ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ စီချွမ်း ပြည်နယ်၊ ချန်ထူးမြို့တွင် China (Sichuan)-Southeast Asia Business Leader Summitပွဲအား စီးပွားရေးဖွံ့ ဖြိုးတိုးတက်စေရန် နိုင်ငံတကာစီးပွားရေး ပလက်ဖောင်းတစ်ခုဖြစ်စေရန် ရည်ရွယ်၍ ကျင်းပပြုလုပ်ခဲ့ရာ MRCCI မှ ဗဟိုအလုပ်အမှုဆောင် ဦးသန့်ဇင်ဦးနှင့်


MANIPUR INSTITUTE OF MANAGEMENT STUDIES
MANIPUR UNIVERSITY (A CENTRAL UNIVERSITY)
CANCHIPUR, IMPHAL - 795 003, MANIPUR, INDIA

No: MU/3-MIMS/SWC/2018 Date : 15/11/2019

To

Mr. Oakkar Kyaw
Secretary General,
Mandalay Region Chamber of Commerce and Industry
Mandalay, Myanmar

Sub: Request for gracing the North East India - Myanmar Business and Educational Conclave, Manipur, Imphal on 20 Dec., 2019 as special guest & resource person.

Dear Sir,

Greetings from Manipur University.

It gives me immense pleasure to inform you that Manipur University and All Manipur Entrepreneurs Association (AMEA) are jointly organizing a two day North East India- Myanmar Business and Educational Conclave during 20-21 December 2019 at Manipur University, Imphal. The main objectives of the conclave is to reach cut products and services of North East India to South east Asian Countries particularly Myanmar in the light of the Act East Policy of the Government of India and also to strengthen connectivity and cooperation among the academic and business communities of the two nations for the overall socio-economic growth in the region.

I, on behalf, of the Organizing Committee would like to extend our invitation to grace the Conclave as special guest and also to act as a resource person in the business and industry sector and enhance the various interaction programs which we have lined up during the conclave on 20 December 2019.

We look forward to your kind acceptance of our invitation. Further, it is to state that the organizing team shall take care for your travel from Tamu/Moreh to Imphal and back and local hospitality during the Conclave.

Thanking you with warm regards.

Yours sincerely,

(Prof. Ch. Ibohal Meitei)
Director, MIMS, MU

ဦးစိုင်းကိုကိုအောင်တို့ တက်ရောက်ခဲ့ပြီး (၂၀၁၉)ခုနှစ်၊ ဒီဇင်ဘာလ (၂၀)မှ (၂၁)ရက်နေ့အထိ အိန္ဒိယနိုင်ငံ Manipur UniversityrS The North Ease India-Myanmar Business and Educational Conclaveပွဲအား MRCCIမှ အထွေထွေအတွင်းရေးမှူး ဦးဥက္ကာကျော်၊ မန်နေဂျာ ဦးထင်အောင်တို့မှ တက်ရောက်ခဲ့ ပါသည်။

(၂၀၁၉)ခုနှစ်၊စက်တင်ဘာလ(၁၇)မှ(၂၀)ရက်နေ့အထိတရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ စီချွမ်းပြည်နယ်၊ ချန်ထူးမြို့တွင် China (Sichuan)-Southeast Asia Business Leader Summitပွဲအား စီးပွားရေးဖွံ့ ဖြိုးတိုးတက်စေရန် နိုင်ငံတကာစီးပွားရေး ပလက်ဖောင်းတစ်ခုဖြစ်စေရန် ရည်ရွယ်၍ ကျင်းပပြုလုပ် ခဲ့ရာ MRCCI မှ ဗဟိုအလုပ်အမှုဆောင် ဦးသန့်ဇင်ဦးနှင့် ဦးစိုင်းကိုကိုအောင်တို့ တက်ရောက်ခဲ့ပြီး (၂၀၁၉)ခုနှစ်၊ဒီဇင်ဘာလ (၂၀)မှ (၂၁)ရက်နေ့အထိ အိန္ဒိယနိုင်ငံ Manipur UniversityrS The North Ease India-Myanmar Business and Educational Conclaveပွဲအား MRCCIမှ အထွေထွေအတွင်းရေးမှူး ဦးဥက္ကာကျော်၊ မန်နေဂျာ ဦးထင်အောင်တို့မှ တက်ရောက်ခဲ့ ပါသည်။

(၂၀၁၉)ခုနှစ်အတွင်း နိုင်ငံတကာစီးပွားရေးအသင်းအဖွဲ့များ၊ ပြည်တွင်းအသင်းအဖွဲ့များ၊ ကျောင်းများနှင့် MOUလက်မှတ်ရေးထိုးသည့် အကြိမ်ပေါင်း (၈)ကြိမ်ရှိခဲ့ပါသည်။ ၎င်းတို့အနက် (၃-၁၂-၂၀၁၉)ရက်နေ့၊ ထိုင်းနိုင်ငံ၊ ချင်းရိုင်မြို့ Maekhong Delta Boutique Hotelတွင် MRCCI နှင့် The Chiang Rai Chamber of Commerce, Thailand - CRCCတို့အကြား နားလည်မှု စာချွန် လွှာလက်မှတ်ရေးထိုးပွဲအခမ်းအနား ကျင်းပပြုလုပ်ခဲ့ရာ MRCCI မှဒုတိယဥက္ကဋ္ဌဦးအောင်ဆန်းဝင်း၊ မယ်ဆိုင်ကုန်သည်အသင်း ဥက္ကဋ္ဌ Miss Pakaimas Vierra တို့မှ အသိသက်သေများအဖြစ် လက်မှတ်ရေးထိုးခဲ့ကြပါသည်။

အဆိုပါ နားလည်မှုစာချွန်လွှာတွင် နှစ်ဖက်အသင်းများအကြား ပိုမိုခိုင်မြဲ









# စီးပွားရေးနှင့်သုတေသနလုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်မှတ်တမ်းများ




စီးပွားရေးနှင့်သုတေသနလုပ်ငန်းကော်မတီ၏ ရှေ့လုပ်ငန်းစဉ်များမှာ အထက်မြန်မာပြည်လူနေမှုစီးပွားရေးနှင့်ကျန်းမာသန့်ရှင်းသောလူဘောင်သစ်တစ်ရပ် စနစ်တကျ ဖော်ဆောင်ရန်အတွက် မှန်ကန်သော သုတေသန အချက်အလက်များ စုဆောင်းနိုင်ရန်နှင့် ပံ့ပိုးပေးနိုင်ရန်ဖြစ်ပြီး ဆောင်ရွက်ချက်များအနေဖြင့် အထက်မြန်မာပြည်သူပြည်သားများနှင့်အသင်းသူ/အသင်းသားများစဉ်ဆက်မပျက်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် မိတ်ဖက်ညီနောင်အသင်းများနှင့် တွေ့ဆုံဆွေးနွေးခြင်း သုတေသန အချက်အလက်များကို ဖြန့်ဝေခြင်း၊ စီးပွားရေးနယ်ပယ်အသီးသီးမှ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် စီးပွားရေးလုပ်ငန်းရှင်ကြီးများအား ဒေသနှင့် သက်ဆိုင်သော အကြံဉာဏ် သုံးသပ်ချက်များကို စီးပွားရေးသုတေသန ကော်မတီအဖွဲ့များနှင့် စနစ်တကျ လေ့လာသုံးသပ်ချက် များကို ဖြန့်ဝေခြင်း၊ ဖွံ့ဖြိုးတိုးတက်မှု သုတေသနဆိုင်ရာ အချက်အလက်များကို လုပ်ငန်းစဉ် မူဝါဒများ အပေါ် အခြေခံ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက် အစဉ်တစိုက် ကြိုးစားအားထုတ် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းကိစ္စရပ်တို့ ဖြစ်ပါသည်။ ၎င်းကော်မတီ၏ ဖွဲ့စည်းပုံဇယားမှာ ဖော်ပြပါပုံအတိုင်း ဖြစ်ပါသည်။

စီးပွားရေးနှင့်သုတေသနလုပ်ငန်းကော်မတီအနေဖြင့် ၂၀၁၈ - ၂၀၁၉ခုနှစ် အတွင်း ပုံမှန် အစည်းအဝေး(၁၂)ကြိမ်၊ ကြားဖြတ်အစည်းအဝေး (၂၀)ကြိမ် တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။ ကော်မတီ၏ လှုပ်ရှားဆောင်ရွက်မှုအနေဖြင့် International Labour Organization(ILO)မှ တာဝန်ရှိသူများနှင့်တွေ့ဆုံခဲ့ပြီး ကဏ္ဍစုံမှ စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ရရှိလာသော အချက်အလက်များ အပေါ်မူတည်ပြီး (၃)ရက်တာအလုပ်ရုံဆွေးနွေးပွဲ ကျင်းပ၍ Business Agenda ၂၀၂၀ အား ရေးဆွဲနိုင်ခဲ့ပါသည်။ အဆိုပါ Business Agenda ၂၀၂၀အား တိုင်းဒေသကြီးအစိုးရထံသို့ MRCCI၏ ပထမဆုံး Policy Paper ပေးအပ်နိုင်ခဲ့ ပါသည်။





(၂၀၁၉)ခုနှစ်၊ ဖေဖော်ဝါရီလ(၆)ရက်နေ့ MRCCIအစည်းအဝေးခန်းမတွင် Ravensburg-Weingarten University (RWU)မှ Prof. Dr. rer. Pol. Eberhard Hohl (International Management & HR, Change Management, Leadership & Coaching, Director International University & Business Network, Faculty Technology and Management)ဦးဆောင်သော MBAဂျာမန်ကျောင်းသား (၁၃)ဦးအဖွဲ့သည်MRCCI အထွေထွေအတွင်းရေးမှူး ဦးဥက္ကာကျော်၊ အလုပ်အမှုဆောင်များနှင့် စီး/သုကော်မတီဝင်တို့နှင့် တွေ့ဆုံမိတ်ဆက်ခဲ့ပြီး မန္တလေးမြို့မှ စီးပွားရေးကဏ္ဍများနှင့် လုပ်ငန်းအခြေအနေများကို ဂျာမနီ ကျောင်းသားများမှ လာရောက်လေ့လာမေးမြန်းချက်များအားအထွေထွေ အတွင်းရေးမှူး ဦးဥက္ကာကျော်မှ ပြန်လည်ဖြေကြားခဲ့ပါသည်။



(၃၁-၅-၂၀၁၉) ရက်နေ့တွင် MRCCI အသင်းရုံး၏ အထွေထွေအတွင်းရေးမှူး ဦးဥက္ကာကျော်၊ CECများနှင့် စီး/သုကော်မတီဝင် ဦးအောင်နိုင်စိုးတို့သည် Thailand KasikornBank (ရန်ကုန် ရုံးခွဲ) Ms. Pornchanok Sophonkiattikun (Assistant Vice President), Ms. Woraporn Deschasakul (Deputy Chief Representative), Ms. Jiratatip Zettna (World Business Marketing Strategist) နှင့် ဒေါ်နှင်းအိဖြူ World Business Marketing Strategist တို့အား လက်ခံတွေ့ဆုံခဲ့ပြီး "To learn about the economy of Mandalay and to expore the opportunities" အကြောင်းအရာနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး ခဲ့ပါသည်။

မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းနှင့် ILOတို့ ပူးပေါင်း ရေးဆွဲသည့် Business Agenda for Mandalay Region ပြုစုရေးဆွဲရေး လုပ်ငန်းစဉ်ကို (၂၇-၁-၂၀၁၉)ရက်နေ့ ပတ္တမြားခန်းမတွင် စတင်ကျင်းပပြုလုပ်ခဲ့ပြီး ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်၊ အထွေထွေအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးများနှင့် CEC/ECများ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ပါသည်။ အဆိုပါလုပ်ငန်းစဉ်အား(၃)ရက် ဆွေးနွေးခဲ့ပြီး (၂၉-၁-၂၀၁၉)ရက်နေ့တွင် အပြီးသတ် ရေးဆွဲ နိုင်ခဲ့ပါသည်။



ဘဏ္ဍာရေးအဖွဲ့အစည်းနှင့်နည်းဗျူဟာဆိုင်ရာမူဝါဒများ Livingston Legalနှင့် CCI France Myanmarတို့၏ ပူးပေါင်းတင်ဆက်မှု ဟောပြောပွဲ အစီအစဉ်(၁)အား (၂၃-၂-၂၀၁၉)ရက် အသင်း ခန်းမတွင်လည်းကောင်း၊






## MANDALAY REGION

Mandalay is the region which developed as last kingdom of Myanmar royal family in the Nineteenth Century. It was a hub along Irrawaddy river under British administration. In second decade of the twenty first century, the region has evolved into a major economic hub which is crossroads from Jade Land at the North to Yangon at the South and from Muse at the East to Tamu at the North-West. Muse and Tamu are not only border trade zones to China and India but also the gateways of East-West economic corridor connecting between Myanmar, China and India. Northeast - Southwest economic corridor is also a part of One Belt One Road project, which starting from Muse crosses the region and ends to Kyaukphyu where deep sea port and Special Economic Zone are developing. Mandalay region is strategically located in this crossroad system and several sectors, such as agriculture and livestock, manufacturing, gold and jewellery, services, trading, hotels and tourism, food and beverage, mining and logistics, should benefit form that.

Mandalay Region Chamber of Commerce and Industry (MRCCI) was founded to sustain the development of businesses and to collaborate with Regional and Central Governments in regional development activities.

With the support of ILO/ACTEMP Myanmar project, MRCCI organized a workshop with selected Central and Executive Committee members and with Executive Committee members to brainstorm, reflect and go through a rigorous process to produce the Business Agenda 2019-2022 for Mandalay Region. Evidence based and concrete proposals by MRCCI will provide policy makers with insights into what the region needs to boost up as a productive, competitive and greater crossroads region between 2019 and 2022.

U Oakkar Kyaw
Secretary General
MRCCI

ဟောပြောပွဲ အစီအစဉ် (၂)အား (၁၆-၂-၂၀၁၉) ရက်နေ့ MRCCI Hallခန်းမတွင်လည်းကောင်းကျင်းပခဲ့ရာ Livingston Legalမှ အထူးအတိုင် ပင်ခံ ပါမောက္ခ Alexander Pulteမှ ဘဏ္ဍာရေးဆိုင်ရာမူဝါဒများဖြစ်သည့် ဘဏ္ဍာရေးအဖွဲ့ အစည်း၏ အခြေခံမူဝါဒများနှင့် အစိုးရအဖွဲ့အစည်းများအကြောင်းနှင့် နည်းဗျူဟာ ဆိုင်ရာမူဝါဒများ အား ဟောပြောဆွေးနွေးခဲ့ပါသည်။ အဆိုပါဟောပြောပွဲသို့ ဒုတိယဥက္ကဋ္ဌဒေါ်ခင်လေးမြင့်၊ အထွေထွေ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် CEC/ECတို့မှ တက်ရောက်ခဲ့ပြီး Livingston Legalမှ အထူးအတိုင်ပင်ခံ ပါမောက္ခ Alexander Pulteမှ ဘဏ္ဍာရေးဆိုင်ရာမူဝါဒများ အနေဖြင့် လုပ်ငန်းအတွက် ဘဏ္ဍာရေး တည်ဆောက်မှုအပိုင်းတွင် ရှိတတ်သည့် အခြေခံအမှားများကို မည်ကဲ့သို့ ရှောင်ကြဉ်သင့်ကြောင်းနှင့် လုပ်ငန်းတိုးတက်မှုအတွက်ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများအား ဆွဲဆောင်ရန် ရှင်းလင်းတိကျသည့် ဖွဲ့စည်းပုံကို မည်သို့ တည်ဆောက်ရမည် ဆိုသည့် နည်းလမ်းကောင်းများအားအကျယ်တဝင့်ဟောပြောခဲ့ပြီး နည်းဗျူဟာဆိုင်ရာမူဝါဒများအနေဖြင့်လည်း ယှဉ်ပြိုင်မှု အားသာချက်များ ဖော်ထုတ်ခြင်း၏ အရေးပါပုံနှင့် ကိုယ်တိုင်ဖော်ဆောင်ထားနေသော နည်းဗျူဟာတို့၏ အရည်အသွေးကို မတူသောနည်းလမ်းဖြင့် အကဲဖြတ်ရာတွင် ပါဝင်သော အားသာချက်များနှင့် အားနည်းချက်များ မည်သို့ လေ့လာရမည်ဆိုသည့် နည်းလမ်းကောင်းများကို သိရှိနားလည်စေရန်၊ မန်နေဂျာများအတွက် ပြဿနာများကို ကိုယ်တိုင် အကဲဖြတ်နိုင်စေရုံသာမကဘဲဖြစ်ပေါ်လာသော ကိစ္စရပ်ပေါ်မူတည်၍ နည်းလမ်းများကို ရှာဖွေဖော်ထုတ်နိုင်မည်ဟူသောယုံကြည်မှုများကို တိုးပွားလာစေရန်အတွက် အသေးစိတ်ကျနစွာဟောပြောဆွေးနွေးခဲ့ပါသည်။

စီးပွားရေးနှင့်သုတေသနလုပ်ငန်းကော်မတီ၏ လုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် Public Private Dialogue (PPD) Workshop in Technical & Vocational Education and Training (TVET) ကျင်းပနိုင်ရေးအတွက် MRCCIမှ စီး/သုကော်မတီ ဥက္ကဋ္ဌ ဦးဥက္ကာကျော်၊ MRCCIတွဲဖက်အတွင်းရေးမှူးဦးသက်ထွန်းလင်း၊ CEC/ECတို့မှ Project Implememtation Consultan အများဖြစ်ကြသည့် Mr. Victor Eid (International Consultant)နှင့် ဦးစန်းမောင်ဝင်း (National Consultant) တို့နှင့် (၉-၇-၂၀၁၉)ရက်နေ့တွင်တွေ့ဆုံခဲ့ကြပြီးနောက် PPD Workshopအလုပ်ရုံ ဆွေးနွေးပွဲ အကြိုညှိနှိုင်းဆွေးနွေးခဲ့ပါသည်။ ၎င်းအလုပ်ရုံဆွေးနွေးပွဲကိုပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ အကောင်အထည် ဖော်ဆောင်ရွက်နေသော "လူငယ်များ အလုပ်အကိုင်ရရှိရေးအတွက် လေ့ကျင့်ပြုစုမွေးထုတ်ရေး စီမံကိန်း (Equippig Youth for Employment - EYE Project)အစီအစဉ်ဖြင့် ဇူလိုင်လနှင့် သြဂုတ်လများတွင် ကျင်းပပြုလုပ်သွားနိုင်ရေး၊ TVETကဏ္ဍတွင် ပုဂ္ဂလိက

ကဏ္ဍမှ ပိုမိုပူးပေါင်းပါဝင်လာရေး၊ Public Privateပူးပေါင်း၍ လုပ်ငန်းကော်မတီအတွင်း ညှိနှိုင်း ဆွေးနွေးမှုများတွင် ပိုမိုအားကောင်းလာရန်နှင့် Publicနှင့် Provateကဏ္ဍများ၏ TVETဆိုင်ရာ အုပ်ချုပ်မှုကဏ္ဍများတွင် ပွင့်လင်းမြင်သာ တိုးတက်လာစေရန် ရည်ရွယ်ကျင်းပခြင်း ဖြစ်ကြောင်း သိရှိရပါသည်။

PPD Workshopအားအကြိုညှိနှိုင်းဆွေးနွေးခဲ့ပြီး နောက်(၁၀-၇-၂၀၁၉)ရက်နေ့MRCCIပဌာန်မြားခန်းမတွင် မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း၊ ပညာရေးဝန်ကြီးဌာန၊ စက်မှု ဝန်ကြီးဌာနတို့ ပူးပေါင်း၍ ကျင်းပပြုလုပ်ခဲ့ရာ TVET ကဏ္ဍတွင် ပုဂ္ဂလိကကဏ္ဍမှ ပိုမိုပူးပေါင်းပါဝင်လာစေရေး၊ Publicနှင့် Privateပူးပေါင်း၍ လုပ်ငန်း ကော်မတီအတွင်း ညှိနှိုင်းဆွေးနွေးမှုများ ပိုမိုအားကောင်း လာစေရေး၊ Publicနှင့် Private ကဏ္ဍများ၏ TVETဆိုင်ရာ အုပ်ချုပ်မှု ကဏ္ဍများတွင် ပွင့်လင်း မြင်သာတိုးတက်လာစေရန်နှင့် လျှပ်စစ်သွယ်တန်းရေး၊ ကြေးသံဂဟေဆက်လုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ လယ်ယာသုံးနှင့်အသေးစား စက်ပြုပြင်ခြင်း ဘာသာရပ်နှင့်ပတ်သက်၍ အလုပ်ရုံ ဆွေးနွေး ခဲ့ကြပါသည်။









ဆက်လက်၍ MRCCI TVET Program နှင့်ပတ်သက်ပြီး (၂၄-၉-၂၀၁၉)ရက်နေ့တွင်MRCCI ၏ cooperative partnerဖြစ်သည့် German CCI (IHK) မှချိတ်ဆက်သည့် I-CTE International Consulting for Training and Education (Training in Germany) Professor Dr.Michael Groschအား စီးပွားရေးနှင့်သုတေသနလုပ်ငန်း ကော်မတီဥက္ကဋ္ဌမှ လက်ခံတွေ့ဆုံဆွေးနွေးခဲ့ပါသည်။ နှစ်ရက်တာကာလအတွင်း စက်မှုဇုံနှင့်စက်ရုံအလုပ်ရုံများ သို့ သွားရောက်လေ့လာရေး ခရီးစဉ်နှင့် လက်ရှိ မန္တလေးတိုင်းဒေသကြီး အတွင်း Labour Market အခြေအနေ၊ Soft Skillနှင့် Communication Skillsများစသည့် TVET Sector Developmentနှင့် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးရေးကောင်းမွန် သည့် Internship Programစသည့် အသက်မွေးဝမ်းကြောင်း ပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဖော်ဆောင်ရေး၊ စက်ရုံအလုပ်ရုံများ၏ အရည်အသွေးတိုးတက်လာစေရေး တို့ကို နှစ်ဖက်အဖွဲ့အစည်းများမှ ပူးပေါင်းအကောင် အထည်ဖော်နိုင်ရန် ဆွေးနွေးခဲ့ကြပါသည်။



(၁၄-၈-၂၀၁၉)ရက်နေ့ နေပြည်တော်၊ သင်္ဂဟဟိုတယ်တွင်ကြီးကျယ်ခမ်းနားစွာကျင်းပပြုလုပ် ခဲ့သည့်"မဲခေါင်-ဂျပန် ပူးပေါင်းဆောင်ရွက်ရေး







အစီအစဉ် (၁၀)နှစ်ပြည့်" အထိမ်းအမှတ်အနေဖြင့် ကျင်းပသည့်အခမ်းအနားသို့ မဲခေါင်ဒေသစီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်သောထွန်းသစ်စလူငယ် လုပ်ငန်းရှင်များ၏ စီမံကိန်းများတင်ပြခဲ့ရာ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း၊ စီးပွားရေးနှင့်သုတေသနလုပ်ငန်းကော်မတီ ဥက္ကဌဦးဥက္ကာကျော်မှဦးဆောင်၍ MRCCI CEC/ECများနှင့် အသင်းသူ/အသင်းသား စုစုပေါင်း(၁၂)ဦး တက်ရောက်ခဲ့ပြီး နိုင်ငံတော်၏အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်မှ တက်ရောက်ဟောပြောလေ့လာခဲ့ကြောင်း သိရပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ ကွန်ပျူတာသုံးမြန်မာစာစနစ် ယူနီကုဒ် (Unicode)အား (၃၀-၉-၂၀၁၉)ရက်နေ့တွင် တနိုင်ငံလုံးအတိုင်းအတာဖြင့် ပြောင်းလဲသတ်မှတ်ခဲ့ကြပါသည်။ မြန်မာယူနီကုဒ်စနစ်အားစတင်ပြောင်းလဲသည့် နေ့အား ကြိုဆိုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှု လက်မှုလုပ်ငန်းရှင်များအသင်း (MRCCI)မှ စီး/သုကော်မတီဥက္ကဌ ဦးဥက္ကာကျော် ဦးဆောင်၍ ညီနောင်အသင်း ဖြစ်သည့် မန္တလေးတိုင်းဒေသကြီးကွန်ပျူတာ ပညာရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ မြန်မာယူနီကုဒ်စနစ် စတင်ပြောင်းလဲအသုံးပြုခြင်း အခမ်းအနား Myanmar Unicode Migration Launchအား ဂုဏ်ယူစွာဖြင့် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။

(၂၇-၁၁-၂၀၁၉)ရက်နေ့ MRCCIအသင်းရုံး၊ သံတမန်ခန်းမတွင် MRCCIဥက္ကဌ ဦးကျော်မင်း၊ အထွေထွေအတွင်းအရေးမှူး ဦးဥက္ကာကျော်တို့မှ ကမ္ဘောဇလီမိတက်၏ အထက်မြန်မာပြည် Deputy Directorဦးတင်ထွန်းနှင့် အဖွဲ့အား လက်ခံတွေ့ဆုံခဲ့ပြီး ကမ္ဘောဇဘဏ်၏ ဘဏ် ဝန်ဆောင်မှုလုပ်ငန်းများအား အစဉ်ပြောင်းလဲတိုးတက်နေသော ခေတ် (Digital Era & Digital Economy)နှင့်အညီ





အများပြည်သူများအတွက် ပိုမိုလွယ်ကူချောမွေ့စေမည့် Digitalized ဝန်ဆောင်မှုများအား တိုးမြှင့်ဆောင်ရွက်နိုင်ရေးအား ဆွေးနွေးခဲ့ကြပါသည်။

(၁၇-၉-၂၀၁၉)ရက်နေ့မှ (၂၀-၉-၂၀၁၉) ရက်နေ့အထိ၊ စီချွမ်းပြည်နယ်၊ ချန်ဒူးမြို့တွင် ကျင်းပပြုလုပ်သော "China (Sichuan) - South & Southeast Asia Business Leader's Summit"ပွဲသို့ MRCCIမှ ဗဟိုအလုပ်အမှုဆောင်ဦးသန့်ဇင်ဦးနှင့်အလုပ်အမှုဆောင် ဦးလင်းကိုကိုအောင်တို့က တက်ရောက်ခဲ့ပြီး MRCCI၏ အခန်းကဏ္ဍနှင့် လက်ရှိလှုပ်ရှား ဆောင်ရွက်နေမှုများ၊ မန္တလေးတိုင်းဒေသကြီး၏ SMEလုပ်ငန်းကဏ္ဍများနှင့် နိုင်ငံတကာ ရင်းနှီး မြှုပ်နှံမှုအခွင့်အလမ်းများအကြောင်းကို နှီးနှောဖလှယ်ခဲ့ကြပါသည်။ ၎င်းနောက် တရုတ်ပြည်၏ နည်းပညာမြို့တော်ဖြစ်သည့် မင်ရန် (Mianyang) မြို့သို့ လေ့လာရေးခရီး သွားရောက်ခဲ့ကြပါသည်။ ထို့အပြင် အခမ်းအနား၌ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI)နှင့် China Council for the Promotion of International Trade (CCPIT)တို့အကြား MOU-နားလည်မှုစာချွန်လွှာအောင်မြင်စွာ ရေးထိုးနိုင်ခဲ့ကြောင်း သိရှိရပါသည်။






စီးပွားရေးနှင့်သုတေသနလုပ်ငန်းကော်မတီ၏ အနာဂတ်အစီအစဉ်အနေဖြင့်

၁။ Border Trade နှင့်ပတ်သက်ပြီး သုတေသနဆိုင်ရာကိစ္စရပ်များ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ခြင်း။

၂။ Export Promotion ကိစ္စရပ်များ ဆောင်ရွက်နိုင်ရန်သုတေသနရလဒ်များဖော်ထုတ်ခြင်း။

၃။ ဒေသတွင်း SMEလုပ်ငန်းများဖွံ့ဖြိုးရေးအတွက် သုတေသနရလဒ်ကောင်းများဖော်ထုတ်ခြင်း။

၄။ ညီနောင်အသင်းများ၏ လိုအပ်ချက်များအပေါ် လေ့လာသုံးသပ်၍ ပူးပေါင်းဆောင်ရွက်ကူညီပေးနိုင်ရေး။

၅။ ကျွမ်းကျင်လုပ်သား မွေးထုတ်ပေးရေးနှင့် လုပ်သားဈေးကွက် ဖော်ဆောင်ရေးတို့အတွက် ကူညီပေးနိုင်ရေး။

၆။ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် လုပ်ထုံးလုပ်နည်းအခက်အခဲများကို ဖြေလျှော့နိုင်ရန်အတွက် သုတေသနပြုလုပ်ဖော်ထုတ်ခြင်း တို့ဖြစ်ပါသည်။

# ဆောက်လုပ်ရေးနှင့်မွမ်းမံထိန်းသိမ်းရေးလုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်မှတ်တမ်းများ

မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းရုံးသည် စတုရန်းပေ(၁၂၈၀၀)အကျယ်အဝန်းရှိပြီး ရုံးဖွဲ့စည်းပုံအားဖြင့် အသင်းရုံးခန်း (၆)ခန်း၊ သင်တန်းခန်း (၃)ခန်းနှင့် ဟောခန်းမတို့ဖြင့် ဖွဲ့စည်းထားပါသည်။ အသင်းရုံးခန်း (၆)ခန်းမှာ ဥက္ကဋ္ဌနှင့် အတွင်းရေး မှူးခန်း၊ အသင်းရုံးအဖွဲ့ခန်း၊ UTCC-MRCCI MBAရုံးခန်း၊ German CCI (IHK)ရုံးခန်း၊ American Business Cornerရုံးခန်းတို့ဖြစ်ပါသည်။ သင်တန်းခန်းမများမှာ အလျား(၃၂)ပေxအကျယ်(၁၈)ပေရှိ သင်တန်းခန်း(၁) ခန်း၊ အလျား(၅၆)ပေးxအကျယ်(၂၈)ပေရှိ သင်တန်းခန်း(၁) ခန်း၊ အလျား(၃၀) ပေxအကျယ်(၁၈)ပေရှိသင်တန်းခန်း(၁)ခန်း စုစုပေါင်းသုံးခန်းဖြစ်ပြီး ဟောခန်းမမှာ လူဦးရေ(၅၀၀)ဆံ့ဟောခန်းမတို့ဖြစ်ပါသည်။

ဆောက်လုပ်ရေးနှင့်မွမ်းမံထိန်းသိမ်းရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များ အနေဖြင့် MRCCI အသင်းရုံးခန်း၊ အစည်းအဝေးခန်း၊ မီးစက်မြေနေရာ ပုံသေပိုင်ဆိုင်ပစ္စည်းများနှင့် ပတ်သက်၍ တည်ဆောက်ခြင်း၊ ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းလုပ်ငန်းများ တာဝန်ယူဆောက်ရွက်ရန်၊ အသင်းအတွက် လိုအပ်သည့် ပရိဘောဂများ လုပ်ငန်းသုံးပစ္စည်းများ စသည့် ဝယ်ယူဖြည့်တင်း ဆောင်ရွက်ရန်၊ တည်ဆောက်၊ ပြုပြင်၊ ဝယ်ယူဖြည့်တင်းထားသည့် ပစ္စည်းများနှင့်ပတ်သက်၍ ကုန်ကျစရိတ်များကို ဘဏ္ဍာရေးကော်မတီနှင့် ညှိနှိုင်းပြီး စီမံခန့်ခွဲရေးကော်မတီ၏ အတည်ပြုချက်ဖြင့် ဆောင်ရွက်ရန်၊ အသင်း၏ ရန်ပုံငွေရရှိစေရေးအတွက် အခန်းများငှားရမ်းခြင်း ကိစ္စနှင့်ပတ်သက်၍ အစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် ဆောက်ရွက်ရန်၊ ရေရှည်တွင် အသင်းပိုင်မြေနေရာ ရရှိရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ရန်တို့ဖြစ်ပါသည်။




MRCCIအသင်းရုံးခန်း၊ အစည်းအဝေခန်း၊ မီးစက်မြေနေရာပုံသေပိုင်ဆိုင် ပစ္စည်းများနှင့် ပတ်သက်၍ တည်ဆောက်ခြင်း၊ ပြုခြင်း၊ ထိန်းသိမ်းခြင်းလုပ်ငန်းများ တာဝန်ယူဆောင်ရွက်ချက်များကို တင်ပြရမည်ဆိုပါက ဟောခန်းမနှင့် ရုံးဝန်ထမ်းခန်းမတို့၏ တိုးတက်ပြောင်းလဲမှုများအား ဦးစွာပထမတင်ပြလိုပါသည်။ (၁-၆-၂၀၁၉) ရက်နေ့တွင် MRCCIဟောခန်းမ၌ Powerpoint Presentation များအား အရည်အသွေးမြင့်

တင်ပြသွားနိုင်ရန်၊ MRCCI၏ အခမ်းအနားပွဲကြီးများတွင် LED Board ငှားရမ်းသုံးစွဲမှု ကုန်ကျစရိတ်များအား လျော့ချနိုင်ရန်နှင့် Vinyl Backdropများလျော့ချအသုံးပြုနိုင်ရန်ရည်ရွယ်၍LED Boardတပ်ဆင် အသုံးပြုခဲ့ပြီး IHK-MRCCIPhaseIIProject၏အစီအစဉ်အရရုံးဝန်ထမ်းခန်းနှင့်ရုံးSetting အသစ်ပြန်လည်အဆင့်မြှင့်တင် ပြောင်းလဲနိုင်ခဲ့သည့်အပြင် လိုအပ်သည့် Computersများ၊ Airconနှင့်ရုံးခန်းသုံးပစ္စည်းများအား ဖြည့်စွက်ထည့်သွင်းခဲ့ပါသည်။ ထိုအပြင် ဓာတ်လှေကား၊ စက်လှေကားများအား ရတနာပုံစုပါစင်တာ စည်ပင်၏ ညွှန်ကြားချက်ဖြင့် အချိန်ပြည့်ကောင်းမွန်စွာ သုံးစွဲနိုင်ရန် ပြုပြင်ခဲ့ပြီး MRCCIကြော်ငြာစတစ်ကာများအား စက်လှေကားတွင် ကြော်ငြာခြင်း၊ ရုံးသို့လာရောက်သူများအား အလွယ်တကူ သိရှိ၊ ရောက်ရှိနိုင်ရန် ရုံးလမ်းညွှန်Boardအား ဓာတ်လှေကားများတွင် ထားရှိနိုင်ခဲ့ပါသည်။

ယခုနှစ်တွင်လည်း အရှေ့တောင် အာရှ၏ မြန်မာနိုင်ငံ၊ မြန်မာနိုင်ငံတွင် မန္တလေးမြို့ ၌သာ ဖွင့်လှစ်နိုင် ခဲ့သည့် American Business Cornerအတွက် ရုံးခန်းအား တည်ဆောက်ပေးနိုင်ခဲ့ပြီး လစဉ်ပုံမှန် US Tradeနှင့်ပတ်သက်၍ စိတ်ဝင်စားသည့် အသင်းသားများအား တဦးချင်းတွေ့ဆုံဆွေးနွေးပေး လျက်ရှိပါသည်။ အဆိုပါ ရုံးခန်းအား (၁၅-၂-၂၀၁၉)ရက်နေ့တွင် တည်ဆောက်ခဲ့ပြီး (၁၂-၃-၂၀၁၉) ရက်နေ့တွင် စတင်သုံးစွဲလျက်ရှိပါသည်။










ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုထဲမှအသင်းအတွက်လိုအပ်သည့် ပရိဘောဂများ လုပ်ငန်းသုံးပစ္စည်းများစသည့်တို့အား ဝယ်ယူဖြည့်တင်းဆောင်ရွက်ခဲ့သည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ယခင်နှစ်ရှိပြီးဖြစ်သည့်Aircon (၅)ကောင်ဝ် (၈)လုံး၊ (၂.၅) ကောင်ဝ် (၁၅)လုံး၊ (၁)ကောင်ဝ် (၁)လုံးအပြင် ယခုနှစ်၌ Aircon (၂.၅)ကောင်ဝ် (၁)လုံး၊ Aircooler အကြီး (၅)လုံးအား ဖြည့်တင်းနိုင်ခဲ့ပါသည်။ ထို့နောက် MRCCI-UTCC MBAသင်တန်းအတွက် သင်ကြားရေးအထောက်အကူပြု Multimedia (၂)ခု၊ Apple PC(၂)လုံး ဝယ်ယူခဲ့ပြီး အခမ်းအနားများအတွက် ဘာသာစကား(၄) မျိုးပြောနိုင်သည့် Translator Deviceအလုံး(၁၈၀) လုံးနှင့် Mobile Translator Room (၂)ခုအား ဝယ်ယူဖြည့်တင်နိုင်ခဲ့ပြီးရိုက်ကူးမှတ်တမ်းတင်ရေးကဏ္ဍတွင် အထောက်အကူပြုနိုင်စေရန် အရည်အသွေးမြင့် HD Video Camera (၁)လုံးနှင့် Model မြင့် Laptop တစ်လုံးအား ဝယ်ယူခဲ့ပါသည်။

လက်ရှိတွင် ဝယ်ယူဖြည့်တင်းခဲ့သည့် အသင်းအတွက် လိုအပ်သည့် လုပ်ငန်းသုံးပစ္စည်းများအား အသင်းရုံးအတွက်အပြင် ငှားရမ်းသုံးစွဲလျက်ရှိပြီးအသင်းဘဏ္ဍာငွေအတွက် ထောက်ပံ့ပေးနိုင်လျက် ရှိပါသည်။ ထို့အပြင် အသစ်ပြင်ဆင်ခဲ့မှုကြောင်း ပိုလျှံလျက်ရှိသည့် ရုံးပရိဘောဂများနှင့် လုပ်ငန်းသုံးပစ္စည်းများအားလည်း ယိုယွင်းပျက်စီးမှုမရှိစေရန်စောင့်ရှောက်ထိန်းသိမ်းလျက်ရှိပြီး Trade Fairကဲ့သို့ အခမ်းအနားများမှ ကျန်ရှိပိုင်ဆိုင်သည့် ရုံးပိုင်ပစ္စည်းများအားလည်း ထိန်းသိမ်း ငှားရမ်းလျက် ရှိပါသည်။

တည်ဆောက်၊ ပြုပြင်၊ ဝယ်ယူဖြည့်တင်းထားသည့် ပစ္စည်းများနှင့်ပတ်သက်၍ ကုန်ကျစရိတ်များကို ဘဏ္ဍာရေးကော်မတီနှင့် ညှိနှိုင်းပြီး စီမံခန့်ခွဲရေးကော်မတီ၏ အတည်ပြုချက်ဖြင့်ဆောင်ရွက် ခဲ့ရာ Hall ခန်းမ LED ကုန်ကျစရိတ်မှာ (၂၄,၂၄၀,၅၃၅)ကျပ်နှင့် တွဲဖက်သုံး Modelမြင့် Laptop တန်ဖိုးငွေ (၁,၂၃၈,၀၀၀) ကျပ်ရှိပြီး ရုံးခန်းပြင်ဆင်စရိတ်အနေဖြင့် Interior decoration တန်ဖိုးငွေ (၁,၉၈၅,၀၀၀)ကျပ်၊ ရုံးစားပွဲအပြင်အဆင်အတွက်တန်ဖိုးငွေ (၅,၉၆၆,၉၅၀)ကျပ်နှင့် ဖြည့်စွက် လုပ်ငန်းသုံးပစ္စည်းတန်ဖိုး (၃,၈၆၄,၀၀၀) ကျပ် ရှိပါသည်။ ထို့အပြင် ယခုနှစ်၏ စက်လှေကား၊












ခာတ် လှေကားပြင်ဆင်စရိတ်တန်ဖိုးငွေ(၁,၆၄၉,၈၀၀) ကျပ်နှင့် ထပ်တိုး American Business Corner ရုံးခန်းတည်ဆောက်စရိတ်တန်ဖိုးငွေ (၁,၁၅၁,၄၅၀) ကျပ်ရှိပါသည်။ ထို့နောက် Multimedia အတွက် (၇,၁၀၁,၀၀၀)ကျပ်၊ Transimitterအတွက် (၉,၅၁၉,၀၀၀) ကျပ်၊ HD Video Camera အတွက် (၂,၄၀၀,၀၀၀) ကျပ် စုစုပေါင်း (၂၀၁၉)ခုနှစ်အတွက် ကုန်ကျငွေ (၅၉,၁၁၅,၇၃၅)ကျပ် ကုန်ကျခဲ့ပါသည်။

ဆောက်လုပ်ရေးနှင့် မွမ်းမံထိန်းသိမ်းရေးကော်မတီမှ အသင်း၏ရန်ပုံငွေရရှိစေရေးအတွက်ခန်းမများနှင့်အခန်းပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းတို့အတွက် အစည်းအဝေး ဆုံးဖြတ်ချက်များနှင့်အညီ ဆောင်ရွက်ခဲ့ရာ ယခု(၂၀၁၈-၂၀၁၉) ဘဏ္ဍာရေးနှစ်အတွက် ညှိနှိုင်းပြီး ဝင်ငွေနှင့် အသုံးစရိတ်စာရင်းမှ ကိုးကားတင်ပြရမည့်ဆိုပါက ခန်းမငှားရမ်းခရငွေ (၂၁,၀၅၃,၂၀၀) ကျပ်၊ညီနောင်အသင်းရုံးခန်းငှားရမ်းခရငွေ(၁,၀၇၉,၈၀၀) ကျပ်၊ Transmitter စက်ငှားရမ်းခရငွေ (၄၈၆,၃၆၀)ကျပ်၊ LED Board ငှားရမ်းခရငွေ (၂,၀၉၉,၅၀၀)ကျပ်ရရှိခဲ့ပြီး ILOသင်တန်းမှ (၃၈၀,၅၀၀)ကျပ်၊ Retail Management သင်တန်းကြေးရငွေ (၁၂၀,၀၀၀)ကျပ်၊ Marketing for Japan သင်တန်းကြေးရငွေ (၆၁၂,၀၀၀)ကျပ်၊ Marketing Management သင်တန်းကြေးရငွေ (၅၁၀,၀၀၀)ကျပ်၊ Business for HRM သင်တန်းကြေးရငွေ (၃၀၀,၀၀၀) ကျပ်နှင့် Start Your Business သင်တန်းကြေးရငွေ (၁,၁၁၀,၀၀၀)ကျပ်တို့အား သင်တန်းများမှ ရရှိခဲ့ ပါသည်။ စုစုပေါင်း အနေဖြင့် (၂၇,၇၅၁,၃၆၀)ကျပ်ရရှိခဲ့ပါသည်။

မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအနေဖြင့်ကိုယ်ပိုင်မြေနေရာနှင့်ရုံးအဆောက်အဦ ရရှိရေးအတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် စီးပွားကူးသန်းဝန်ကြီး ဌာနသို့ ကိုယ်ပိုင်မြေနေရာ တင်ပြလျှောက်ထားခဲ့ပါသည်။ ခန့်မှန်းမြေနေရာတွင် ဆောက်လုပ်မည့် MRCCIရုံးအဆောက်အဦပုံစံများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ယခုလက်ရှိ MRCCIလုပ်ငန်းဆောင်ရွက်မှုများအတွက် မန္တလေးမြို့တော်စည်ပင်သာယာရေးဌာနပိုင် ရတနာပုံစုပါစင်တာ (၄)လွှာတွင် တစ်နှစ်လျှင် ငှားရမ်းခငွေကျပ် (၂၃,၁၃၀,၀၀၀)ကျပ်နှုန်းထား ဖြင့် တစ်လလျှင် ငှားရမ်းခငွေကျပ် (၁,၉၂၇,၅၀၀)ကျပ်ဖြင့် ငှားရမ်းလုပ်ကိုင် ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် မန္တလေးမြို့တော် ဈေးချိုတိုက်တန်း(၃)လွှာ ရှိရုံးအခန်း၏ ဧရိယာ စတုရန်းပေ ၈,၀၀၀တွင် မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ စားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူ များအသင်း၊ ဆေးဝါးနှင့် လူသုံးကုန် ပစ္စည်းရောင်းချသူများအသင်း၊ မြန်မာနိုင်ငံ သကြားနှင့်ကြံထွက်ပစ္စည်း လုပ်ငန်းရှင်များအသင်း၊ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၊ MBA အသင်း တို့ကို ညီနောင်အသင်းများ ဖွံ့ဖြိုးတိုးတက် စေရန် ရည်ရွယ်၍ မိမိငှားရမ်းသည့် ဧရိယာစတုရန်းပေးအလိုက် စည်ပင်သာယာသို့ ပေးသွင်းစေရန် သဘောတူညီချက်ဖြင့် ထပ်ဆင့်ငှားရမ်းပေးထားပါသည်။









မြေနေရာရရှိရေးအတွက်
တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်
စီးပွားကူးသန်းဝန်ကြီးဌာနတို့
သို့တင်ပြညှိနှိုင်း
ဆောင်ရွက်ဆဲဖြစ်ပါသည်။

# အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်မှတ်တမ်းများ

အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းကော်မတီ၏ ရည်ရွယ်ချက်များမှာ MRCCIအသင်းအသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ ထိုမှတဆင့်တိုင်းဒေသကြီး စီးပွားရေးလုပ်ငန်းများဖွံ့ ဖြိုးတိုးတက်လာစေရန်၊ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ရပ်တည်ရှင်သန်သွားစေရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာဆိုင်ရာများဖွံ့ဖြိုးတိုးတက်စေရန်တို့ဖြစ်ပြီး အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် ကုန်ထုတ်လုပ်မှုမြှင့်တင်ရေးဆိုင်ရာ ဟောပြောပွဲ၊ Japan Productivity Centerနှင့် UMFCCIတို့ ပူးပေါင်းပြီး Japan ASEAN Integration Fund၏ ကူညီပံ့ပိုးမှုဖြင့် MSMEလုပ်ငန်းများ ကုန်ထုတ်လုပ်မှုမြှင့်တင်ရေး ဟောပြောပွဲများကျင်းပခဲ့ပါသည်။ အဆိုပါဟောပြောပွဲတွင် "ကုန်ထုတ်လုပ်မှုမြှင့်တင်ရေးဆိုင်ရာ ဟောပြောပွဲ" "How to make your workplace more productive seminar" ခေါင်းစဉ်ဖြင့် (၂၇-၁-၂၀၁၉)ရက်နေ့ MRCCI Hallခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပြီး MRCCIမှ တွဲဖက် အတွင်းရေးမှူးဦးသက်ထွန်းလင်းနှင့် CEC/ECများ၊ MSMEစီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြပါသည်။

(၂၈-၂-၂၀၁၉)ရက်နေ့ MRCCIအသင်းရုံးဆွေးနွေးခန်းမတွင် SME Business Co- operationအတွက် ရည်ရွယ်၍ Japan-Myanmar Economy & Investment Centerမှ Mr.Noriyuki Yonemuraဦးဆောင်သော JMEICမှ အဖွဲ့ဝင် (၆)ဦးနှင့် တွေ့ဆုံ၍ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ပန်းမျိုးစေ့ထုတ်လုပ်ခြင်းနှင့် ဖြန့်ဝေခြင်းကဏ္ဍ၊ ခရီးသွားကဏ္ဍများနှင့်အသက်မွေးဝမ်းကြောင်းပညာရပ်ဆိုင်ရာလုပ်ငန်းအခွင့်အလမ်းများတိုးမြှင့်ရေးကို ဆွေးနွေးခဲ့ကြပါသည်။






(၆-၄-၂၀၁၉)ရက်နေ့ MRCCIဟောခန်းမတွင် Yoma BankrS SME Roadshowကို ကြီးမှူးကျင်းပ၍ မန္တလေးမှ စီးပွားရေးလုပ်ငန်းရှင်များအတွက်လုပ်ငန်းများ ပိုမိုတိုးချဲ့လည်ပတ်နိုင်စေရန်၊ ဘဏ္ဍာရေးဆိုင်ရာ ဆွေးနွေးအကြံပြုခြင်းနှင့် ရိုးမဘဏ်၏ ချေးငွေဝန်ဆောင်မှုများအား မိတ်ဆက် ချိတ်ဆက် ဝန်ဆောင်မှုပေးခြင်းတို့ကို

ရှင်းလင်းတွေ့ဆုံဆွေးနွေးခဲ့ပြီး MRCCIဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့် မှ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ အဆိုပါအခမ်းအနားသို့ MRCCIမှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးအဖွဲ့၊ ဘဏ္ဍာရေးမှူး၊ CEC/ECများ



တက်ရောက်ခဲ့ကြပါသည်။

SMEဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းရပ်များနှင့် ပတ်သက်၍ (၂၉-၈-၂၀၁၉)ရက်နေ့ MRCCI အသင်းရုံးတွင် One to Watch Myanmarမှ Program Coordinatorနှင့် Business and Financial Analystတို့အား MRCCIမှ တွဲဖက်အတွင်းရေးမှူး ဦးသက်ထွန်းလင်း၊ အလုပ်အမှုဆောင်ဦးလင်းကိုကိုအောင်တို့မှလက်ခံတွေ့ဆုံခဲ့ပြီး One to Watch Myanmarမှ "e Facility Asean Development Bank US ICT Council တို့နှင့် ပူးပေါင်း၍ မန္တလေးမြို့တွင် အသေးစားအလတ်စားလုပ်ငန်းများ၊ စွန့်ဦးတီထွင်လုပ်ငန်းများအတွက် စီးပွားရေးအသိပညာဖလှယ်မှုဆိုင်ရာ ဆွေးနွေးပွဲများ၊ သက်ဆိုင်ရာ Networking Sessionများကို ကျင်းပသွားမည်ဖြစ်ကြောင်းနှင့်၎င်း Programအကြောင်းကို ရှင်းလင်းမိတ်ဆက်ပေးခဲ့ပါသည်။ One to Watch Myanmar အနေဖြင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာစီမံခန့်ခွဲမှု SMEလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတိုးများလာစေရန် အတွက် Business Acceleration Programsများ၊ Business Development Programs များအား အဓိကဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း သိရပါသည်။




(၁၀-၉-၂၀၁၉)ရက်နေ့MRCCIအသင်းရုံးတွင် မြန်မာ-ဂျာမန် စီးပွားရေးလုပ်ငန်းရှင်များ အသင်းနှင့် စီးပွားရေးဖွံ့ဖြိုးရေးရာ စွမ်းအင်ဖယ်ဒရယ်ဝန်ကြီးဌာန (Gernan Gederal Ministry of Economic Affair and Energy (BMWi)၊ ဂျာမန်စက်မှုလက်မှုနှင့် အင်ဂျင်နီယာလုပ်ငန်း ဆိုင်ရာအသင်းအဖွဲ့ (VDMA, German Mechanical Engineering Industry Association)၊ EconAN international တို့နှင့် ပူးပေါင်းပြီး အစားအစာနှင့် အဖျော် ယမကာထုတ်လုပ်သည့် လုပ်ငန်းစဉ်များနှင့် ထုတ်ပိုးသည့် လုပ်ငန်းစဉ်များတွင် အသုံးပြုသည့် စက်ပစ္စည်းများဆိုင်ရာ အသိပညာများ နီးနှောဖလှယ်ပွဲအား ကျင်းပပြုလုပ်ခဲ့ရာ MRCCI ဒုဥက္ကဋ္ဌ ဦးမိုးကျော်ကျော်မှအဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ ၎င်းနောက် ဂျာမန်စီးပွားရေးလုပ်ငန်းရှင်၊ပညာရှင်များမှ "Food Processing and Packaging Machines, Made in Germany, The Industry, Technologies and Trends, Legal Framework, Foreign Market Entry Programme, Market Overview of Food and Beverage Industry (including Country Introduction, Sector Information, Distribution Channels, Business Opportunities, Logistics and Import Requirements for F&B Machinery and Equipment"ခေါင်းစဉ်များဖြင့် အသိပညာဗဟုသုတများ ရှင်းလင်း မျှဝေပေးခဲ့ပြီး "Food Processing and Packaging in Myanmar"ခေါင်းစဉ်ဖြင့် MRCCI ညီနောင်အသင်းဥက္ကဋ္ဌများဖြစ်ကြသည့်မန္တလေးတိုင်းဒေသကြီးစားသောက်ကုန်လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးစန်းဝင်း၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်(မန္တလေးတိုင်း) ဥက္ကဋ္ဌ ဒေါက်တာကျော်ထင်၊ MRCCIအသင်း အလုပ်အမှုဆောင် မြန်မာ့သရက် ဈေးကွက်နှင့် နည်းပညာဖြန့်ပွားရေး အသင်းအတွင်းအရေးမှူးကြီး ဦးကျော်စိုးနိုင်တို့ကပါဝင်ဆွေးနွေးပေးခဲ့ပါသည်။ ထိုနီးနှောဖလှယ်ပွဲ၌ အဓိကအနေဖြင့် ဂျာမနီနိုင်ငံတွင် ပြုလုပ်သည့် အစားအစာနှင့် အဖျော်ယမကာထုတ်လုပ်သည် စက်ပစ္စည်းများနှင့် ထုတ်ပိုးသည့် စက်ပစ္စည်းများ၏ စက်မှုနည်းပညာများ၊ အစားအစာများနှင့် အဖျော်ယမကာထုတ်လုပ်သည့် ဈေးကွက်အမြင်နှင့် အခြားကဏ္ဍများကို ထည့်သွင်းဆွေးနွေးပေးခဲ့ကြပါသည်။





တက်ရောက်လေ့လာခဲ့ပါသည်။

"သဘာဝ" စီမံကိန်းအဖွဲ့၊ စက်မှုကြီးကြပ်နှင့်စစ်ဆေးရေး ဦးစီးဌာနတို့မှ ပူးပေါင်းစီစဉ်၍မန္တလေး မြို့ရှိ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအတွက် ချေးငွေလွယ်ကူစွာရယူလျှောက်ထားနိုင်ရန် အခွင့်အလမ်းများ နှင့်ပတ်သက်သော "အသေးစားနှင့်အလတ်စားစီးပွားရေး လုပ်ငန်းများအတွက်အစိမ်းရောင်ဘဏ္ဍာရေးဆွေးနွေးပွဲ"အား (၂၄-၁၀-၂၀၁၉) ရက်နေ့ MRCCIအသင်းရုံးတွင် ကျင်းပပြုလုပ်ခဲ့ရာ တွဲဖက်အတွင်းရေးမှူး ဦးညွန့်ဝေ (ခ) ဦးချွန်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ အလုပ်အမှုဆောင်များ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါဆွေးနွေးပွဲတွင်စီမံကိန်း ၏ မိတ်ဖက်ဘဏ် များဖြစ်သည့် AYA Bank CB Bank MAB Bank MCB Bankများမှ အစိမ်းရောင်ချေးငွေထုတ်ကုန်များနှင့်ပတ်သက်သည့် အကြောင်းအရာများတင်ပြခြင်း၊ ၎င်းထုတ်ကုန်များနှင့် ပတ်သက်၍ မိတ်ဖက်ဘဏ်များနှင့် နားလည်မှုစာချွန်လွှာ ရေးထိုးထားသော Supplier တို့မှ အပြန်အလှန် အမေးအဖြေကဏ္ဍများဖြင့် ပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။







(၇-၁၀-၂၀၁၉)ရက်နေ့ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနအစည်းအဝေးခန်းမတွင်စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနနှင့်ကနေဒါနိုင်ငံ မှ Canadian Executive Organization (CESO)အဖွဲ့အစည်းတို့ ပူးပေါင်း၍ "Organization Review and Capacity DevelopmentPlanProgram"အရMSMEsလုပ်ငန်းရှင်များ၊ SMEမှ ဝန်ထမ်းများ၊ SME Agency မှ တာဝန်ခံများနှင့် အကြံဉာဏ်ပေးသည့် အလုပ်ရုံဆွေးနွေးပွဲအား ကျင်းပပြုလုပ်ခဲ့ရာ MRCCIမှ အလုပ်အမှုဆောင် ဦးဇော်ဇော်မှ



(၃၀ - ၁၀ - ၂၀၁၉)ရက်နေ့ MRCCIအသင်းရုံးတွင် MRCCIတွဲဖက်အတွင်းရေးမှူး ဦးညွန့်ဝေ(ခ)ဦးချွန်နှင့် တွဲဖက်စာရင်းစစ် ဦးညီညီချစ်တို့သည် ICOSA (International Co- operation Organization for Small and Medium Enterprises in Asia)၏ ကိုယ်စားလှယ်ဖြစ်သော Managing Director -ဒေါ်ခင်ခင်ထွေးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ၍ SMEလုပ်ငန်း ကဏ္ဍရပ်များပိုမို တိုးတက်အောင်လက်တွဲ ပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်လျက် MOU လက်မှတ်ရေးထိုးရန် အကြို ညှိနှိုင်း ဆွေးနွေးတွေ့ဆုံခဲ့ပါသည်။

ထိုဆွေးနွေးပွဲပြီးနောက် "Toyo Seikan Co.,Ltd စားသောက်ကုန်နှင့် လူသုံးကုန် ပစ္စည်းများဆိုင်ရာ ထုတ်ပိုးပစ္စည်း ထုတ်လုပ်မှု ကုမ္ပဏီအား MRCCI မှ တွေ့ဆုံ၍ စားသောက်ကုန်ထုတ်ပိုးမှုလုပ်ငန်းများအတွက် အထောက်အကူ ပြုစေရေး ဆွေးနွေးပွဲ ကျင်းပခဲ့ပါသည်။ ဆွေးနွေးပွဲသို့ MRCCIဒုတိယဥက္ကဋ္ဌဦးမိုးကျော်ကျော်၊ CEC/ECများနှင့် အသင်းသူ/အသင်းသားများသည် ဂျပန်နိုင်ငံ၌ စားသောက်ကုန်နှင့် လူသုံးကုန် ပစ္စည်းများ ဆိုင်ရာ ထုတ်ပိုးပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်းတွင် ကမ္ဘာ့အဆင့် နံပါတ် ၁၊ အာရှအဆင့် နံပတ် ၁ဖြင့် လည်ပတ်နေသော ကုမ္ပဏီတစ်ခုဖြစ်သည့် Toyo Seikan Company Mr. Munehiro Endo, Mr. Shinji Yamamotoနှင့် ဒေါ်ချိုချိုသက်လွင်တို့အား လက်ခံတွေ့ဆုံပြီး "MRCCIနှင့် ပူးပေါင်း၍ စားသောက်ကုန် ထုတ်လုပ်ငန်းနှင့် ထုတ်ပိုးမှုဆိုင်ရာ နည်းပညာ သင်တန်းများ ဖွင့်လှစ်သွားနိုင်ရန်" နှင့် မန္တလေးမြို့တွင် SMEလုပ်ငန်းစားသောက်ကုန်ပြင်ဆင် ထုတ်လုပ်သည့် လုပ်ငန်းများ၊ ထုတ်ပိုးပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းဆိုင်ရာ အခွင့်အလမ်းများအတွက် ပူးပေါင်း ဆောင်ရွက်နိုင်ရန်" ဆွေးနွေးခဲ့ကြပါသည်။ အဆိုပါ Japan Toyo Seikan Company သည် မြန်မာနိုင်ငံရေဆင်းတက္ကသိုလ်သို့ သွားရောက်လေ့လာပြီး စားသောက်ကုန်ပစ္စည်းများအား စနစ်တကျ သန့်စင်ထိန်းသိမ်းမှုနှင့် ပတ်သက်သော သင်တန်းများ မျှဝေပေးခဲ့ပြီး ယခုအခါ သီလဝါ အထူး စီးပွားရေးဇုန်တွင် ဒေသခံမြန်မာ ကုမ္ပဏီ၊ လွယ်ပတ်နှင့် အကျိုးတူ ပူးပေါင်းကာ စက်ရုံ တည်ထောင်ရင်းနှီးမြှုပ်နှံဆောင်ရွက်နေပြီး ထုတ်ကုန်များ ထုတ်လုပ်လျက်ရှိပြီဟု သိရှိရပါသည်။





လူငယ်များအလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်လေ့ကျင့်ပြုစုမွေးထုတ်ရေးစီမံကိန်း (Equipping Youth for Employment - EYE Project)အရ ၂၀၂၀ - ၂၀၂၁ ခုနှစ်တွင် စက်မှု သင်တန်းကျောင်းများ၌ ဖွင့်လှစ်မည့် သင်တန်းများအကြောင်း ရှင်းလင်းဆွေးနွေးပေးသည့် Stakeholder Meeting ပွဲအား (၁၈ - ၁၁ - ၂၀၁၉)ရက်နေ့ အသင်းရုံးတွင် ကျင်းပ ပြုလုပ်ခဲ့ရာ MRCCIမှ အထွေထွေ အတွင်းရေးမှူးဦးဥက္ကာကျော်မှ တက်ရောက်ခဲ့ပါသည်။ လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေး အတွက် လေ့ကျင့်ပြုစုမွေးထုတ်ရေးစီမံကိန်း (Equipping Youth for Employment - EYE Project) အရ ၂၀၂၀ - ၂၀၂၁ ခုနှစ် စက်မှု သင်တန်းကျောင်းများ၌

ဖွင့်လှစ်သည့် လျှပ်စစ်ဂဟေဆက်ကျွမ်းကျင်သင်တန်း (Arc Welding)၊ MIG-MAGဂဟေဆော်မှုကျွမ်းကျင်သင်တန်း၊ မော်တော်ဆိုင်ကယ်များတပ်ဆင်ပြုပြင်ထိန်းသိမ်းမှု ကျွမ်းကျင်သင်တန်းနှင့်လယ်ယာသုံးစက်ကိရိယာများ ပြုပြင်ထိန်းသိမ်းမှုကျွမ်းကျင်သင်တန်း၊ အုတ်စီ ကျွမ်းကျင်သင်တန်း၊ သံချည်သံကွေး ကျွမ်းကျင်သင်တန်း၊ ပုံဆင်ပုံရိုက်ကျွမ်းကျင်သင်တန်း၊ အခြေခံလမ်းခင်းကျွမ်းကျင်သင်တန်း၊လျှပ်စစ်ကျွမ်းကျင်သင်တန်းများအား စက်မှုသင်တန်းကျောင်းတွင် တက်ရောက်နိုင်ကြောင်းလည်း တင်ပြခဲ့ကြောင်းသိရပါသည်။

(၁၉-၁၁-၂၀၁၉)ရက်နေ့ The Mandalay




Restaurantတွင် Building Markets Myanmar မှ ကြီးမှူးကျင်းပသော "Net-Night Mandalay, Recycling: Think Outside The Trash"ပွဲအား MRCCI အသင်း၏ အထွေထွေအတွင်းရေးမှူး ဦးဉက္ကာကျော်နှင့် တွဲဖက်အတွင်းရေးမှူးဦးညွန့်ဝေ(ခ)ဦးချွန်တို့အဖွဲ့မှ သွားရောက်လေ့လာခဲ့ကြပါသည်။ အဆိုပါ အခမ်းအနားသို့ မန္တလေးမြို့မှ SME လုပ်ငန်းရှင်များ၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲရေးနှင့်ပြန်လည်အသုံးချရေး ကဏ္ဍအတွင်းရှိ လုပ်ငန်းရှင်များ၊ စွန့်ဦးတီထွင်လုပ်ငန်းရှင်များနှင့် စိတ်ပါဝင်စားသူများလည်း တက်ရောက်ခဲ့ကြပြီး Building Marketsမှ ပွဲကျင်းပရသည့် ရည်ရွယ်ချက်များ၊ ၎င်းတို့၏ လုပ်ဆောင်ချက်များနှင့် သက်ဆိုင်ရာ လုပ်ငန်းများအကြောင်းအား ရှင်းလင်းဆွေးနွေးတင်ပြခဲ့ပါသည်။ ထို့နောက် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲရေးနှင့် ပြန်လည်အသုံးချ ကဏ္ဍအတွင်းရှိ SMEလုပ်ငန်းရှင် များ၊ စွန့်ဦးတီထွင်လုပ်ငန်းရှင်များနှင့် လုပ်ငန်းချိတ်ဆက်မှုများ ရရှိစေရန် Networking Sessionအား ဆက်လက်ကျင်းပခဲ့ပါသည်။



MRCCIဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူပေါင်းဆောင်ရွက်နေသော ဂျာမနီနိုင်ငံ IHKမှ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များအတွက် ရင်းနှီးမြှုပ်နှံမှုအတွက် ပုဂ္ဂလိကဘဏ် များနှင့်ချိတ်ဆက်၍ ပြည်တွင်းပြည်ပချေးငွေများ ရရှိရေးအတွက် ဆက်သွယ်ဆောင်ရွက်ပေးလျက် ရှိပါတယ်။ ချေးငွေရရှိရေးအတွက် လုပ်ငန်းအဆင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။




(၂၉-၁၁-၂၀၁၉)ရက်နေ့ MRCCI အသင်းရုံးတွင် MRCCIဒုဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်၊ အထွေထွေအတွင်းရေးမှူး ဦးဉက္ကာကျော်၊တွဲဖက်အတွင်းရေးမှူး ဦးသက်ထွန်းလင်းနှင့် ဗဟိုအလုပ်အမှုဆောင်ဒေါ်သန်းသန်းဆွေ တို့သည် IFC - International Finance Corporation, World Bank GrouprS Mr.Bas Rozemuller - Project Manager, Agribusiness Advisoryနှင့် ဒေါ်စိမ့်ရည်ထက် - Consultantတို့အား လက်ခံတွေ့ဆုံခဲ့ပြီး မန္တလေးတိုင်းဒေသကြီးအတွင်းရှိ Food Processing နှင့် Agri-commoditiesစီးပွားရေးလုပ်ငန်း





ရှင်များ အတွက် Food Safety Seminarပွဲအတွက် ပထမဦးစွာ အကြိုညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း တည်ရှိသော အကြီးစား၊ အလတ်စားနှင့်အသေးစား ထုတ်ကုန် စီးပွားရေးလုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- Large Industry 385
- Medium Industry 311
- Small Industry 561

အထက်ပါလုပ်ငန်းများသည် လက်ရှိလည်ပတ် လျက်ရှိသော စက်ရုံအလုပ်ရုံများဖြစ်ကြပြီး ၎င်း၏ လုပ်ငန်းများ ရှင်သန်ရပ်တည်ရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ ဖြိုးတိုးတက်ရေးအတွက် လိုအပ်နေသော နည်းပညာများ၊ အရင်းအနှီးများ၊ ကျွမ်းကျင်လုပ်သားများရရှိရေးအတွက် အသေးစားနှင့်အလတ်စားများ ဖွံ့ဖြိုးရေးကော်မတီမှ အသင်းသားများအတွက် ကျယ်ပြန့်စွာ ဆက်သွယ် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထိုသို့ကျယ်ပြန့်စွာ ဆက်သွယ် ဆောင်ရွက်ပေးရာတွင် အမျိုးသားစီးပွားရေး ဦးတည်ချက်နှင့်အညီ နိုင်ငံတော်အစိုးရနှင့် အတူတကွ လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း တင်ပြလို ပါသည်။

# ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာလုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်မှတ်တမ်းများ

ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာလုပ်ငန်းကော်မတီသည် (၂၀၁၈ - ၂၀၁၉) သက်တမ်းတွင် စတင်ဖွဲ့စည်းခဲ့ပြီး ကော်မတီ၏ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းဆောင်ရွက်ချက် (၉) ချက် မှာ

၁။ ဈေးကွက်စီးပွားစနစ် ပီပြင်စွာဖြစ်ပေါ်လာစေရေးအတွက် စည်းရုံးဦးဆောင် ညှိနှိုင်းဆောင်ရွက်ပေးခြင်း။

၂။ စီးပွားရေးတိုးတက်ဖွံ့ဖြိုးစေရန် ပြည်တွင်းပြည်ပမှ အောက်ပါအကူအညီများ ရရှိရေးအတွက် စီစဉ်ဆောင်ရွက်ပေးခြင်း။

၃။ ကုန်စည်စီးဆင်းမှု မှန်ကန်လျင်မြန်ချောမွေ့စေရန် ကုန်ဈေးနှုန်းတည်ငြိမ်မှန်ကန်အောင် ထိန်းကျောင်းညှိနှိုင်း ဆောင်ရွက်ပေးခြင်း။

၄။ ပြည်ပပို့ကုန်အမည်သစ်များ ဖော်ထုတ်၍ ပို့ကုန်မြင့်မားတိုးတက်လာစေရန်နှင့် ပြည်ပဈေးကွက် သစ်များ ရရှိရေး အတွက် ကူညီဆောင်ရွက်ပေးခြင်း။

၅။ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်သို့ အကြံဉာဏ်များပေးခြင်း၊ ပူးပေါင်း ဆောင်ရွက်ခြင်းများ ပြုလုပ်ခြင်း။

၆။ ပြည်တွင်းပြည်ပကုန်စည်ပြပွဲများ၊ ဆွေးနွေးပွဲများ စီစဉ်ပြသပေးခြင်းနှင့် စေလွှတ်တက်ရောက် ပြသနိုင်ရန် အတွက် နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း။

၇။ ကုန်စည်ဒိုင်များကို စနစ်တကျအဆင့်မြင့်များရေးနှင့် တိုးတက်ဖွံ့ဖြိုးစေရေးအတွက် ပူးပေါင်း ကူညီ ဆောင်ရွက်ပေးခြင်း။

၈။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ စနစ်တက်ဝင်ရောက်လာရေးနှင့် ကမ္ဘာ့ဈေးကွက်တွင် အောင်မြင်စွာ ထိုးဖောက် ဝင်ရောက်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှု ဖွံ့ ဖြိုးတိုးတက်ရေးကော်မတီနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

၉။ အသင်းသားများ၏ ကုန်စည်များပြသနိုင်ရေးနှင့်အဆက်အသွယ်အချိတ်အဆက်များ ပိုမိုရရှိလာရေးအတွက် Trade Promotion Committeeမှ ပံ့ပိုးဆောက်ရွက်ခြင်း လုပ်ငန်းစဉ်တို့ဖြစ်ပါသည်။

ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာလုပ်ငန်းကော်မတီတွင် ပြည်တွင်းလုပ်ရှားဆောင်ရွက်မှုနှင့် နိုင်ငံတကာလှုပ်ရှားဆောင်ရွက်မှုဟူ၍ အခန်းကဏ္ဍကြီး(၂)ရပ်ရှိပါသည်။ ပြည်တွင်းလှုပ်ရှားဆောင်ရွက်မှု အခန်းကဏ္ဍတွင် ကုန်သွယ်မှုအခြေခံသင်တန်းများ၊ ကုန်သွယ်မှုဥပဒေ နှင့်ပတ်သက်သည့် အလုပ်ရုံ ဆွေးနွေးပွဲများ တက်ရောက်ခြင်း၊ နည်းပညာ တက္ကသိုလ် Industrial Advisory Pannel အကျောင်းအခြေပြုစွမ်းဆောင်ရည် မြှင့်တင်မှုသင်တန်း Workshop၊ Job Fair (စက်မှုသင်တန်း ကျောင်း)၊ Public Private Dialog Workshop၊ Business Matching၊ Networking Activities တို့ပါဝင်ပြီး နိုင်ငံတကာလှုပ်ရှားဆောင်ရွက်မှု အခန်းကဏ္ဍတွင် အိန္ဒိယ၊ တရုတ်၊ ထိုင်း၊ ထိုင်ဝမ်၊ ဟောင်ကောင်နှင့် ဗီယက်နမ်နိုင်ငံနှင့်ချိတ်ဆက်၍Business Matching၊ Seminar၊ Workshop၊ Trade Show၊ Investment Programတို့အား ပြုလုပ်ကျင်းပနိုင်ခဲ့ပါသည်။





ကုန်သွယ်မှုမြှင့်တင်ရေးလုပ်ငန်း ကော်မတီ၏ ပြည်တွင်းလှုပ်ရှားဆောင်ရွက်မှုများထဲတွင် ပါဝင်သည့် ကုန်သွယ်မှုအခြေခံအမှတ်စဉ် သင်တန်းများ၌ MRCCIအထွေထွေအတွင်းရေးမှူးမှ The Role of MRCCI for Private Sector Development in Myanmar ခေါင်းစဉ်ဖြင့် (၂၀၁၉) ခုနှစ်အတွင်းအမှတ်စဉ် (၈) မှ(၁၀)အထိ(၂၀-၁-၂၀၁၉)ရက်နေ့တွင်တစ်ကြိမ်၊ (၁၀-၅-၂၀၁၉) ရက်နေ့တွင်တစ်ကြိမ်၊ (၁-၁၁-၂၀၁၉) ရက်နေ့တွင်တစ်ကြိမ် ဟောပြောပို့ချခဲ့ပါသည်။ ဆက်လက်၍ ကုန်သွယ်မှုဥပဒေနှင့်ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲများ ဖြစ်သည့် ကုန်သွယ်ရေး ဦးစီးဌာန၏ ယှဉ်ပြိုင်မှုဥပဒေဆွေးနွေးရှင်းလင်းပွဲအား (၁၅-၂-၂၀၁၉)ရက်နေ့ MRCCI Hallခန်းမတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်ဇော်ဦးနှင့် ကုန်သွယ်ရေးဦးစီးဌာန ယှဉ်ပြိုင်မှု မူဝါဒဌာနခွဲ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ စံပယ်ကြည်မောင်တို့မှ ဟောပြောပို့ချပေးခဲ့ပြီးMRCCI အထွေထွေအတွင်းရေးမှူး ဦးဥက္ကာကျော်မှအဖွင့်အမှာ စကားပြောကြားခဲ့ပါသည်။ ထို့အပြင်ကုန်သွယ်မှု ဥပဒေမူကြမ်းနှင့် ပတ်သက်သည့်ဆွေးနွေးပွဲအား (၁၃-၉-၂၀၁၉)ရက်နေ့ Hotel Marvelတွင်ကျင်းပ ပြုလုပ်ခဲ့ရာ MRCCIဒုတိယဥက္ကဌ ဦးမိုးကျော်ကျော်မှ ဝိုင်းဝန်းဆွေးနွေးမည့်သူများကို ကျေးဇူးတင်စကား ပြောကြားခဲ့ပြီး MRCCIတွဲဖက်အတွင်းရေးမှူး ဦးချွန်(ခ)ဦးညွန့်ဝေနှင့်အတူ CEC/ECများ တက်ရောက်ခဲ့ပါသည်။ ထို့နောက် ဆွေးနွေးပွဲတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ယခု လက်ရှိကျင့်သုံးနေသည့် ပို့ကုန်သွင်းကုန်ဥပဒေ အစား ကုန်သွယ်မှုကဏ္ဍတစ်ရပ်လုံးကိုလွှမ်းခြုံမည့် ကုန်သွယ်မှုဥပဒေကို ကမ္ဘာ့ဘဏ်နှင့် GIZတို့ နည်းပညာအကူအညီဖြင့် (၂၀၁၇)ခုနှစ်မှ စတင်ကာ ရေးဆွဲခဲ့ပြီးနောက် (၂၀၁၈)ခုနှစ်အတွင်းသက်ဆိုင်ရာ ဌာနများနှင့် ညှိနှိုင်းဆွေးနွေးခြင်း၊ သဘောထား တောင်းခံခြင်းတို့ကို ပြုလုပ်ကျင်းပခဲ့သဖြင့်ကုန်သွယ်မှု ကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေသည့်လုပ်ငန်းရှင်များ၊ အဖွဲ့အစည်းများအား ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန် ချပြခြင်း၊ အကြံပြုချက် တောင်းခံခြင်းတို့ကို ဆောင်ရွက် နိုင်ရန် အဆိုပါအလုပ်ရုံညှိနှိုင်းဆွေးနွေးပွဲကို ကျင်းပ ပြုလုပ်ခဲ့ပါသည်။

(၂၆-၇-၂၀၁၉)ရက်နေ့ နည်းပညာတက္ကသိုလ်



(မန္တလေး)၊ သတင်းအချက်အလက်နှင့် နည်းပညာဌာန (Informationa Technology, IT Dept)မှ Professor & Head, IT Dept ဒေါက်တာမိုမိုအေးတို့အဖွဲ့အား MRCCIအထွေထွေ အတွင်းရေးမှူးဦးဥက္ကာကျော်မှ တွေ့ဆုံ၍ Curriculum Review Committeeတွင် ပြင်ပလုပ်ငန်းရှင်များ၏ အကြံဉာဏ်များ ရယူပေးနိုင်ရန်နှင့် Program Educational Objective (PEOs)နှင့် Graduation Attributes (GAS) များအား သုံးသပ်ပေးနိုင်ရန်တို့အတွက် ကုန်သွယ်မှု မြှင့်တင်ရေးလုပ်ငန်း ကော်မတီလှုပ်ရှားဆောင်ရွက်မှု ကဏ္ဍတစ်ရပ်ဖြစ်သည့် Industrial Advisory Pannelအဖြစ်လည်းကောင်း၊ Curriculum Review Committee ၏ အဖွဲ့ဝင်အဖြစ်လည်းကောင်းပါဝင် ဆောင်ရွက်ပေးနိုင်ရန် သွားရောက် တွေ့ဆုံဆွေးနွေးခဲ့ ပါသည်။

ကုန်သွယ်မှုမြှင့်တင်ရေးလုပ်ငန်းကော်မတီ၏ ပြည်တွင်းလှုပ်ရှားဆောင်ရွက်မှုတွင် အလုပ် အကိုင်ပြပွဲ Job Fairများတွင် ပါဝင်လှုပ်ရှားဆောင်ရွက်ခဲ့ပါသည်။ (၂၀၁၉)ခုနှစ်တွင် (၂၇-၈-၂၀၁၉)ရက်နေ့ရတနာပုံ တက္ကသိုလ်အလုပ်အကိုင်ပြပွဲ၌ ပြခန်းများပါဝင်ပြသ ခြင်းဖြင့်လည်းကောင်း၊ (၁၃-၉-၂၀၁၉)ရက်နေ့ အစိုးရစက်မှုလက်မှု သင်တန်းကျောင်း(မန္တလေး) တွင် လည်းကောင်း ကျင်းပပြုလုပ်ခဲ့ရာ MRCCIအထွေထွေ အတွင်းရေးမှူး၊ ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှု ဆောင် တို့နှင့် German CCI (IHK-Reutlingen) မှ Project Manager- Mr. Patrick Jung, Mr. Timo တို့တက်ရောက်ခဲ့ပါသည်။




ထို့အပြင် (၂၂-၇-၂၀၁၉)ရက်နေ့မှ (၂၄-၇-၂၀၁၉)ရက်နေ့အထိ UMFCCIအသင်းရုံးတွင် UMFCCI ရင်းနှီးမြှုပ်နှံမှုမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေး ကော်မတီမှ International Trade Center (ITC), Myanmar Ministry of Commerce, UK Aidတို့နှင့် ပူးပေါင်းပြီးနောက် ညီနောင်အသင်းများ၏ ကဏ္ဍ အလိုက် လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ပိုမို ထိရောက်စေနိုင်သော မဟာဗျူဟာနည်းလမ်းများကို အကောင်အထည်ဖော်နိုင်ရေးအတွက်" Strategy for Sector Associations Capacity Building Workshop" (Myanmar Trade and Investment Project - Stimulating Inclusive and Sustainable Economic Development)ကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ တွဲဖက်အတွင်းရေးမှူး ဒေါ်ချိုချိုနှင့် အလုပ်အမှုဆောင် ဦးမြတ်ခိုင်တို့မှ သွားရောက် လေ့လာခဲ့ပါသည်။





ကုန်သွယ်မှုမြှင့်တင်ရေးလုပ်ငန်းကော်မတီ၏ နိုင်ငံတကာလှုပ်ရှားဆောင်ရွက်မှုများတွင် Business Matchingများ အနေဖြင့် (၈-၈-၂၀၁၉)ရက်နေ့ MRCCIတွင် ထိုင်းနိုင်ငံ၊ Board of Investment (BOI)အဖွဲ့နှင့် Physical Policy Research Instituteအဖွဲ့တို့နှင့်လည်းကောင်း၊ (၃-၁၀-၂၀၁၉)ရက်နေ့ MRCCIwGif US-ASEAN Business Councilဦးဆောင်သည့် American Companies(Abbott, Amazon, Bower Group Asia, Chevron, Chubb, Coca-Cola, Diageo, Ford, Google, Jhpiego, Master Card, Visa)တို့နှင့်လည်းကောင်း အသင်းသူ/အသင်းသား၊ ညီနောင်အသင်းများနှင့် မန္တလေးမြို့ စီးပွားရေးလုပ်ငန်းရှင်များ၏ ကုန်သွယ် စီးဆင်းမှုမြှင့်တင်နိုင်ရန်ရေးရှု၍Matchingများကျင်းပပြုလုပ် ပေးနိုင်ခဲ့ပါသည်။



(၂၃-၈-၂၀၁၉)ရက်နေ့ ရန်ကုန်တိုင်းဒေသကြီး ရုံး၊ စားသုံးသူရေးရာဦးစီးဌာနတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့မှ "ဆီထွက်သီးနှံနှင့် စားသုံးဆီကဏ္ဍ မူဝါဒတစ်ရပ် ပေါ်ထွက်လာရေးအစည်းအဝေး" သို့ MRCCIတွဲဖက်အတွင်းရေးမှူး ဦးညွန့်ဝေ(ခ)ဦးချွန်နှင့် အလုပ်အမှုဆောင် ဦးသိန်းထွန်း(ခ)ဦးထွန်းထွန်းတို့မှ တက်ရောက်ခဲ့ပါသည်။




မြန်မာနိုင်ငံ၏ ကုန်သွယ်မှုအမျိုးအစားများ တိုးပွားလာစေရေးနှင့် အာဆီယံဒေသတွင်း နိုင်ငံများ နှင့် ကမ္ဘာ့ဈေးကွက်များ ပေါင်းစည်းလာစေရေးအတွက် ASEAN Regional Integration Support - Myanmar Trade Related Technical Assistance - ARISE Plus Myanmar စီမံကိန်းတစ်ခု ဖြစ်သည့် စီးပွားရေးကဏ္ဍကို သက်ရောက်စေသည့် မူဝါဒများကို ရေးဆွဲ ချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းလုပ်ငန်းစဉ်များတွင် ပုဂ္ဂလိက ကဏ္ဍများ ပါဝင်နိုင်ရေး အထောက်အကူပြု အလုပ်ရုံဆွေးနွေးပွဲကို International Trade Center-ITC နှင့် ပူးပေါင်း၍ (၆-၉-၂၀၁၉)ရက်နေ့ MRCCIအသင်းရုံးတွင် ကျင်းပပြုလုပ်ခဲ့ရာ MRCCIဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်မှ အမှာစကားပြောကြားခဲ့ပြီးနောက်ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်၊ အသင်းသူ၊ အသင်းသားများမှ တက်ရောက် လေ့လာ ပါဝင်ဆွေးနွေးခဲ့ကြပါသည်။






MRCCIအသင်း၏ ညီနောင်အသင်းဖြစ်သည့် ကျောက်မျက် ရတနာလုပ်ငန်းရှင်များအသင်း(မန္တလေး) မှ ကြီးမှူး၍ ကျင်းပခဲ့သည့် ကျောက်စိမ်းအရိုင်း/ အချောထည်နှင့် ကျောက်မျက်ရတနာရောင်းချပွဲအား (၂၃-၁၀-၂၀၁၉)ရက်နေ့ Mandalay Convention Centerတွင် ကျင်းပပြုလုပ်ခဲ့ပြီး MRCCIမှ ဒုတိယ ဥက္ကဋ္ဌ(၂) ဦးမျိုးကျော်ဝင်း၊ ဒုတိယဥက္ကဋ္ဌ(၃) ဒေါ်ခင်လေးမြင့်၊ ဒုတိယဥက္ကဋ္ဌ(၅) ဦးမိုးကျော်ကျော်၊ အထွေထွေအတွင်းရေးမှူးနှင့်တွဲဖက်အတွင်းရေးမှူးများ၊ CEC/ECများ တက်ရောက်ခဲ့ကြပါသည်။



"Japan Toyo Seikan Company – စားသောက်ကုန်များနှင့် လူသုံးကုန်ပစ္စည်းများဆိုင်ရာ ထုတ်ပိုးမှုကုမ္ပဏီအား MRCCIအဖွဲ့မှ တွေ့ဆုံ၍ စားသောက်ကုန်များ ထုတ်ပိုးမှုလုပ်ငန်းများအတွက် အထောက်အကူ ပြုစေရေး အလုပ်ရုံဆွေးနွေးပွဲ" အား (၃၀-၁၀-၂၀၁၉)ရက်နေ့MRCCIအသင်းရုံးတွင်ကျင်းပ ပြုလုပ်ခဲ့ရာ MRCCIဒုတိယဥက္ကဋ္ဌဦးမိုးကျော်ကျော်၊ ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင် များနှင့် အသင်းသူအသင်းသားများမှ ဂျပန်နိုင်ငံ၊ Toyo Seikan Companyမှ Mr. Munehiro Endo, Mr. Shinji Yamamotoနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ၍ "MRCCIနှင့် ပူပေါင်း၍ စားသောက်ကုန်ထုတ်လုပ်ငန်းနှင့် ထုတ်ပိုးမှု ဆိုင်ရာနည်းပညာသင်တန်းများ ဖွင့်လှစ်သွားနိုင်ရေး၊

မန္တလေးမြို့ SMEစားသောက်ဖြူပြင်ထုတ်လုပ်သည့် လုပ်ငန်းများနှင့် ထုတ်ပိုးပစ္စည်း ထုတ်လုပ်မှု လုပ်ငန်းဆိုင်ရာအခွင့်အလမ်းများအတွက် ပူးပေါင်းဆောင်ရွက်နိုင်ရေး" ဆွေးနွေးခဲ့ကြပါသည်။

ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရန် ရည်ရွယ်လျက် နိုင်ငံတကာကုန်သွယ်မှု ဗဟိုဌာန (International Trade Center - ITC)နှင့် ပူးပေါင်း၍ မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီဥက္ကဋ္ဌ၊ မန္တလေးတိုင်းဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြင့်ဗြိတိန်နိုင်ငံ၏ နိုင်ငံတကာဖွံ့ဖြိုးရေးဌာန (UK Department for International Development - DFID)၊ မြန်မာကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုစီမံကိန်း (Myanmar Trade and Investment Project - MTIP) ကို ရေးဆွဲအကောင်အထည်ဖော်ရန်အတွက်ဒုတိယအကြိမ် ညှိနှိုင်းဆွေးနွေးပွဲ (၁၄-၁၀-၂၀၁၉)ရက်နေ့မှ (၁၅-၁၁-၂၀၁၉)ရက်နေ့အထိ၊ Eastern Palace Hotelတွင် ကျင်းပပြုလုပ်ခဲ့ရာ MRCCI မှ ဥက္ကဋ္ဌဦးကျော်မင်းနှင့် အထွေထွေအတွင်းရေးမှူး ဦးဥက္ကာကျော်၊ တွဲဖက်အတွင်းရေးမှူး ဦးညွန့်ဝေ (ခ) ဦးချွန်နှင့် CEC/ECများမှ အဖွဲ့ဝင်အဖြစ် တက်ရောက်ဆွေးနွေးခဲ့ပါသည်။ ထို့နောက် (၁၃-၁၁-၂၀၁၉) မှ (၁၅-၁၁-၂၀၁၉)ရက်နေ့ MRCCIရုံးတွင် မြန်မာနိုင်ငံနှင့်ဒိန်းမတ်နိုင်ငံ အလုပ်သမားဝန်ကြီးဌာနတို့အကြား ချုပ်ဆိုထားသည့် MOUအရ " ညှိနှိုင်း ဖျန်ဖြေရေးအဖွဲ့ဝင်များ၊ အလုပ်ရှင်၊ အလုပ်သမားအဖွဲ့ချုပ်၏ Social Dialogue အားကောင်းစေရေး Workshop" များ အား MRCCI၊ အလုပ်သမား ဝန်ကြီးဌာန၊ WCC ညှိနှိုင်း ဖျန်ဖြေရေးအဖွဲ့ဝင်းများ ပူးပေါင်း၍ ကျင်းပပြုလုပ်ခဲ့ပါသည်။

The 2019 South & Southeast Asia Commodity Expo and Investment Fair ပြပွဲအား တရုတ် ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်းမြို့ ကျန်းချီအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းစင်တာ (Kunming Dianchi International Convention & Exhibition Center) တွင် ၂၀၁၉)ခုနှစ်၊ ဇွန်လ ၁၂ရက်နေ့မှ ၁၈ရက်နေ့အထိ ကျင်းပပြုလုပ်သည့်ပွဲသို့ MRCCI အသင်းသားများ၏ ထုတ်ကုန်ပစ္စည်းများကို ပြခန်းရယူ၍ သွားရောက်ပြသခဲ့ပါသည်။ အထက်ပါပြပွဲတွင် မီးဖိုချောင်သုံးပစ္စည်း ဟင်းခတ် အမွှေးအကြိုင်များနှင့် သားသားဆန်ပြုတ်၏ ထုတ်ကုန်ပစ္စည်းများကို ပြသခဲ့ပါသည်။




Trade Promotion Committeeအနေဖြင့်အသင်းသူအသင်းသားများ၏ စီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်စေရေးကို ဦးတည်ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးတခုလုံး၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်ရေးကို စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ပြီး နောင်အနာဂတ် ရေရှည်တည်တံ့ခိုင်မြဲသော နိုင်ငံတော်၏ ဦးတည်ချက်နှင့်အညီ အားသွန်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ နောင်လာမည့် နှစ်များတွင် ကော်မတီ အနေဖြင့် Trade Promotionနှင့် ပတ်သက်၍ ယခုထက်ပိုမိုကြိုးစား ဆောင်ရွက်သွားမည် ဖြစ်ကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။



# ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်မှတ်တမ်းများ

ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းကော်မတီ၏ ရည်ရွယ်ချက်များမှာ အောက်ပါ အတိုင်းဖြစ်ပါသည်။

(က) သင်းဖွဲ့စည်းမျဉ်းတွင်ပါဝင်းသည့် လုပ်ငန်းတာဝန်ဖြစ်သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ စနစ်တကျဝင်ရောက်လာရေးနှင့် ကမ္ဘာ့ဈေးကွက်တွင် အောင်မြင်စွာ ထိုးဖောက်ဝင်ရောက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန်။

(ခ) စီးပွားရေးတိုးတက်ဖွံ့ဖြိုးစေရန် လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှုများ၊ သွင်းအားစုများ၊ နည်းပညာများနှင့်အခြားလိုအပ်ချက်များကို ပြည်တွင်းပြည်ပမှ ရရှိရေးအတွက် စီစဉ်ဆောင်ရွက်ရန်။

(ဂ) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့်ပတ်သက်၍ အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ နိုင်ငံတကာဆက်ဆံရေးကော်မတီ၊ ဥပဒေဆိုင်ရာလုပ်ငန်းကော်မတီတို့နှင့် ဆက်သွယ်ညှိနှိုင်း ပေါင်းစပ်ဆောင်ရွက်ပေးရန်။

မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၏ အသင်းသူ အသင်းသားများစီးပွားရေးလုပ်ငန်းအမျိုးအစားမှာ အောက်ပါအတိုင်းဖြစ်ပါသည်။




ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးတိုးတက်ရန်ဆောင်ရွက်ရာတွင် မန္တလေးတိုင်းဒေသကြီးသည် အိန္ဒိယ၊ တရုတ်၊ ထိုင်းနိုင်ငံများနှင့် အရှေ့တောင်အာရှ လမ်းမကြီး၏ အခြားအပိုင်းများနှင့်ဆက်စပ်လျက် ရှိခြင်း၊ တရုတ်၊ အိန္ဒိယနယ်စပ်ကုန်သွယ်ရေးစခန်းများနှင့် သွားရာလမ်းကြောင်းတွင်ရှိခြင်း၊ နိုင်ငံ၏ ကူးသန်းရောင်းဝယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု အချက်အချာနေရာဖြစ်ခြင်း၊ အလုပ်သမားထုပေါ်များပြီး လယ်ယာထွက်ကုန်များနှင့် အခြေခံအရင်းအမြစ်များလည်း ရှိပြီး စက်မှုကုန်ထုတ်လုပ်ငန်းများ၊ ကုန်သွယ်ရေးနှင့်ခရီးသွားလုပ်ငန်းများနှင့် ဆက်စပ်လျက်ရှိပါသည်။

အထက်ပါ နယ်မြေဒေသအားသာချက်များနှင့် စီးပွားရေးကဏ္ဍအလိုက်ရှိပြီးဖြစ်သော စိုက်ပျိုးရေးကဏ္ဍအတွက် အားသာချက်များ၊ ခရီးသွားကဏ္ဍအတွက် အားသာချက်များ၊ ကုန်သွယ်မှု ကဏ္ဍအားသာချက်၊ သယ်ယူပို့ဆောင်ရေးအတွက် ရေလမ်းကြောင်းအားသာချက်၊ ကုန်လမ်း ကြောင်းအားသာချက်၊ လေကြောင်းလမ်းအားသာချက်များရှိပြီးဖြစ်၍ ယင်း အားသာချက်များအပေါ် မူတည်၍ ရင်းနှီးမြှုပ်နှံမှုများ တိုးပွားလာအောင် ဦးတည်ချက်ထား၍ ဆောင်ရွက်ခြင်းဖြစ်ပါသည်။

## Economic Development Activities @ MRCCI



- Business Research & Development
- International Expert Consultation (German IHK )
- Trade Fair Opportunity
- Trade Mission Opportunity
- Business Matching (Local / Global)
- Seminar
- Workshop
- Training
- Forum
- Conference
- SME Grand & Lone Award
- Hub between Government & Business (Public)






Myanmar Rise Federation - MRF မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ဦးဆောင်စီစဉ်မှုဖြင့် "ဆန်စပါးနှင့်လယ်ယာကဏ္ဍဆိုင်ရာ ပြခန်းများဖွင့်လှစ်ခြင်း၊ဖွင့်ပွဲ အခမ်းအနားနှင့် ဆန်စပါးဆန်ချိန် စံညွှန်းများပြင်ဆင်သတ်မှတ်ခြင်းဆိုင်ရာဆွေးနွေးပွဲ" နှင့် "မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ အထွေထွေညီလာခံနှင့် နှစ်ပတ်လည် အထွေထွေအစည်းအဝေး - ၂၀၁၉"ကို မန္တလေးကွန်ဗန်းရှင် စင်တာတွင် ၂၀၁၉ခုနှစ်၊ ဖေဖော်ဝါရီလ (၉)ရက်နှင့် (၁၀)ရက်နေ့များတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ အခမ်းအနားသို့ MRCCIမှ ဒုဥက္ကဋ္ဌများဖြစ်ကြသည့် ဦးမျိုးကျော်ဝင်း၊ ဦးမိုးကျော်ကျော်၊ အထွေထွေအတွင်းရေးမှူး ဦးဥက္ကာကျော်၊ တွဲဖက်အတွင်းရေးမှူးများဖြစ်ကြသည့် ဦးသက်ထွန်းလင်း၊ ဦးညွန့်ဝေ၊ ဦးသိန်းမြင့်နှင့် CEC/ECများတက်ရောက်ခဲ့ကြပါသည်။

Ministry of Doner၏ ကြီးကြပ်မှုဖြင့် Agricultural and Processed Food Products Export Development Authority (APEDA)နှင့် North Eastern Regional Agricultural Marketing Corporation Limited, Govt. of India Enterprise (NERAMAC)တို့ ပူးပေါင်း၍ "Conference cum International





Buyer Seller Meet on Ner Agri Products at Imphal, Manipur & Agartala, Tripura" ပွဲအား (၁၉-၆-၂၀၁၉)ရက်နေ့မှ (၂၀-၆-၂၀၁၉)ရက်နေ့အထိ အိန္ဒိယနိုင်ငံ၊မဏိပူရ အင်ဖာလ်၌ ကျင်းပပြုလုပ်ခဲ့ရာ MRCCIမှ တွဲဖက်အတွင်းရေးမှူး(ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ)ဦးသိန်းမြင့်၊ CEC ဦးတင်အောင်မိုးနှင့် ဒေါ်သန်းသန်းဆွေ၊ ဒေါ်တင်တင်မြတို့ သွားရောက်ပြီး ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ လေ့လာခဲ့ကြပါသည်။



(၇-၆-၂၀၁၉)ရက်နေ့ Hilton Hotel Mandalay ၌ ဗြိတိသျှကုန်သည်ကြီးများအသင်း (မြန်မာ)သည် Price water house Coopers (PWC)၊ Allen & Overy (A&O)၊ Emerson Real Estate Myanmar (ERE) တို့နှင့်တွဲဖက်၍ မြန်မာ့စီးပွားရေးလုပ်ငန်းများထဲသို့ ဝင်ရောက်လာမည့် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှု ဆွေးနွေးပွဲကို ကျင်းပပြုလုပ်ခဲ့ရာ MRCCIဒုဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်မှ အဖွင့်အမှာစကား ပြောကြားပေးခဲ့ပြီး MRCCIမှ အဖွဲ့ဝင် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ပါသည်။ အဆိုပါ ဆွေးနွေးပွဲကို ကျင်းပရသည့် ရည်ရွယ်ချက်မှာ (က) နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများအနေဖြင့် မည်သို့သောအခန်းကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံရန်စိတ်ဝင်စားခြင်း၊ (ခ)ပြည်တွင်းစီးပွားရေးလုပ်ငန်း (သို့)အစိုးရနှင့်ပူးပေါင်းပြုလုပ်သည့် PPP Projcetများတွင် မည့်သည့်အရာများကို ကြည့်ရှုရှာဖွေခြင်း၊ (ဂ)လက်တွေ့၌စီးပွားရေးလုပ်ငန်းများ၊ အိမ်ယာများကို မည်သို့ တန်ဖိုးဖြတ်နိုင်ခြင်းစသည့် ခေါင်းစဉ် များနှင့် ပတ်သက်၍ အကြံဉာဏ်ကောင်းများကို မန္တလေးရှိ စီးပွားရေးအသိုက်အဝန်းအား ဝေမျှခဲ့ ကြောင်း သိရှိရပါသည်။



မော်လမြိုင်ကုန်စည်ဒိုင် ဖွင့်လှစ်နိုင်ရေး လေ့လာရေး ခရီးစဉ်နှင့်စပ်လျဉ်း၍ (၂-၁၀-၂၀၁၉) ရက်နေ့ MRCCIအသင်းရုံးတွင် MRCCI ဥက္ကဋ္ဌ ဦးကျော်မင်း၊ ဒုဥက္ကဋ္ဌဒေါ်ခင်လေးမြင့်၊ အထွေထွေ အတွင်းရေးမှူးဦးဥက္ကာကျော်၊ တွဲဖက်အတွင်းရေးမှူးဖြစ်ကြသော ဦးညွန့်ဝေ(ခ)ဦးချုန်နှင့် ဒေါ်ခြူးခြူး၊ တွဲဖက်စာရင်းစစ်ဦးညီညီချစ်နှင့်ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်များသည်မွန်ပြည်နယ်စားသုံးသူရေးရာ ဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးခင်အောင်သွင်နှင့် ဦးစီးမှူး ဦးစိုင်းဆိုင်လှိုင်း၊ မော်လမြိုင်ကုန်သည်စက်မှုလက်မှုအသင်း (MSCCI) မှ ဥက္ကဋ္ဌ ဦးဝင်းထိန်နှင့် ဆားလုပ်ငန်းရှင်အသင်း၊ ပဲနှမ်းအသင်း၊ ဆန်စက်လုပ်ငန်းရှင်အသင်း၊ဆီစက်လုပ်ငန်းရှင်အသင်း၊ သစ်သီးဝလံ အသင်း၊ မွေးမြူရေးအဖွဲ့ချုပ်(မွန်)၊ တိုင်းရင်းသားလုပ်ငန်းရှင်အသင်း၊ မွန်ပြည်နယ်နှင့် အနီးတဝိုက်မှ ရာဘာအသင်းများ၊

ကုန်စည်ဒိုင်အသင်း၊ ငါးလုပ်ငန်းရှင်အသင်း(မွန်)နှင့် NEIတို့မှ အဖွဲ့ဝင်များ ပါဝင်သော ကိုယ်စားလှယ်(၃၃) ဦးအဖွဲ့အား ချစ်ခင်ရင်းနှီးနွေးထွေးစွာ လက်ခံတွေ့ဆုံခဲ့ပါသည်။ အဆိုပါ တွေ့ဆုံမှုတွင် နှစ်ဦးနှစ်ဖက်အပြန်အလှန်ချစ်ကြည်ရင်းနှီးစွာ မိတ်ဆက်ခဲ့ကြပြီး၊ မော်လမြိုင် ကုန်စည်ဒိုင်ဖွင့်လှစ်နိုင်ရေးနှင့် ဆက်စပ်သော မိမိတို့၏ အတွေ့အကြုံများအား ဖလှယ်ခဲ့ကြကာ အခြားလိုအပ်သည့် စီးပွားရေးဆိုင်ရာ၊ လုပ်ငန်းဆိုင်ရာကိစ္စရပ်များတွင် အပြန်အလှန်ကူညီနိုင်ကြရန်တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။

(၂၁-၁၀-၂၀၁၉)ရက်နေ့ MRCCIအသင်းရုံး၌ MRCCIဥက္ကဋ္ဌဦးကျော်မင်းနှင့် CEC/ECများနှင့် အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E SaurabhKumart အိန္ဒိယကောင်စစ်ဝန်ချုပ် H.E Nandan Singh Bhaisoraနှင့် ကိုယ်စားလှယ်အဖွဲ့အား ချစ်ခင်ရင်းနှီးစွာ ကြိုဆိုတွေ့ဆုံခဲ့ကြပြီး အိန္ဒိယ-မြန်မာနှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းများ ပိုမိုပူးပေါင်းလုပ်ကိုင်သွားကြရန်နှင့် စီးပွားရေးလုပ်ငန်းရှင်အချင်းချင်း စီးပွားရေးလုပ်ငန်းများအပြန်အလှန်လုပ်ဆောင်သွားနိုင်ကြရန်အတွက် အထူးအလေးထား ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါဆွေးနွေးမှုများတွင် မြန်မာနိုင်ငံသို့ အထူးသဖြင့် မန္တလေးတိုင်းဒေသကြီးတွင် စက်မှုလုပ်ငန်းများလာရောက်လုပ်ကိုင်နိုင်ရန်နှင့် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နိုင်ရန် ဖိတ်ခေါ်ခဲ့ပါသည်။ ထို့အပြင်စိုက်ပျိုးရေး ကဏ္ဍအနေဖြင့်မန္တလေးတိုင်းဒေသကြီး အိန္ဒိယနိုင်ငံသို့ ပဲအများဆုံးတင်ပို့ ရောင်းချသည့် ဒေသဖြစ်ပြီး ယခုထက်ပို၍ ပဲနှင့်အခြားကောက်ပဲသီးနှံများ ပိုမိုတင်ပို့ရောင်းချနိုင်ရန် ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် သံအမတ်ကြီးမှ အိန္ဒိယနိုင်ငံအစိုးရထံသို့တင်ပြပေးနိုင်ပါရန် ဆွေးနွေးခဲ့ပါသည်။

မန္တလေးတိုင်းဒေသကြီးသည်ရက်ကန်းလုပ်ငန်းများ၊ အထည်အလိပ်လုပ်ငန်းထွန်းကားလုပ်ကိုင်ရာဒေသဖြစ်ပြီး ချည်နှင့်ဆက်စပ်ပစ္စည်းများကို အိန္ဒိယနိုင်ငံမှ အများဆုံးမှာယူ တင်သွင်းလျက်ရှိရာ၊ အဆိုပါလုပ်ငန်းများအတွက်လိုအပ်သော နည်းပညာစက်ယန္တယား ကုန်ကြမ်းများအစရှိသည့်တို့အား လွယ်ကူလျင်မြန်စွာ ရရှိနိုင်စေရေးအတွက် အကူအညီများ ရရှိနိုင်ရန်နှင့် သက်ဆိုင်ရာ ညီနောင်အသင်းများဖြစ်ကြသည့် အထည်အလိပ်ယက္ကန်းအသင်းနှင့် ပေါင်းစပ် လုပ်ကိုင်နိုင်ရန်တို့ကိုလည်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပါသည်။




ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရန်ရည်ရွယ်လျက် နိုင်ငံတကာ ကုန်သွယ်မှု ဗဟိုဌာန (International Trade Center - ITC)နှင့် ပူးပေါင်း၍ မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီဥက္ကဋ္ဌ၊ မန္တလေးတိုင်းဝန်ကြီးချုပ်၏လမ်းညွှန်မှုဖြင့် ဗြိတိန်နိုင်ငံ၏ နိုင်ငံတကာဖွံ့ဖြိုးရေးဌာန (UK Department for International Development - DFID)၊ မြန်မာ့ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု စီမံကိန်း (Myanmar Trade and Investment Project - MTIP) ကို ရေးဆွဲအကောင်အထည်ဖော်ရန် အတွက် ဒုတိယအကြိမ် ညှိနှိုင်းဆွေးနွေးပွဲအား (၁၄-၁၀-၂၀၁၉)ရက်နေ့မှ (၁၅-၁၀-၂၀၁၉) ရက်နေ့အထိ Eastern Palace Hotelတွင် ကျင်းပပြုလုပ်ခဲ့ရာ MRCCIဥက္ကဋ္ဌဦးကျော်မင်းနှင့်အထွေထွေအတွင်းရေးမှူး ဦးဥက္ကာကျော်၊ တွဲဖက်အတွင်းရေးမှူး ဦးညွန့်ဝေ (ခ) ဦးချွန်၊ CEC/ECများ အဖွဲ့ဝင်အဖြစ် တက်ရောက်ဆွေးနွေးခဲ့ကြပါသည်။

ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများ တိုးတက်ရန် ရည်ရွယ်လျက် နိုင်ငံတကာ ကုန်သွယ်မှု ဗဟိုဌာန (International Trade Center -ITC) နှင့်ပူးပေါင်း၍ မန္တလေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှု ဥက္ကဋ္ဌ၊ မန္တလေး တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ လမ်းညွှန်မှု ဖြင့် ဗြိတိန်နိုင်ငံတကာ ဖွံ့ဖြိုးရေးဌာန (UK Department for International Development -DFID)၊ မြန်မာ့ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုစီမံကိန်း (Myanmar Trade and Investment Project -MTIP) ကိုရေးဆွဲအကောင်ထည်ဖော်ရန် အတွက် ဒုတိယ အကြိမ်ညှိနှိုင်းဆွေးနွေးပွဲအား၁၄.၁၀.၂၀၁၉ မှ၁၅.၁၀.၂၀၁၉

ရက်နေ့အထိနံနက် ၉း၀၀ နာရီမှညနေ ၄း၃၀နာရီအထိ Eastern Palace Hotel တွင်ကျင်းပပြုလုပ်ခဲ့ရာ ဥက္ကဋ္ဌဦးကျော်မင်းနှင့် ဗဟိုအလုပ်အမှုဆောင်များတက်ရောက်ခဲ့ကြပါသည်။

ရင်းနှီးမြှုပ်နှံမှုဖွံ့ ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းကော်မတီအနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက် ရန်ဆောင်ရွက်ရာတွင် အမျိုးသားစီးပွားရေးဦးတည်ချက်များနှင့်အညီဆောင်ရွက် လျှက်ရှိပြီး နိုင်ငံတကာပြည်တွင်းပြည်ပ အသင်းအဖွဲ့များနှင့် ဆက်သွယ်၍ ပူးပေါင်း ဆောင်ရွက်သွားနိုင်ရေးအတွက် ၂၀၁၉ခုနှစ်အတွင်း MOU လက်မှတ်ရေးထိုးခြင်း (၈) ကြိမ်ရှိခဲ့ပါသည်။







ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းကော်မတီ၏ ရည်ရွယ်ချက်များအား အသေး စိတ်တင်ပြရမည်ဆိုပါက –

"နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများစနစ်တကျဝင်ရောက်လာရေးနှင့် ကမ္ဘာ့ ဈေးကွက်တွင် အောင်မြင်စွာထိုးဖောက်ဝင်ရောက်နိုင်ရေးအချက်တွင် မြန်မာ့ထုတ်ကုန်များဖြစ်သော စားသောက် ကုန်၊ အထည်အလိပ်၊ ကျောက်မျက်ရတနာစသည့်တို့ကို နိုင်ငံခြားကုန်စည်ပြပွဲများတွင် ဝင်ရောက် ပြသနိုင်ရေးအတွက်သွားရောက်ပြသရောင်းချသည့် မန္တလေးတိုင်းမှ လုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်ရန်။

စီးပွားရေးတိုးတက်ဖွံ့ဖြိုးစေရန်လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှုများ၊ သွင်းအားစုများ၊ နည်းပညာများ နှင့် အခြားလိုအပ်ချက်များကို ပြည်တွင်းပြည်ပမှ ရရှိရေးအတွက် စီစဉ်ဆောင်ရွက်ပေးရန် အချက်တွင် မန္တလေးတိုင်းဒေသကြီးအတွင်းမှလုပ်ငန်းရှင်များ မိမိတို့သက်ဆိုင်ရာလုပ်ငန်းများတွင် နည်းပညာ အကူအညီများရရှိရေးအတွက် ဂျာမနီ နိုင်ငံမှ IHKနှင့် ပူးပေါင်းပြီး SES( Senior Service Expert) များ ခေါ်ယူနိုင်ရေးအတွက် MRCCI အသင်းရုံးတွင် ဝန်ဆောင်မှုပေးလျက်ရှိပါသည်။ လက်ရှိတွင် (မြင့်မြင့်ခင်ထိုးမုန့်၊ စိန်နှင့်မြမွေ့ယာ၊ အောင်သမာဓိရွှေဆိုင်နှင့် အခြားသော စက်မှုဇုန်အတွင်းမှ စက်ရုံများခေါ်ယူ၍ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ထိရောက်သောအကူအညီများရရှိနေပါသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့် ပက်သက်၍ အသေးစားနှင့်အလတ်စားဖွံ့ ဖြိုးတိုးတက်ရေး ကော်မတီ၊ နိုင်ငံတကာဆက်ဆံရေးကော်မတီ၊ ဥပဒေဆိုင်ရာလုပ်ငန်းကော်မတီ၊ စီးပွားရေး သုတေ သနနှင့်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့နှင့် ဆက်သွယ် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးရန် အချက်တွင် ပြည်တွင်း SMEများဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတကာမှလုပ်ငန်းရှင်များ လာရောက်ရာတွင် လက်ခံတွေ့ဆုံ ဆွေးနွေးခြင်း၊ MOUလက်မှတ်ရေးထိုးနိုင်ရေးတို့တွင် သက်ဆိုင်ရာ ကဏ္ဍမှ ပါဝင် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

# ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်မှတ်တမ်းများ

ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းကော်မတီ၏ ရည်ရွယ်ချက်မှာ MRCCI အသင်း၏ အကျိုးစီးပွား အတွက် အသုံးစရိတ်များကို စနစ်တကျ သုံးစွဲခြင်းကို သင်းဖွဲ့စည်းမျဉ်း စည်းကမ်းများနှင့်အညီ ဆောင်ရွက်စေရန် အကြံပြုခြင်း၊ ကြပ်မတ်ခြင်းတို့ဖြစ်ပါသည်။ ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- အသင်း၏ ရန်ပုံငွေတိုးပွားစေရေးအတွက် ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ လိုအပ်သလို ဆောင်ရွက်ရန်။
- အသင်းပိုင်ရန်ပုံငွေများကို အသင်း၏ အကျိုးစီးပွားနှင့် သက်ဆိုင်သော လုပ်ငန်းကိစ္စများတွင် သုံးစွဲရန်နှင့်အသုံးစရိတ်များကို စနစ်တကျခြိုးခြံချွေတာ သုံးစွဲရန်။
- ထူးခြားသော ကိစ္စရပ်များနှင့် သီးခြားဆောင်ရွက်သင့်သောကိစ္စများ ပေါ်ပေါက်လာပါက စီမံခန့်ခွဲရေးကော်မတီသို့ အတည်ပြုချက်ရယူဆောင်ရွက်ရန်။

(၃၀ - ၉ - ၂၀၁၉)ရက်နေ့ ဘဏ္ဍာရေးနှစ်အတွင်းရှိ လှူဒါန်းငွေစုစုပေါင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

- မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ လမ်းမီးတိုင် တပ်ဆင်ပြုလုပ်ရန် လှူဒါန်းငွေ — ကျပ်(၅,၀၀၀,၀၀၀)
- မန္တလေးတိုင်းဒေသကြီးအိမ်ခြံမြေကိုယ်စားလှယ်များ ဖွံ့ဖြိုး တိုးတက်ရေးအသင်း၏ ကထိန်လှူဒါန်းငွေ — ကျပ်( ၅၀၀,၀၀၀)
- အသင်းရုံးမှ ရတနာပုံကျောင်းသားသမဂ္ဂအလုပ်အကိုင်ပြပွဲ အတွက် Gold Sponsor ပေးငွေ — ကျပ်( ၈၀၀,၀၀၀)
- အထက်မြန်မာပြည်တရုတ်ကုန်သည်များအသင်း(၃)နှင့်ပြည့် အထိမ်းအမှတ်အတွက် MRCCI အသင်းမှ လှူဒါန်းငွေ — ကျပ်( ၅၀၀,၀၀၀)
- မန္တလာသီရိအားကစားကွင်းတွင် ကျင်းပသည့် မန္တလေးတိုင်း ဒေသကြီး နှစ်သစ်ကူးတရားပွဲ ဗန်းမော်ဆရာတော်အား အသင်းရုံးမှ လှူဒါန်းငွေ — ကျပ်( ၅၀၀,၀၀၀)
- မြန်မာနိုင်ငံရဲသတင်းတပ်ဖွဲ့သို့ အသင်းရုံးမှ လှူဒါန်းငွေ — ကျပ်( ၅၀၀,၀၀၀)
- မဟာမုနိဘုရားကြီးဝင်းနာရီစင်အဝင်လမ်းတရားမဏ္ဍပ်တွင် ကျင်းပသည့် ငြိမ်းချမ်းရေးတရားပွဲတွင် ထာဝရငြိမ်းချမ်းရေး စေတီတော်အတွက် လှူဒါန်းငွေ — ကျပ်(၁,၀၀၀,၀၀၀)
- UMFCCI ဝါဆိုသင်္ကန်းကပ်လှူဒါန်းငွေ — ကျပ်( ၅၀၀,၀၀၀)
- တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးသို့ ရေဘေးသင့်ပြည်သူများ အတွက် ထောက်ပံ့လှူဒါန်းငွေ — ကျပ်(၁၀,၀၀၀,၀၀၀)

စုစုပေါင်းလှူဒါန်းငွေ — ကျပ်(၁၉,၃၀၀,၀၀၀)





MRCCI အသင်းတွင် ရေရှည် ဖွံ့ဖြိုးတိုးတက်ရေးအတွက်ရုံးခန်းဖွင့်လှစ်ပြီးလာရောက်ပူးပေါင်းဆောင်ရွက်နေသော IHK CCI၏ Kalaw Retreatတွင် အကြံပြုဆုံးဖြတ်ချက်အရMRCCIအသင်း၏Logoအသုံးပြုခြင်းများ၊ MRCCI သတင်းဝက်ဆိုဒ်များတွင်ကြော်ငြာပေးခြင်းများအတွက် ဝန်ဆောင်ခရယူရန် သဘောတူညီချက်နှင့်အညီ ယခုဘဏ္ဍာရေးနှစ်အတွင်း ကောက်ခံရရှိငွေ (၁)ခု ရှိခဲ့ပါသည်။ ၎င်းတို့မှာ

- ICBC Bank (Logo) USD 100

(၂၀၁၈ - ၂၀၁၉)ခုနှစ်အတွင်း MRCCIအသင်း၏ဝင်ငွေအရပ်ရပ်မှာ

**Mandalay Region Chamber of Commerce & Industry (MRCCI)**

**Income & Expenditure Accounts for the year ended 30th September, 2019.**

| | | Detail | Amount | |
|---|---|---|---|---|
| | | MMK | MMK | $ |
| 1 | <u>Income</u> | | | |
| | Subscription Fees | | 6,780,000 | |
| | Annual Fees | | 38,920,000 | |
| | Income for New Member Card | | 2,016,000 | |
| 2 | <u>Other Income</u> | | 91,598,300 | |
| | Sales Brooch (MRCCI) | 153,000 | | |
| | Sales Hat (MRCCI) | 99,700 | | |
| | Sales Coat (MRCCI) | 225,000 | | |
| | Sales handbag (MRCCI) | 360,000 | | |
| | Sales CEC/EC uniform | 188,000 | | |
| | Sponsor Income from Monthly Talk | 1,300,000 | | |
| | Donation Income | 3,410,700 | | |
| | Other Income | 451,900 | | |
| | German Office staff salary transfer to Yoma & KBZ | 7,627,500 | | |
| | Honorarium (German IHK Office ) | 5,935,000 | | |

| | | | | |
|---|---|---|---|---|
| | MBA Class Profit Income(MRCCI-UTCC Joint Account) (2017-2018) | | | 127,232.73 |
| | Supporting from Greman IHK Office | 11,390,000 | | |
| | Profit from Mandalay Int'l Trade Fair & Business Fourm 2019 | 60,457,500 | | 16,473.02 |
| 3 | **Classes Income** | | 3,032,500 | |
| | ILO Class Income | 380,500 | | |
| | Retail Management Income | 120,000 | | |
| | Marketing Management Class Income | 510,000 | | |
| | Business for HRM Class Income | 300,000 | | |
| | Marketing For Japan Class Income | 612,000 | | |
| | Start Your Business Class Income | 1,110,000 | | |
| 4 | **Rental Income** | | 24,718,860 | |
| | Hall Rental Income | 21,053,200 | | |
| | Office Rental Income from Brother Concern | 1,079,800 | | |
| | | **Detail** | **Amount** | |
| | | MMK | MMK | $ |
| | Transimitter Rental Income | 486,360 | | |
| | LED Rental Income | 2,099,500 | | |
| 5 | **Bank Interest Income** | | 65,024,709 | |
| | Yoma Bank | 65,024,709 | | |
| | KBZ Bank | | | |
| 6 | **MBA Room Rental Income** | | 22,260,000 | |
| | MRCCI - UTCC Administrations Fees ,Three Room Rent | 22,260,000 | | 14,000.00 |
| | **Total Income** | | **254,350,369** | **157,705.75** |
| | **Expenses** | | | |
| 1 | **Administrative Expenses** | | 89,353,930 | |
| | Staff Salaries | 64,901,400 | | |
| | Overtime Fees | 4,210,100 | | |
| | Entertainment | 4,417,238 | | |
| | Printing & Stationery | 811,650 | | |
| | News & Advertising Expenses | 2,093,700 | | |
| | Office Accessories | 3,372,542 | | |
| | Travelling Expenses | 4,904,800 | | |
| | Staff Bonus | 4,642,500 | | |
| 2 | **Tax, Rate & Duties** | | 11,592,973 | |
| | Electricity Charges | 6,203,215 | | |

| | | | |
|---|---|---|---|
| | Postage & Communication | 4,051,015 | |
| | Insurance (Motor Vehicle) | 441,593 | |
| | Fire Insurance (Office) | 834,300 | |
| | Insurance (LED) | 62,850 | |
| 3 | **Repair & Maintenance** | | 9,334,463 |
| | Repair & Maintenance | 5,128,468 | |
| | Repair & Maintenance For Lift | 1,649,800 | |
| | Repair & Maintenance For Alphard Car | 2,556,195 | |
| 4 | **Rental Expenses** | | 28,050,000 |
| | Zaycho Office Rental Charges | 4,800,000 | |
| | Yadanabon Office Rental Charges | 23,130,000 | |
| | Other Rental Charges | 120,000 | |
| 5 | **General Expenses** | | 70,005,700 |

| | | Detail | Amount | |
|---|---|---|---|---|
| | | MMK | MMK | $ |
| | Fuel & Lubricant | 2,972,200 | | |
| | Gift & Donation | 27,839,550 | | |
| | Member Card Printing | 707,700 | | |
| | Annual Expenses | 15,093,100 | | |
| | Audit Fees | 1,150,000 | | |
| | Office's Recite Prittas Expenses | 702,550 | | |
| | Sponsor Expenses (Yadanarbon University) | 800,000 | | |
| | Monthly Talk Expenses | 2,011,850 | | |
| | UMFCCI Brother Concern Annual Fees | 81,000 | | |
| | 4th The Kathina Robe Offering Ceremony Expenses | 2,559,750 | | |
| | CEC/EC Expenses | 193,400 | | |
| | Brooch Expenses | 108,800 | | |
| | Coat Expenses | 247,500 | | |
| | CEC/EC Profile Book Expenses | 503,800 | | |
| | Handbag Expenses | 621,000 | | |
| | Travelling Expe for Kumin | 2,704,650 | | |
| | 4th Warzo Monk's Robe specially offered Expense | 414,300 | | |
| | Honorarium Expenses for BCP Traning | 1,371,250 | | |
| | Domain & Hosting Service Expenses | 142,800 | | |
| | 2019 Walking Water Festival Expenses | 7,887,600 | | |
| | UMFCCI Centennial Celebration Expenses | 1,852,550 | | |
| | Bank Charges | 40,350 | | 5.00 |
| [illegible] | [illegible] | | [illegible] | |

| | Detail MMK | Amount MMK | $ |
|---|---|---|---|
| 6 **Classes Expenses** | | 1,816,700 | |
| ILO Class Expenses | 303,300 | | |
| Retail Management Expenses | 178,500 | | |
| Marketing Management Class Expenses | 375,000 | | |
| Business For HRM Class Expenses | 175,000 | | |
| Start Your Business Class Expenses | 592,100 | | |
| Marketing For Japan Class Advertising | 192,800 | | |
| 6 **Depreciation** | | 38,610,070 | |
| Furniture | 4,113,410 | | |
| Electrical Equipment | 11,995,973 | | |
| Internet,Phone,Fax and Accessories | 21,499 | | |
| Motor Cycle & Accessories | 130,800 | | |
| Office Equipment | 794,537 | | |
| Yadanabon Super Center Office Renovation | 16,053,851 | | |
| Motor Car (Alphard) | 5,500,000 | | |
| **Total Expenses** | | **248,763,836** | **5** |
| **Excess of Income Over Expenses** | | **5,586,533** | **157,700.75** |

အသင်းရပ်တည်နိုင်ရန် လိုအပ်သောဝင်ငွေကို ရရှိရန်အတွက် လုပ်ငန်းကော်မတီများသို့ ဘဏ္ဍာရေးကော်မတီမှ ပံ့ပိုးကူညီလျက်ရှိပါသည်။ ဘဏ္ဍာရေးဆပ်ကော်မတီအနေဖြင့် သင်းဖွဲ့စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အသင်းဥက္ကဋ္ဌများ၊ ဗဟိုအလုပ်အမှုဆောင်/အလုပ်အမှုဆောင်များနှင့်အတူတကွပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ဘဏ္ဍာရေးဆပ်ကော်မတီမှ အသင်းသူ၊ အသင်းသားများအားလုံးနှင့်သက်ဆိုင်သော ငွေကြေးကဏ္ဍကို ဆောင်ရွက်ရခြင်းကြောင့် တာဝန် ကြီးသည့်အတွက် ကော်မတီအနေဖြင့် အထူးသုံးစွဲရန်လိုအပ်လာသော ငွေကြေးကိစ္စများကို အမှုဆောင်အဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်များ ရယူ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

(၂၀၁၈-၂၀၁၉)ဘဏ္ဍာရေးနှစ်နှင့် (၂၀၁၇-၂၀၁၈)ဘဏ္ဍာရေးနှစ်များအတွက် အသားတင် ဝင်ငွေ နှိုင်းယှဉ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။






# Mandalay Region

# Chamber of Commerce & Industry (MRCCI)

